မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၂၄၀)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၅ ရက်

၂၀၁၄ ခုနှစ်၊ ဇွန် ၂ ရက်၊ တနင်္လာနေ့။

နိုင်ငံတော်သမ္မတဦးသိန်းစိန် အီတလီနိုင်ငံနှစ်ပတ်လည်နေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၂

၂၀၁၄ ခုနှစ် ဇွန် ၂ ရက်တွင် ကျရောက်သော အီတလီသမ္မတနိုင်ငံ တည်ထောင်သည့် နှစ်ပတ်လည်နေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အီတလီသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဂျော်ဂျီယို၊ နာပိုလီတာနိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ *စာမျက်နှာ ၃ ကော်လံ ၅* ✳

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံလုံခြုံရေးတပ်ဖွဲ့ မှားယွင်းမှုဖြစ်စဉ်အား ငြိမ်းချမ်းစွာဖြေရှင်းပြီးစီး

နေပြည်တော် ဇွန် ၁

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်စပ်တွင် RSO သောင်းကျန်းသူအဖွဲ့ ဝင်ရောက်လှုပ်ရှားလျက်ရှိကြောင်း သတင်းရရှိသည့်အတွက် မိမိနယ်မြေခံလုံခြုံရေးတပ်ဖွဲ့များက နယ်မြေရှင်းလင်းရေးဆောင်ရွက်လျက်ရှိရာ မေ ၂၈ ရက် နံနက် ၉ နာရီ ၅ မိနစ်တွင် RSO သောင်းကျန်းသူအဖွဲ့မှဟုယူဆရသော လက်နက်ကိုင်ဆောင်ထားသူ နှစ်ဦးသည် မိမိနိုင်ငံနယ်နိမိတ်အတွင်းသို့ ဝင်ရောက်လာခဲ့သဖြင့် လုံခြုံရေးဆောင်ရွက်နေသော နယ်မြေခံလုံခြုံရေးတပ်ဖွဲ့နှင့် ထိတွေ့မှုဖြစ်ပွားခဲ့ရာ အဝါရောင်ပြောက်ကျား ယူနီဖောင်းဝတ် အလောင်းတစ်လောင်း၊ ၎င်းကိုင်ဆောင်သော သေနတ်တစ်လက်နှင့် ခဲယမ်းအချို့တို့ကို သိမ်းဆည်းရမိခဲ့ကြောင်းသိရသည်။ *စာမျက်နှာ ၅ ကော်လံ ၁* ❁

နှစ်နိုင်ငံနယ်စပ်ဒေသတွင် RSO သောင်းကျန်းသူများ အခြေမခံနိုင်ရေး၊ မလိုလားအပ်သော နယ်စပ်ပြဿနာများ မပေါ်ပေါက်စေရေးတို့အတွက် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်နိုင်ရန် နှစ်နိုင်ငံအလံတင်အစည်းအဝေးကို မကြာမီရက်ပိုင်းအတွင်း ကျင်းပသွားမည်

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံတပ်ဖွဲ့ဝင်များ နယ်စပ်မှတ်တိုင် (၅၂) အနီး မှတ်တမ်းဓာတ်ပုံရိုက်ကြစဉ်။

ဓာတ်ငွေ့နှင့်စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံ (မော်လမြိုင်)မှ ဓာတ်အားများ စတင်ထွက်ရှိ

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းကဝယ်ယူ၍ အစိုးရဈေးနှုန်းအတိုင်းဖြန့်ဖြူးပေးနေ

ဓာတ်အား ၂၃၀ မဂ္ဂါဝပ်အထိ ထုတ်လုပ်နိုင်သည့် မြန်မာ့အလင်းရောင် (IPP) ၏သဘာဝဓာတ်ငွေ့နှင့်စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံ (မော်လမြိုင်)ကို တွေ့ရစဉ်။

သတင်းဆောင်းပါး-ခရမ်းစိုးမြင့်၊ ဓာတ်ပုံ-ကျော်မိုးလွင်

နိုင်ငံတော်၏ လျှပ်စစ်စွမ်းအားလိုအပ်ချက်ကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ပြည်တွင်းပြည်ပနှင့် ဆက်သွယ်ပြီး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ လတ်တလောအစီအမံတစ်ခုဖြစ်သည့် ဓာတ်အား ၂၃၀ မဂ္ဂါဝပ်အထိထုတ်လုပ်ပေးမည့် သဘာဝဓာတ်ငွေ့နှင့်စွန့်ပစ်အပူသုံး ပြည်တွင်းဓာတ်အားပေးစက်ရုံ(မော်လမြိုင်)မှ ထွက်ရှိနေပြီဖြစ်သော လျှပ်စစ်ဓာတ်အားများကို မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း (MEPE) က ဝယ်ယူ၍ အစိုးရဈေးနှုန်းအတိုင်း မော်လမြိုင်မြို့သို့ ၂၄ နာရီ မီးပို့လွှတ်ပေးနေပြီဖြစ်သည်။

တိုင်းရင်းသား ပြည်တွင်းကုမ္ပဏီတစ်ခုဖြစ်သော မြန်မာ့အလင်းရောင် (IPP)ကုမ္ပဏီသည် ဓာတ်အားမဂ္ဂါဝပ် ၂၃၀အထိ ထုတ်လုပ်နိုင်မည့် ဓာတ်ငွေ့နှင့်စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံ *စာမျက်နှာ ၃ ကော်လံ ၅* ❋

ယနေ့ မာတိကာ

ဂန္ဓဝင်ဘောလုံးသမား ပီလီ၏သား ငွေမည်းခဝါချမှုဖြင့် ထောင် ၃၃ နှစ်ကျ — စာ » ၄

အရည်အသွေးမကောင်းသည့် ကွန်ကရစ်ဓာတ်တိုင်များ ရောင်းချသည့် ကုမ္ပဏီများကို နာမည်ပျက်စာရင်းသွင်းမည် — စာ » ၅

မိတ္ထီလာမြို့ ပြည်သာယာ တောင်ပိုင်းမှ လူနေအိမ် စောင်နှင့်ခေါင်းအုံးများ မီးတောက်လောင်မှုဆက်ဖြစ်ပွား — စာ » ၇

ကလောမြို့နယ်အား ထင်းရှူးမြို့တော်အဖြစ် ရေရှည်တည်တံ့စေရေး ကြိုးပမ်းဆောင်ရွက် — စာ » ၈

ပေါင်သန်း ၃၀ ပေးလျှင် ဖာဘရီဂတ်စ်ကိုရောင်းမည် — စာ » ၁၄

ကြော်ငြာအချပ်ပို ရှစ်မျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို ရှစ်မျက်နှာ ပါရှိပါသည်။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

စိတ်ရင်းစေတနာမှန်ကန်မှုသည်အဓိက

မည်သည့်အမှုကိစ္စမဆို စိတ်ရင်းစေတနာမှန်ကန်စွာလုပ်ကိုင်ခြင်းသည် ထိုအလုပ်ကို ကောင်းမွန်စွာဆောင်ရွက်နိုင်ပြီး လုပ်ငန်းအောင်မြင်ပြီးမြောက်စေနိုင်သော အကြောင်းတရားပင် ဖြစ်၏။ စေတနာမှန်၍အလုပ်လည်းမှန်၏။ အလုပ်မှန်၍ လိုသောခရီးရောက်ပေါက်မြောက်အောင်မြင်နိုင်၏။ ထို့ကြောင့် စေတနာသည်အရင်းခံ၊ စေတနာဖြင့်လုပ်လျှင်အလုပ်သည် အောင်မြင်နိုင်၏။

ယခုတလော ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးနှင့်ပတ်သက်ပြီး လူထုအတွင်းပြောဆိုခြင်း၊ ဆွေးနွေးခြင်း၊ အကြံပြုခြင်း၊ ဝေဖန်ခြင်းအစရှိသဖြင့် ပြောဆိုနေမှုများကို ကြားသိနေရပါသည်။ အထူးသဖြင့် အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြင်ဆင်ရေးဆိုင်ရာ ပုဒ်မ ၄၃၆ နှင့် သမ္မတဖြစ်ခွင့်အရည်အချင်းနှင့်ဆိုင်သော ၅၉ (စ)တို့ ဖြစ်ပါသည်။ နိုင်ငံတော်သမ္မတဦးသိန်းစိန်က ယခုလ ရေဒီယိုမိန့်ခွန်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့်စပ်လျဉ်းပြီး ဤသို့ပြောကြားခဲ့ပါသည်။

"ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့် စပ်လျဉ်းပြီး ကျွန်တော့်ရဲ့ သဘောထားရပ်တည်ချက်များကို ထပ်လောင်းပြောကြားလိုပါတယ်။ ပထမအချက်ကတော့ ငြိမ်းချမ်းရေးဖြစ်စဉ်ကို အခြေပြုသည့်တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အတွက် မဖြစ်မနေပြုလုပ်ရမည့် နိုင်ငံရေးဆွေးနွေးပွဲများမှ ပေါ်ပေါက်လာသောသဘောတူညီချက်များအပေါ် မူတည်၍ လိုအပ်သလို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ ဖြည့်စွက်ရေးသားခြင်းများပြုလုပ်သင့်ပါတယ်။ ဒုတိယအချက်အနေနဲ့ ဒီမိုကရေစီ စံနှုန်းများ၊ တန်ဖိုးများပြည့်မီအောင် ကြိုးပမ်းအားထုတ်လုပ်ဆောင်ရာ၌ နိုင်ငံရေးတွင် ပါဝင်ပတ်သက်သူအားလုံး၏အမြော်အမြင်ကြီးမှု၊ ဉာဏ်ပညာကြွယ်ဝမှုနှင့် စိတ်ရင်းစေတနာမှန်ကန်မှုတို့ဖြင့်သာ ပြင်ဆင်သင့်ပါတယ်။ တတိယအချက်အနေနဲ့ မည်သည့်နိုင်ငံသား၊ တိုင်းရင်းသားတစ်ဦးကိုမျှ မြန်မာနိုင်ငံကိုနိုင်ငံရေးအရ ဦးဆောင်နိုင်ခွင့်အား ကန့်သတ်တားမြစ်ထားခြင်းမျိုးမဖြစ်စေလိုသည့် နိုင်ငံရေးစေတနာရှိသလို တစ်ဖက်တွင်လည်း မိမိတို့အမျိုးသားအကျိုးစီးပွားနှင့် နိုင်ငံ၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို မထိပါးစေမည့် သင့်တင့်လျောက်ပတ်သော အကာအကွယ်ပေးနိုင်သည့် အခြေခံများရှိရန်လိုအပ်ကြောင်း ပြောကြားလိုပါတယ်"ဟူ၍ ပြောကြားခဲ့ပါသည်။

မှန်ပါသည်။ ဤအချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအတွက် အရေးကြီးသောအချက်များပင် ဖြစ်ပါသည်။ အသက်ဝင်နေသော ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကို ပိုင်ဆိုင်ဖို့ဆိုလျှင် လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးလိုအပ်ချက်များနှင့် သဟဇာတဖြစ်အောင် အခြေအနေအချိန်အခါအလိုက် ပြင်ဆင်ရမည်ဆိုသော အခြေခံမူကို ဆက်ခံထားရမည်ဖြစ်ပါသည်။ ဤသို့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်အခါ နိုင်ငံတော်နှင့်ပြည်သူတစ်ရပ်လုံးအကျိုးကို မျှော်မှန်းပြီးပါဝင်ပတ်သက်သူအားလုံးက အမြော်အမြင်ကြီးမားမှုနှင့် စိတ်ရင်းစေတနာမှန်ကန်မှုတို့ဖြင့် ဆောင်ရွက်သင့်ပါသည်။ စိတ်ရင်းစေတနာမှန်ကန်စွာဆောင်ရွက်ခြင်းဖြင့်သာ အားလုံးအတွက် အကျိုးရှိပြီး ရည်မှန်းချက်များ အောင်မြင်ပြီးမြောက်စေနိုင်မည် ဖြစ်ပါကြောင်း။ ။

လွယ်ဂျယ်မြို့နယ်ခွဲ၌ ကျောင်းအပ်နှံရေးအခမ်းအနားကျင်းပ

လွယ်ဂျယ် ဇွန် ၁

ကချင်ပြည်နယ် မိုးမောက်မြို့နယ် လွယ်ဂျယ်မြို့နယ်ခွဲတွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို လွယ်ဂျယ်အထက်တန်းကျောင်းခန်းမ၌ မေ ၃၀ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးနော်တောင်က အမှာစကားပြောကြားရာတွင် " ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေး၊ ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး" ဆောင်ပုဒ်ဖြင့် အသက်ငါးနှစ်ပြည့်ပြီးသည့်ကလေးတိုင်း မူလတန်းပညာမှ အလယ်တန်းအထိ အခမဲ့ ပညာသင်ကြားနိုင်ရေးအတွက် နိုင်ငံတော်က စေတနာဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အုပ်ထိန်းသူမိဘများနှင့် ဆရာ၊ ဆရာမများ ပူးပေါင်း၍ ထူးချွန်ထက်မြက်သော ကျောင်းသား၊ ကျောင်းသူများပေါ်ထွက်လာစေရန် ဝိုင်းဝန်းကူညီလုပ်ဆောင်သွားရမှာဖြစ်ကြောင်းနှင့် အခမဲ့ပညာသင်စနစ် ကျင့်သုံးရန်စီစဉ်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အထက်တန်းကျောင်းတွင် လိုအပ်နေသော ကျောင်းသုံးပရိဘောဂများ၊ အားကစားပစ္စည်းများ၊ စာရေးကိရိယာများအတွက် လိုအပ်ချက်များ အသုံးပြုရန် ကျောင်းသားမိဘများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး၊ နယ်မြေခံတပ်ရင်းမှူး၊ ဌာနဆိုင်ရာများစုပေါင်း၍ လှူဒါန်းငွေများကို ကျောင်းအုပ်ဆရာကြီးထံသို့ ပေးအပ်လှူဒါန်းခဲ့ကြသည်။

ရင်ငြိမ်းပန်း(လွယ်ဂျယ်)

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းမြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Madam Gao Yan ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယမန်နေ့က နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးညှိနှိုင်းခန်းမ၌လက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုဝန်ကြီးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့သည် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ကုန်သွယ်မှုများ တစ်နှစ်ထက်တစ်နှစ် တိုးတက်နေမှု ကိစ္စရပ်များ၊ မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန် ဆန်၊ ပြောင်းတင်ပို့မှုတိုးမြှင့်ရေး ကိစ္စရပ်များ၊ နယ်စပ်ဒေသများတွင် တရားမဝင်ကုန်သွယ်မှုများ ပပျောက်စေရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ ကုန်သွယ်မှု တိုးမြှင့်ရေးအတွက် နှစ်နိုင်ငံအကြားပူးတွဲကော်မတီဖွဲ့စည်းရေး ကိစ္စရပ်များ၊ တရုတ်နိုင်ငံသို့ တင်သွင်းသည့်ပစ္စည်းများအား အရည်အသွေးစစ်ဆေးရေးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရေး ကိစ္စရပ်များ၊ ကုန်စည်ပြပွဲများတွင် တက်ကြွစွာ ပါဝင်ပြသရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲအခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နမ့်ယွန်းချောင်းရေိယာကျူးကျော်မှု အရေးယူဆောင်ရွက်ပေးပါရန်

ထင်သာမြင်သာပြုပြင်စရာ

တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက်နှင့် မကာဟိုခမ်းရပ်ကွက်များကို ပိုင်းခြားစီးဆင်းနေသော နမ့်ယွန်းချောင်းသည် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများ၊ မြေနေရာကျူးကျော် ဆောက်လုပ်သူများကြောင့် ချောင်းဧရိယာ တဖြည်းဖြည်းကျဉ်းမြောင်းလာကာ မိုးသည်းထန်စွာရွာသွန်းသည့် အခါတိုင်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လေ့ရှိသည်။ ထိုသို့ရေကြီးသည့်အခါ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ မြို့နယ်သစ်တောဦးစီးဌာန အပါအဝင် ဌာနဆိုင်ရာအဆောက်အအုံများ၊ ရပ်ကွက်တွင်းနေပြည်သူများ၏နေအိမ်များရေလွှမ်းမှုခံရကာ နှစ်စဉ်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ရင်ဆိုင်ရလေ့ရှိပါသည်။သို့အတွက် နမ့်ယွန်းချောင်းရေစီးရေလာကောင်းမွန်ရေးသည် သက်ဆိုင်ရာဌာနများနှင့် ရပ်ကွက်နေပြည်သူများအတွက် တာဝန်ရှိပေသည်။

ပြီးခဲ့သည့် မေ ၁၃ ရက်က အဆိုပါနမ့်ယွန်းချောင်းထိပ်တွင် တည်ဆောက်နေသော ပုဂ္ဂလိကဘဏ်တစ်ခုသည် ချောင်းအတွင်း အကျယ် တစ်ပေခွဲခန့်၊ အရှည်ပေ ၄၀ ခန့် ဧရိယာကို ကွန်ကရစ်လောင်းကာ ချောင်းမြေကို ကျူးကျော်ချဲ့ထွင်ခဲ့ရာ သက်ဆိုင်ရာသို့ အသိပေးသော်လည်း တာဝန်ရှိသူများက မျက်ကွယ်ပြုကာ အရေးယူဆောင်ရွက်ခြင်း မရှိသည့်အတွက် ယခုအခါ ကွန်ကရစ်လောင်းခြင်းလုပ်ငန်းအောင်မြင်ပြီးမြောက်နေပြီဖြစ်ကာ ကွန်ကရစ်လောင်းသည့် ဧရိယာနှင့် ပခုံးသားများ စုစုပေါင်း သုံးပေ အကျယ်ခန့် ချောင်းဧရိယာ နစ်နာဆုံးရှုံးခဲ့ရသည်။

သို့ဖြစ်ပါသောကြောင့် နမ့်ယွန်းချောင်းရေကြီးရေလျှံမှု ဖြစ်လျှင် နစ်နာဆုံးရှုံးရမည့် အများပြည်သူအား မငဲ့ကွက်ဘဲ မိမိအကျိုးကိုသာကြည့်ပြီး ဆောင်ရွက်ခဲ့သူများနှင့် တာဝန်ရှိသူများအား လိုအပ်သလို အရေးယူဆောင်ရွက်ပေးပါရန် တင်ပြလိုက်ရပါသည်။ **မောင်ယဉ်ကျေး**

စာအုပ်စာပေ
လူ့မိတ်ဆွေ

ဆရာအာသာ SUCCESS (မြို့လယ်ကျောင်း:) Language Academy

202046
392048

တက္ကသိုလ်ဝင်တန်းဖြေထားသူများ ကျောင်းပိတ်ရက်မှာ အကျိုးရှိစေဖို့နှင့် အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်

BASIC ENGLISH SPEAKING

1 - 2:30	(Mon – Thurs)	2,18 Jun
2 - 5:00	(Sat + Sun)	14 Jun
10-11:30	(Mon – Thurs)	18 Jun
7:30-10:30	(Sat + Sun)	21 Jun
7:30 - 9	(Mon – Thurs)	30 Jun

FOUR SKILLS ENGLISH

1 - 2:30	(Mon – Thurs)	4,18 Jun
3:30 - 5	(Mon – Thurs)	11,18 Jun
9:30-12:30	(Sat + Sun)	14 Jun
2 - 5:00	(Sat + Sun)	14 Jun
7:30-10:30	(Sat + Sun)	28 Jun
10 - 11:30	(Mon – Thurs)	30 Jun

PRE-INTERMEDIATE

1 - 2:30	(Mon – Thurs)	18 Jun

INTERMEDIATE (ACADEMIC ENGLISH)

1 - 2:30	(Mon – Thurs)	30 Jun

VOCAB ENRICHMENT

7:30 - 9	(Mon – Thurs)	26 May
1 - 2:30	(Mon – Thurs)	18 Jun

BASIC WRITING

2 - 4:00	(Sat + Sun)	24 May

BASIC GRAMMAR

7:30 - 9	(Mon – Thurs)	26 May
3:30 - 5	(Mon – Thurs)	18 Jun

IELTS (Preparation)

7:30-9:30	(Mon – Thurs)	9 Jun
1 - 3:30	(Mon – Thurs)	23 Jun
1 - 4:30	(Sat + Sun)	13 Jul

IELTS (Speaking)

1 - 2:30	(Mon – Thurs)	30 Jun

IELTS (Reading)

7:30-9:30	(Mon – Thurs)	23 Jun

IELTS (Writing)

7:30 - 9	(Mon – Thurs)	26 May

လှည်းတန်းကျောင်းခွဲ

Ph: 01-503472, 09 73001483

English Speaking	3:30 - 5	Mon to Thurs	4 Jun
	6 - 7:30	Mon to Thurs	9 Jun
	7:30 - 9	Mon to Thurs	30 Jun
Four Skills English	7:30 - 9	Mon to Thurs	4,30 Jun
	6 - 7:30	Mon to Thurs	18 Jun
	2 - 5:00	Sat + Sun	21 Jun
Basic Grammar	7:30-9:00	Mon to Thurs	1 July
Pre-Intermediate	2 - 5:00	Sat + Sun	14 Jun

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဦးတင်နိုင်သိန်း ခရိုင်နှင့် မြို့နယ် စည်ပင်သာယာရေးကော်မတီ မြို့နယ်အထောက်အကူပြုကော်မတီများနှင့် တွေ့ဆုံ

ရန်ကုန် ဇွန် ၁

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးစိုးသိန်းနှင့် ဦးတင်နိုင်သိန်းတို့သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ခရိုင်နှင့် မြို့နယ် စည်ပင်သာယာရေးကော်မတီ၊ မြို့နယ် အထောက်အကူပြု ကော်မတီများနှင့် တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့နယ်အထောက်အကူပြုကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီများ ဖွဲ့စည်းပေးခဲ့ပြီးနောက် အတိုင်းအတာတစ်ခုအထိ ခရီးရောက်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ နောင်ဆိုလျှင် ရန်ကုန်ဆိုလျှင်လည်း City Development Plan၊ မြို့နယ်ဆိုလျှင်လည်း Township Development Plan များ ရေးဆွဲလျက်ရှိကြောင်း၊ မြို့နယ်အဆင့်အစည်းအဝေးများတွင် ခေါင်းစဉ်များခွဲပြီး ဦးစားပေးအစီအစဉ်အလိုက် ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ပြည်သူများ၏ အခက်အခဲများ၊ ပြည်သူများ၏ တင်ပြချက်များကိုလည်း ရရှိပြီးဖြစ်သဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် အထောက်အကူပြုကော်မတီများနှင့် ဆက်လက်ညှိနှိုင်းထိတွေ့ ဆောင်ရွက်သွားနိုင်တော့မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဆိပ်ကြီးခနောင်တို နှင့် ဒလမြို့နယ် အထောက်အကူပြုကော်မတီများမှ တာဝန်ရှိသူများက မိမိတို့မြို့နယ်အလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးများက ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ဦးစားပေးကိစ္စများကို လျင်မြန်စွာဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ငွေရေးကြေးရေး လုပ်ထုံးလုပ်နည်းများနှင့် အညီ ပံ့ပိုးပေးသွားမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် အစိုးရအဖွဲ့တစ်ဖွဲ့တည်းလုပ်၍ မရသဖြင့် ရပ်မိရပ်ဖများ၊ စိတ်ပါဝင်စား၍အတွေ့အကြုံရှိသူများပါဝင်သည့် အထောက်အကူပြုအဖွဲ့များ ပါဝင်မှသာလျှင် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

ဧရာဝတီတိုင်းဒေသကြီးရှိ ရေလုပ်ငန်းကျေးရွာများသို့ ဒုတိယဝန်ကြီး ဦးခင်မောင်အေး ကွင်းဆင်း

နေပြည်တော် ဇွန် ၁

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာ ဆပ်ကော်မတီ (Delivery Unit)ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး ဦးခင်မောင်အေးသည် မေ ၂၉ ရက်တွင် ဖျာပုံခရိုင် အမာမြို့နယ်ခွဲ၊ နောက်မီးကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာအုပ်စုအတွင်းရှိ နောက်မီးအရှေ့၊ နောက်မီးအနောက်၊ အလံတိုင်၊ မင်္ဂလာသောင်တန်း၊ ထန်းပင်ကုန်း၊ ဦးပေ၊ တောကျိုး၊ ဗလချိုက်ကျေးရွာများမှ အထောက်အကူပြုကော်မတီများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လုပ်သားပြည်သူများနှင့် တွေ့ဆုံကာ ငါးသယံဇာတထိန်းသိမ်းရေး၊ ပင်လယ်ပြင်သဘာဝဘေးဒဏ် ကာကွယ်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး ကိစ္စများ ဆွေးနွေးကာ တင်ပြချက်များအပေါ် လတ်တလော ဖြေရှင်းဆောင်ရွက်ရမည့်လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေရရှိရေးနှင့် ကျေးလက်မီးလင်းရေးတို့အတွက် နိုင်ငံတော်ထောက်ပံ့ငွေနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေမှ ထောက်ပံ့ငွေများကို ကျေးရွာအထောက်အကူပြုအဖွဲ့များသို့ ပေးအပ်သည်။

မေ ၃၀ ရက်တွင် ဒေါ်ညိမ်းကျေးရွာအုပ်စု၊ ခါးပြတ်ရွာ၊ သရက်ဆိပ်၊ ဗန္ဓာပင်၊ အောင်လှိုင်ကျေးရွာများသို့ ကွင်းဆင်း၍ ပင်လယ်ငါးဖမ်းရေလုပ်သားမိသားစုများနှင့် တွေ့ဆုံပြီး ခါးပြတ်ချောင်း ကျားပိုက်ငါးဖမ်းဆီးမှုအခြေအနေ၊ ခါးပြတ်ချောင်းတံတား တည်ဆောက်ရန်အခြေအနေ၊ အောင်လှိုင်ကျေးရွာ ချောင်းတံတားတည်ဆောက်ပြီးမှုအခြေအနေများနှင့် ကင်းပုစွန် အဝယ်ဒိုင်များ၏ ငါးသယံဇာတထိန်းသိမ်းရေး လုပ်ဆောင်နေမှုများကို စစ်ဆေးသည်။ ထို့နောက် ဒေါ်ညိမ်းကျေးရွာ မုန်တိုင်းကာကွယ်ရေး အဆောက်အအုံ (Cyclone Shelter)၌ ကျေးရွာအုပ်စုအတွင်းရှိ လုပ်သားပြည်သူ ၃၅၀နှင့် တွေ့ဆုံကာ ငါးမဖမ်းရရာသီ၊ ငါးသယံဇာတများ ထိန်းသိမ်းရေးနှင့် မိုးတွင်းကာလ မုန်တိုင်းဒဏ် ကြိုတင်ကာကွယ်ရေးကိစ္စရပ်များ အသေးစိတ်ဆွေးနွေးကာ ကျေးရွာများ၏ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ သောက်သုံးရေရရှိရေးနှင့် မီးလင်းရေးကိစ္စရပ်များအတွက် ဒေါ်ညိမ်း၊ ဆိတ်မ၊ ဘိုးဘကုန်း၊ ခါးပြတ်၊ ပက်ပြဲ၊ အင်းကုန်းကျေးရွာအထောက်အကူပြုကော်မတီများသို့ သွပ်၊ ဘိလပ်မြေ၊ စာသင်ခုံ၊ သောက်ရေကန်တို့ အသုံးပြုနိုင်ရန်အတွက် နိုင်ငံတော်ထောက်ပံ့ငွေမှ ကျခံပံ့ပိုးဆောင်ရွက်ပေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ဖျာပုံဆိပ်ကမ်း၌ ငါးမဖမ်းရရာသီကုန်ဆုံးပြီး ဇွန် ၁ရက်မှစတင်၍ ပင်လယ်ပြင်သို့ ထွက်ခွာမည့် ငါးဖမ်းလှေများကို ငါးဖမ်းလိုင်စင်၊ ငါးဖမ်းကိရိယာ၊ ရေလုပ်သားမှတ်ပုံတင်နှင့်အာမခံ၊ ဆက်သွယ်ရေးကိရိယာ Safety at Sea ဆိုင်ရာ ပစ္စည်းများ တပ်ဆင်ထားရှိမှု အခြေအနေတို့ကို တာဝန်ရှိသူများက စစ်ဆေးနေမှုကို ကြည့်ရှုအားပေးပြီး ရေလုပ်သားများနှင့် တွေ့ဆုံ၍ ပင်လယ်ပြင်သဘာဝဘေးဆိုင်ရာကိစ္စရပ်များ ကြိုတင်ကာကွယ်ရေးအတွက် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘဏ်ဝန်ထမ်းမိသားစုများအား စာရေးကိရိယာများထောက်ပံ့

မန္တလေး ဇွန် ၁

မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်မြသည် မေ ၃၁ ရက်နှင့် ဇွန် ၁ ရက်တို့တွင် မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးသို့ သွားရောက်ကာ ထိုတိုင်းဒေသကြီးများ အတွင်းရှိ မြန်မာ့စီးပွားရေးဘဏ်မှ ဝန်ထမ်းများကို တွေ့ဆုံပြီး ဘဏ်လုပ်ငန်းများ စစ်ဆေးခဲ့သည်။

ဘဏ်ဝန်ထမ်းများနှင့် တွေ့ဆုံရာတွင် နိုင်ငံတော်၏ ဘဏ်လုပ်ငန်းခေတ်မီဖွံ့ဖြိုးရေးနှင့် စွမ်းဆောင်ရည်မြင့်မားရေး ပြုပြင်ပြောင်းလဲမှုများတွင် ပါဝင်ကြိုးပမ်းဆောင်ရွက်ကြရန် တည်ဆဲဘဏ်ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ မိမိတို့တာဝန်များကို ကျေပွန်စွာဆောင်ရွက်ကြရန်၊ လုပ်ငန်းကျွမ်းကျင်မှုနှင့် ယှဉ်ပြိုင်နိုင်စွမ်းမြင့်တင်ကြရန်၊ ဆက်ဆံမှုကောင်းမွန်ရန်နှင့် ရရှိပြီးသော တိုးတက်မှုများကို ဆက်လက်ထိန်းသိမ်းရန် မှာကြားသည်။

ဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်မြ ဦးဆောင်သော မြန်မာ့စီးပွားရေးဘဏ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးရှိ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ဝန်ထမ်း မိခင်လောင်းငါးဦးအတွက် ထောက်ပံ့ငွေများ၊ ဆေးကုသမှုခံယူနေသော ဝန်ထမ်းသုံးဦးအတွက် ထောက်ပံ့ငွေများ၊ ဘဏ်ဝန်ထမ်းမိသားစုများ၏ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသား ကျောင်းသူ ၂၂၅ ဦးအတွက် စာအုပ်နှင့် စာရေးကိရိယာများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

ပြည်တွင်းသတင်း

✳ *ရှေ့ဖုံးမှ*

အလားတူ ၂၀၁၄ ခုနှစ် ဇွန် ၂ ရက်တွင် ကျရောက်သော အီတလီသမ္မတနိုင်ငံ တည်ထောင်သည့် နှစ်ပတ်လည်နေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အီတလီသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မက်တေယို ရမ်ဇီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အီတလီနိုင်ငံနှစ်ပတ်လည်နေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၂

၂၀၁၄ ခုနှစ် ဇွန် ၂ ရက်တွင် ကျရောက်သော အီတလီသမ္မတနိုင်ငံ တည်ထောင်သည့် နှစ်ပတ်လည်နေ့၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အီတလီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စဖယ်ဒရီကာ မော့ဂ်ဟယ်ရီနီထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

❇ *ရှေ့ဖုံးမှ*

(မော်လမြိုင်) တည်ဆောက်ရေးလုပ်ငန်းအား လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း (MEPE) နှင့် ၉-၁-၂၀၁၃ နေ့တွင် နားလည်မှုစာချွန်လွှာ MoU ရေးထိုးခဲ့ပြီး ၉-၉-၂၀၁၃ ရက်နေ့တွင် ထပ်မံ၍ နားလည်မှုစာချွန်လွှာ MOA တို့ကို အသီးသီးလက်မှတ်ရေးထိုး၍ မော်လမြိုင်၌ ဓာတ်အားထုတ်လုပ်ရေးစက်ရုံကို ပထမဆုံးရင်းနှီးလုပ်ကိုင်သော ပြည်တွင်းကုမ္ပဏီဖြစ်လာခဲ့သည်။

ဓာတ်အားထုတ်လုပ်ပေးနေ

စီမံကိန်းလုပ်ငန်းခွင်မှာ မွန်ပြည်နယ် မော်လမြိုင်မြို့ ငန်းတေးရပ်ရှိ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းပိုင်စက်ရုံဟောင်းအတွင်းမှ မြေကို နှစ် ၃၀ ငှားရမ်းစာချုပ်ဖြင့် ငှားရမ်း၍ စက်ရုံတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ လျှပ်စစ်ဓာတ်အားထုတ်စက်အမျိုးအစားမှာ တူရကီနိုင်ငံတွင် လျှပ်စစ်ထုတ်လုပ်နေသော 98-MW (ISO) နှင့် 132MW(ISO) Combined Cycle Power Plant နှစ်ခုကို စင်ကာပူနိုင်ငံရှိ Asiatech Energy Pte Co.,Ltd နှင့် ပထမအဆင့်အတွက် စာချုပ်ချုပ်ဆိုဝယ်ယူခဲ့ပြီး စက်ရုံတည်ဆောက်ကာ ဓာတ်အားထုတ်လုပ်ပေးနေခြင်းဖြစ်သည်။

ထိုသို့ စက်ရုံတည်ဆောက် ဓာတ်အားထုတ်လုပ်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားသို့ စာချုပ်နှင့်ပေးသွင်းရောင်းချခြင်းလုပ်ငန်းကို ဆောင်ရွက်နေသော အလင်းရောင်ကုမ္ပဏီသည် ပထမကနဦး ၄၃ ဒသမ ၈ မဂ္ဂါဝပ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းကို ၂၀၁၄ ခုနှစ် ယခုမေလတွင် စတင်ထုတ်လုပ်ပေးလျက်ရှိနေပြီး ပထမအဆင့်စုစုပေါင်း ၉၈ မဂ္ဂါဝပ်ရှိ လျှပ်စစ်ဓာတ်အားများကိုလည်း ၂၀၁၄ ခုနှစ် အောက်တိုဘာလနှင့် ဒုတိယအဆင့် စုစုပေါင်း ၂၃၀ မဂ္ဂါဝပ် ဓာတ်အားထုတ်လုပ်မှုများကို ၂၀၁၅ ခုနှစ် အောက်တိုဘာလအတွင်း နိုင်ငံတော်အတွက် ဓာတ်အားအပြည့်အဝထုတ်လုပ်ပေးသွားမည်ဟု သိရသည်။

ထိုသို့ ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းကို ကုမ္ပဏီသို့ လွှဲပြောင်းပေးခဲ့ရခြင်းမှာ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ယခင်က မီးပေးနေသည့် မော်လမြိုင် ဓာတ်အားပေးစက်ရုံအဟောင်းမှ စက်များသည် တရုတ်နိုင်ငံဝူဟမ်းကုမ္ပဏီက ထုတ်လုပ်သည့် N6-35, axial-Flow impulse Mutli-Stage Condensing Type-Steam Turbine စက်များဖြစ်ပြီး ၁၉၈၀ ပြည့်နှစ်တွင် တပ်ဆင်ကာ လျှပ်စစ်ဓာတ်အားထုတ်လုပ်၍ မော်လမြိုင်မြို့၊ ကျိုက်မရောမြို့၊ မုဒုံမြို့နှင့် သံဖြူဇရပ်မြို့နယ်များရှိ ပြည်သူများနှင့်နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်စက်ရုံ၊ အလုပ်ရုံ သို့ ဓာတ်အားထုတ်လုပ် ဖြန့်ဖြူးပေးလျက်ရှိသော်လည်း စက်သည် သက်တမ်းအားဖြင့် ၃၃ နှစ်ကျော်သက်တမ်းရှိနေပြီး ယခုအခါ စက်၏ ထုတ်လုပ်နိုင်မှု စွမ်းရည်များကျဆင်းနေကာ ဆက်လက်မောင်းနှင်ဓာတ်အားထုတ်လုပ်ရန် မရတော့သဖြင့် ရပ်ထားရသည်။ စက်များကို ပြင်ဆင်မည်ဆိုပါကလည်း နိုင်ငံခြားအလုပ်ရုံ ကုမ္ပဏီများသို့ ပို့၍ ပြင်ဆင်ရမည်ဖြစ်ပြီး ကုန်ကျစရိတ်မှာ စက်အသစ်တစ်လုံး ဈေးနှင့် တူညီနေသည်ဆို၏။ ထို့အပြင် မော်လမြိုင် ဓာတ်အားပေးစက်ရုံ အဟောင်း၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်၌ တစ်လလျှင် ပျမ်းမျှကျပ်သန်းပေါင်း ၂၃၄ ဒသမ ၉၁၉ သန်း အရှုံးပေါ်လျက်ရှိနေသောကြောင့် စက်ရုံကိုဖျက်သိမ်း၍ ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းအား ကုမ္ပဏီသို့ ပေးခဲ့ခြင်းဖြစ်သည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းသည် ထိုသို့ မြန်မာ့အလင်းရောင် (IPP) ကုမ္ပဏီမှထုတ်လုပ်သော လျှပ်စစ်ဓာတ်အားများကို ဝယ်ယူကာ ဖြန့်ဖြူးလျက်ရှိသော်လည်း ဓာတ်အားခပိုမိုတောင်းခံခြင်းမပြုဘဲ အများပြည်သူများထံမှ ဓာတ်အားခကောက်ခံသည့် နှုန်းအတိုင်း မော်လမြိုင်၌ ကောက်ခံလျက်ရှိပြီး ကျိုက်မရော၊ မုဒုံ၊ သံဖြူဇရပ်နှင့် ကရင်ပြည်နယ်သို့ ဆက်လက်၍စက်ရုံမှ လျှပ်စစ်ဓာတ်အားများ ဝယ်ယူဖြန့်ဖြူးချိန်၌လည်း အများပြည်သူသုံး အစိုးရနှုန်းအတိုင်းသာ မီတာခများ တောင်းခံသွားမည်ဟု သိရသည်။

နိုင်ငံတကာသတင်း

အစ္စရေးထောင်များအတွင်း ပါလက်စတိုင်းအကျဉ်းသားများ ရက် ၄၀ နီးပါးကြာ အစာငတ်ခံဆန္ဒပြ

တဲလ်အဗစ် ဇွန် ၁

အစ္စရေးအကျဉ်းထောင်များ၌ ပါလက်စတိုင်းအကျဉ်းသားအချို့ရက် ၄၀ နီးပါးအစာငတ်ခံဆန္ဒပြခဲ့ပြီးနောက် ရာပေါင်းများစွာသော ပါလက်စတိုင်း အကျဉ်းသားများ အစာငတ်ခံဆန္ဒပြလျက်ရှိကြောင်း ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

အစ္စရေးတို့၏ ဖမ်းဆီးချုပ်နှောင်ရေးမူဝါဒကို မကျေနပ်၍ ကန့်ကွက်သည့်အနေဖြင့် အကျဉ်းသား ၁၅၀၀ ခန့်က အစာငတ်ခံဆန္ဒပြခဲ့ကြကြောင်း ပါလက်စတိုင်းအကျဉ်းသားဆိုင်ရာ ဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါ ပါလက်စတိုင်းဝန်ကြီးဌာနက အစ္စရေးထောင်များအတွင်း ယင်းကဲ့သို့ ဆန္ဒပြမှုကြောင့် အကျဉ်းသား ၁၀၀ ကျော် အသက်ဘေးအန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း သတိပေးပြောကြားလိုက်သည်။

အစာငတ်ခံဆန္ဒပြစဉ်အတွင်း ဒါဇင်နှင့်ချီ၍ အစာငတ်ခံဆန္ဒပြသူများကို ဆေးရုံတင်ခဲ့ရသည်ဟု ဆိုသည်။ သို့သော် အဆိုပါအကျဉ်းသားများက အစ္စရေးတို့၏ ဖမ်းဆီးချုပ်နှောင်ရေးမူဝါဒမပြောင်းမချင်း ဆက်လက်ဆန္ဒပြမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

အစ္စရေးတို့က စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲတင်မှုများ ပြုလုပ်ခြင်းမရှိဘဲ ဖမ်းဆီးအကျဉ်းချနေသည့် မူဝါဒကြောင့် ဧပြီ ၂၄ ရက်မှ စတင်ကာ ပါလက်စတိုင်းအကျဉ်းသား ၁၂၀ ကျော်က အစာငတ်ခံဆန္ဒပြခဲ့ခြင်းဖြစ်သည်။ ပါလက်စတိုင်း တာဝန်ရှိသူများက အာရပ်ခေါင်းဆောင်များအား ယင်းဆိုးရွားသည့်အခြေအနေမှ တားဆီးပေးရန် ဆော်ဩထားသည်။ **ပရက်စ်တီဗွီ**

ဂန္ထဝင်ဘောလုံးသမားပီလီ၏သား ငွေမည်းခဝါချမှုဖြင့် ထောင် ၃၃ နှစ်ကျ

ရီယိုဒီဂျနေးရိုး ဇွန် ၁

ဘရာဇီးဂန္ထဝင်ဘောလုံးသမားကြီး ပီလီ၏သားအား မူးယစ်ဆေးဝါး

မှောင်ခိုရာမှ ရရှိသည့်ငွေမည်းများကို ခဝါချမှုဖြင့် ထောင် ၃၃ နှစ်ချလိုက်သည်။ အီဒင်ဟိုသည် ၁၉၉၀ ပြည့်လွန်နှစ်များက ဆန်တို့စ်ရှိ ပီလီ၏ ကလပ်ဟောင်းအတွက် ဂိုးသမားအဖြစ် ကစားခဲ့ပြီး ဘောလုံးလောကမှ အနားယူခဲ့သူဖြစ်သည်။ ၎င်းသည် ၂၀၀၅ ခုနှစ်တွင် ပထမဆုံးအဖမ်းခံရပြီး မူးယစ်ဆေးဝါးတရားမဝင်ရောင်းဝယ်မှုဖြင့် ထောင်ဒဏ်စီရင်ခံရသည်။

၎င်းက မူးယစ်ဆေးစွဲနေသူဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးရောင်းဝယ်နေသူမဟုတ်ကြောင်း ငြင်းဆိုခဲ့သည်။ သို့သော်လည်း ၎င်းအား ဆော်ပေါလိုပြည်နယ် ပရာယာဂရန်ဒီ ဆိပ်ကမ်းမြို့အနီး တရားရုံး၌ ထောင်ဒဏ်စီရင်ခဲ့ခြင်းဖြစ်သည်။

ဘရာဇီးမီဒီယာများက ၎င်းနှင့် အဆက်အသွယ်မရဟု ဆိုသည်။ ၎င်း၏ နာမည်အစစ်အမှန်မှာ အက်ဆင်ချိုင်ဘီဒိုနက်စီမန်တိုဖြစ်သည်။ သို့သော်လည်း ၎င်းက အဆိုပါအမှုအတွက် အယူခံဝင်သွားမည်ဟု ဆိုသည်။ အသက် ၄၃ နှစ်ရှိ အီဒင်ဟိုသည် ဆန်တို့စ်၌ ဂိုးနည်းပြလုပ်နေသူ ဖြစ်သည်။ **ဘီဘီစီ**

အီရန်ရေနံစိမ်း အာရှလေးနိုင်ငံမှ တိုးမြှင့်တင်သွင်းလျက်ရှိ

တီဟီရန် ဇွန် ၁

အီရန်နိုင်ငံအား အနောက်အုပ်စုက အရေးယူပိတ်ဆို့ထားသော်လည်း အီရန်ရေနံစိမ်းကို အာရှအဓိကလေးနိုင်ငံမှ ဧပြီလအတွင်း တိုးမြှင့်သယ်ယူလျက်ရှိကြောင်း ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

တရုတ်၊ အိန္ဒိယ၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့သည် ရေနံစိမ်းစည်ပေါင်း ၁ဒသမ ၂၂သန်း တင်သွင်းခဲ့ကြောင်း တရားဝင်ထုတ်ပြန်စာရင်းဇယားများတွင် ဖော်ပြသည်။ ယင်းမှာ မတ်လကထက် ၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး နှစ်အလိုက်ဆိုလျှင် နှစ်ဆနီးပါး မြင့်တက်ခဲ့သည်။ တရုတ်နိုင်ငံသည် အီရန်နိုင်ငံ၏ အကြီးဆုံး ရေနံဝယ်နိုင်ငံ ဖြစ်သည်။ ဧပြီလအတွင်း နှစ်ဆကျော်တိုးဝယ်ခဲ့ပြီး စည်ပေါင်းရှစ်သိန်းနီးပါး ဝယ်ယူခဲ့သည်ဟု ဆိုသည်။ ယင်းမှာ ယမန်နှစ်အလားတူကာလနှင့် နှိုင်းစာလျှင် စံချိန်တင်မြင့်တက်ခဲ့သည်။

အိန္ဒိယနိုင်ငံသည် ဧပြီလအတွင်း အီရန်မှရေနံစိမ်းစည် ၂၂၅၀၀၀ နီးပါး တင်သွင်းခဲ့ရာ နှစ်အလိုက် ၉၀ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ တောင်ကိုရီးယားက ထိုစဉ်အတွင်း စည်ပေါင်း ၁၃၅၀၀၀ တင်သွင်းခဲ့ရာ ယမန်နှစ်အလားတူကာလကထက် ၉ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ အီရန်က ဂျပန်သို့ ဧပြီလတွင် စည်ပေါင်း ၅၆၉၃၄ တင်ပို့ခဲ့ရာ တင်ပို့မှုခုနစ်ဆ တိုးလာသည်ဟု ဆိုသည်။ **ပရက်စ်တီဗွီ**

ဂျပန်နှင့်အမေရိကန်တို့၏ ဝေဖန်ပြောဆိုမှုများအပေါ် တရုတ်ဗိုလ်ချုပ်ကြီး လက်မခံနိုင်ကြောင်းပြောကြား

စင်ကာပူ ဇွန် ၁

ဂျပန်ဝန်ကြီးချုပ်နှင့် အမေရိကန်ကာကွယ်ရေးဝန်ကြီးတို့က စင်ကာပူ၌ ကျင်းပသော အာရှလုံခြုံရေးဖိုရမ်၌ တရုတ်နိုင်ငံအား ဆန့်ကျင်လျက်ရန်လိုမှတ်ချက်ပြုပြောဆိုမှုများအပေါ် တရုတ်နိုင်ငံက ရှုတ်ချလိုက်သည်။

"ချတ်ခ်ဟေဂယ်နဲ့ ရှင်ဇိုအာဘေးတို့ရဲ့ ရှန်ဂရီလာဆွေးနွေးပွဲမှာ ပြောဆိုတဲ့မှတ်ချက်တွေကို ကျွန်တော်တို့လက်ခံနိုင်မှာ မဟုတ်ပါဘူး"ဟု တရုတ်ဗိုလ်ချုပ်ကြီး ဝမ်ဂွမ်ကျောင်းက ပြောကြားလိုက်သည်။ တရုတ်နိုင်ငံသည် တောင်တရုတ်ပင်လယ်အတွင်း မငြိမ်မသက်ဖြစ်အောင်လုပ်နေကြောင်း စောစောပိုင်းတွင် မစ္စတာဟေဂယ်က ပြောလိုက်သည်။

ထိုစဉ်အတွင်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးကလည်း အရှေ့တောင်အာရှနိုင်ငံများကို ကြီးမားသော အထောက်အပံ့များ ပေးသွားရန် သန္နိဋ္ဌာန်ချထားကြောင်း ပြောလိုက်သည်။ အဆိုပါ ဖိုရမ်သည် တရုတ်၊ ဗီယက်နမ်နှင့်ဖိလစ်ပိုင်တို့အကြား တင်းမာမှု၊ အရှေ့တရုတ်ပင်လယ်အတွင်း အငြင်းပွားကျွန်းအရေး ဂျပန်-တရုတ်ဆက်ဆံရေး တင်းမာမှုများ ဖြစ်ပေါ်နေချိန် အမေရိကန်နှင့် အရှေ့တောင်အာရှနိုင်ငံများက ပူးပေါင်းကျင်းပခဲ့ခြင်း ဖြစ်သည်။ ဝန်ကြီးချုပ်ရှင်ဇိုအာဘေးနှင့် အမေရိကန်ကာကွယ်ရေးဝန်ကြီးတို့၏ မှတ်ချက်များကို ကြည့်ခြင်းအားဖြင့် တရုတ်ကိုတိုက်ရန် အပြန်အလှန်ပူးပေါင်းဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း မစ္စတာဝမ်က စွပ်စွဲပြောကြားလိုက်သည်။ တရုတ်နိုင်ငံအား ယင်းကဲ့သို့ ဝေဖန်ပြောဆိုခြင်းကို မလိုလားပါကြောင်းဖြင့်လည်း ၎င်းက ပြောသည်။

အဆိုပါဒေသ၏ အငြင်းပွားပိုင်နက်များအရေး ဖြေရှင်းရာတွင် အဓိကအခန်းကဏ္ဍမှ ဆောင်ရွက်ရန် ဂျပန်ဝန်ကြီးချုပ်က ၎င်း၏အမြင်နှင့်ပတ်သက်၍ သောကြာနေ့မိန့်ခွန်းတွင် မှတ်ချက်ပြုပြောဆိုခဲ့သည်။ ပေကျင်း၏ စိုးရိမ်မှုအပေါ် သက်သာစေရန် အိမ်နီးချင်းနိုင်ငံများသို့ ကမ်းရိုးတန်းသွားသင်္ဘောများ ထောက်ပံ့ပေးရန်လည်း ၎င်းက ကမ်းလှမ်းခဲ့သည်။ တရုတ်တာဝန်ရှိသူများက မစ္စတာအာဘေး၏ မှတ်ချက်အပေါ် အချိန်မီလက်တုံ့ပြန်သွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ **ဘီဘီစီ**

အာဏာသိမ်းမှုအပေါ် ဆန့်ကျင်ဆန္ဒပြသူများကို တားဆီးရန် ရဲနှင့်စစ်သားထောင်ချီ၍ ဗန်ကောက်၌ ဖြန့်ကြက်

ဗန်ကောက် ဇွန် ၁

ထိုင်းနိုင်ငံမြို့တော် ဗန်ကောက်ဝန်းကျင်၌ ရဲနှင့် စစ်သားထောင်ပေါင်းများစွာတို့ အာဏာသိမ်းမှုအပေါ် ဆန့်ကျင်ဆန္ဒပြသူများအား တားဆီးကာကွယ်ရန်အတွက် ဖြန့်ကြက်ချထားလိုက်သည်။

ဗန်ကောက်မြို့လယ်အစိတ်အပိုင်း ကားလမ်းကြောင်းနှင့် ဘူတာများကို ပိတ်ထားလိုက်သည်။ တက်ကြွလှုပ်ရှားသူများက လူမှုရေးမီဒီယာအသုံးချပြီး နိုင်ငံတစ်ဝန်းအာဏာသိမ်း ဆန့်ကျင်ဆန္ဒပြရန် ဆော်ဩလျက်ရှိသည်။

ထိုင်းစစ်တပ်က မေ ၂၂ ရက်တွင် အာဏာသိမ်းပြီး ထိပ်တန်းနိုင်ငံရေးသမားများကို ရက်အတန်ကြာ ဖမ်းဆီးထိန်းသိမ်းထားသည်။ ယင်းကဲ့သို့ အာဏာသိမ်းရခြင်းမှာ လအတန်ကြာမငြိမ်မသက်မှုများ အဆုံးသတ်ပြီး တည်ငြိမ်မှုပြန်လည်ရရှိစေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ထိုင်းစစ်တပ်က ပြောသည်။

စစ်အာဏာပိုင်များက လူငါးယောက်ထက် စုရုံးသွားလာခြင်းကို ပိတ်ပင်ထားသော်လည်း ဗန်ကောက်၌ နေ့စဉ်နီးပါး အာဏာသိမ်းဆန့်ကျင်ဆန္ဒပြမှုများ ပြုလုပ်လျက်ရှိသည်။

ဗန်ကောက်မြို့လယ် လူစုလူဝေးများပြုလုပ်လေ့ရှိသည့် ရှော့ပင်းစင်တာများအပါအဝင် မြို့၏ အဓိကအချက်အချာကျရာနေရာများတွင် ရဲနှင့်စစ်သား ၅၇၀၀ ဖြန့်ကြက်ထားကြောင်း ဒုတိယရဲချုပ် ဆမ်ယော့ပွန်းပန်မောင်က ရိုက်တာသို့ ပြောကြားသည်။

"ဒီနေရာတွေဟာ စီးပွားရေးအရ အချက်အချာကျတဲ့နေရာတွေပါ။ ဆန္ဒပြလူအုပ်ကို ဖြိုခွင်းစဉ် ထိခိုက်ပျက်စီးမှုမရှိအောင် ကာကွယ်ပေးရမယ့် တာဝန်ဟာ ကျွန်တော်တို့တာဝန်ပါ"ဟု ၎င်းက ပြောသည်။

အချုပ်အခြာအာဏာကို ထိပါးလာမည့် မည်သည့်လုပ်ရပ်မဆို ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အာဏာသိမ်းခေါင်းဆောင်များက အကြိမ်ကြိမ်သတိပေးလျက်ရှိသည်။

ဗိုလ်ချုပ်ကြီး ပရာရွတ်ချန်အိုချာကလည်း ရွေးကောက်ပွဲများကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြုပြင်ပြောင်းလဲမှုများအတွက် အချိန်ယူရမည်ဖြစ်၍ အချိန်တစ်နှစ်ထက်စောပြီး ကျင်းပနိုင်လိမ့်မည်မဟုတ်ကြောင်း သောကြာနေ့တွင် ကြေညာလိုက်သည်။ ဆန္ဒပြသူများက ရင်လတ်ရှင်နာဝပ်နှင့် အစိုးရကို ဖြုတ်ချရန်ကြိုးစားရာ နိုင်ငံရေးမတည်မငြိမ်ဖြစ်ပြီး ခြောက်လအကြာ စစ်တပ်က အာဏာသိမ်းခဲ့ခြင်းဖြစ်သည်။ **ရိုက်တာ**

အရည်အသွေးမကောင်းသည့် ကွန်ကရစ်ဓာတ်တိုင်များ ရောင်းချသည့်ကုမ္ပဏီများကို နာမည်ပျက်စာရင်းသွင်းမည်ဟုဆို

မန္တလေး ဇွန် ၁

မန္တလေး တိုင်းဒေသကြီးတွင် လျှပ်စစ်ဓာတ်အားသွယ်တန်းသည့် ကွန်ကရစ်ဓာတ်တိုင်တချို့သည် အရည်အသွေးကောင်းမွန်ခြင်းမရှိသည်ကို တွေ့ရှိရ၍ စစ်ဆေးသွားမည့်အပြင် ရောင်းချသည့်ကုမ္ပဏီကို နာမည်ပျက်စာရင်း သွင်းမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာနမှ သိရသည်။

"ကွန်ကရစ်ဓာတ်တိုင်တွေ လဲသွားတာတွေ့လို့ ကြည့်လိုက်တော့ အထဲမှာ သံချည်သံကွေးမပါဘူး။ ဒါဆိုဘယ်လိုခိုင်ခံ့မှာလဲ။ အရည်အသွေးကောင်းမကောင်း စစ်ဆေးဖို့ဆိုတာ အပြင်ကကြည့်လို့ မသိနိုင်ဘူး။ စက်နဲ့စစ်မှရမယ်။ ထုတ်လုပ်တဲ့ကုမ္ပဏီကတော့ သိမှာပါ။ ဈေးသက်သာအောင် ရောင်းကြရင်း အရည်အသွေး ကျဆင်းလာတယ်။ ဒါမျိုးဖြစ်လာရင်ထုတ်လုပ်ရောင်းချတဲ့ ကုမ္ပဏီကို နာမည်ပျက်စာရင်းသွင်းမယ်" ဟု လျှပ်စစ်ဝန်ကြီး ဦးကျော်မြင့်က ပြောသည်။

လက်ရှိအချိန်တွင် ဈေးကွက်စီးပွားရေးစနစ်အရ ကွန်ကရစ်တိုင်များကို မည်သည့်ကုမ္ပဏီက ဝယ်ယူရမည်ဆိုသည့် သတ်မှတ်ချက်ထားရှိခြင်းမရှိဘဲ တိုင်းဒေသကြီး/ခရိုင် လျှပ်စစ်ဌာနများက စစ်ဆေးသွားမည်ဖြစ်ကြောင်း အရည်အသွေးကို အဓိကထား ဝယ်ယူအသုံးပြုသွားကြရန် လမ်းညွှန်ထားကြောင်း၊ အရည်အသွေးမပြည့်သော ပစ္စည်းများ တပ်ဆင်အသုံးပြုပါက စစ်ဆေးရေးအဖွဲ့များနှင့် ပူးပေါင်းအရေးယူမှုများ လုပ်ဆောင်သွားမည်ဟု သိရသည်။

"မန္တလေးမှာ မေ ၁၀ ရက် ညနေပိုင်းက မိုးသည်းထန်ပြီးလေပြင်းတိုက်တော့ မြောက်ပြင် ၁၂ လမ်းနဲ့ ကမ်းနားလမ်းမှာ ကွန်ကရစ်ဓာတ်တိုင် နှစ်တိုင် ကျိုးသွားတယ်။ အဲဒီညပိုင်းကတည်းက စောင်းနေပြီး မနက်ကျတော့ ဝုန်းခနဲလဲသွားတယ်။ ထိခိုက်တာတွေရှိတယ်" ဟု မြို့ခံတစ်ဦးက ပြောသည်။

ကွန်ကရစ်တိုင်များ၏ ခံနိုင်ရည်အား တိုင်းတာသည့်စက်သည် ရန်ကုန်မြို့တွင်သာရှိ၍ စမ်းသပ်စစ်ဆေးမှုများ လုပ်ဆောင်ပေးနေခြင်းဖြစ်ရာ မန္တလေးတိုင်းဒေသကြီးအတွင်းအသုံးပြုမည့် ကွန်ကရစ်တိုင်များကို ရန်ကုန်မြို့တွင် စစ်ဆေးနိုင်ကြောင်း သိရသည်။

"ကျေးရွာမီးလင်းရေးကော်မတီတွေက သူတို့ငွေအားနဲ့လုပ်တဲ့အခါ ဈေးနှုန်းသက်သာတဲ့ ကွန်ကရစ်တိုင်တွေဝယ်ကြတော့ စံချိန်မမီတာတွေ ဖြစ်လာတာပါ။ ဒါမျိုးတွေဖြစ်လာရင် ထုတ်လုပ် ရောင်းချတဲ့ ကုမ္ပဏီမှာ တာဝန်ရှိတယ်။ လျှပ်စစ်အင်ဂျင်နီယာတွေသုံးတဲ့ ဓာတ်ကြိုးနဲ့ပစ္စည်းတွေအပြင် ကွန်ကရစ်တိုင်တွေကိုလည်း စစ်ဆေးတာလုပ်သွားမယ်" ဟု လျှပ်စစ်ဝန်ကြီးက ပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း သစ်သားဓာတ်တိုင်များအစား နိုင်ငံတကာစံချိန်မီ ကွန်ကရစ်ဓာတ်တိုင်များဖြင့် လဲလှယ်စိုက်ထူအသုံးပြုသွားမည်ဖြစ်ပြီး လာမည့်ဘတ်ဂျက်နှစ်တွင် တိုင်းဒေသကြီးအတွင်းရှိ ၂၈ မြို့နယ်တွင် လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရန် ထရန်စဖော်မာများ တပ်ဆင်နိုင်ရေးအတွက် ရန်ပုံငွေ တောင်းခံသွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

ပါမောက္ခဒေါက်တာအောင်ထွန်းသက်၏ "ကျွန်တော်နဲ့ ....." ဆောင်းပါးပေါင်းချုပ်ထွက်ရှိ

နေပြည်တော် ဇွန် ၁

ပါမောက္ခဒေါက်တာအောင်ထွန်းသက်ရေးသားပြီး မြန်မာ့အလင်း သတင်းစာတွင် အပတ်စဉ်ဖော်ပြခဲ့သော ဆောင်းပါး ၃၆ ပုဒ်ကို စုစည်း၍ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက "ကျွန်တော်နဲ့ . . . "အမည်ရှိ ဆောင်းပါးပေါင်းချုပ်စာအုပ်ကို ပထမအကြိမ်အဖြစ်ထုတ်ဝေလိုက်သည်။



စာရေးသူ၏ ဘဝတစ်လျှောက် အတွေ့အကြုံများ၊ လေ့လာခဲ့သည့် အကြောင်းအရာများကို ရိုးရိုးရှင်းရှင်းတင်ပြထားခြင်း၊ တစ်ဖက်သားကို ဝေဖန်ရှုတ်ချမှုမပြုဘဲ အကောင်းမြင်ဖြင့် ကောင်းသည့် အချက်များကို ရွေးချယ်ရေးသားခဲ့ခြင်းစသည်တို့ကြောင့် စာဖတ်ပရိသတ် အမြောက်အမြားက လက်ခံအားပေးဖတ်ရှုခဲ့သော ဆောင်းပါးများကို စုစည်းထားခြင်းဖြစ်သည်။

"မြန်မာနိုင်ငံတော်ကြီးကို အသိတရားပညာနဲ့ တည်ဆောက်ထားတဲ့ လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်စေချင်တယ်။ အထူးသဖြင့်လူငယ်တွေကို စာချစ်တဲ့သူတွေဖြစ်စေချင်ပါတယ်" ဟု စာရေးသူက ၎င်း၏ဆန္ဒကို အမှာစာ၌ ဖော်ပြထားသည်။

၂၀၁၄ခုနှစ် ဇွန်လတွင် ပထမအကြိမ်အဖြစ် အုပ်ရေ ၃၀၀၀ ထုတ်ဝေပြီး တန်ဖိုးမှာငွေကျပ် ၂၅၀၀ ဖြစ်သည်။ **(မြန်မာ့အလင်း)**

❖ ကျောဖုံးမှ

၃၈ သန်းရှိသည်ဟု ဆိုသည်။ Psy ၏ အဆိုပါသီချင်းသည် You Tube ဝက်ဘ်ဆိုက်တွင် အမြဲတမ်းထိပ်ဆုံး ဗီဒီယို ၁၅ ကားတွင် နံပါတ် သုံးနေရာတွင် ကြည့်ရှုသူအများဆုံးရှိနေသည်။

အဆိုပါ တောင်ကိုရီးယားရက်(ပ်) အဆိုတော်သည် ယမန်နှစ်က အမေရိကန်၊ ဥရောပနှင့် အာရှတို့တွင် လှည့်လည်ဖျော်ဖြေခဲ့သည်။ အသက် ၃၆ နှစ်ရှိ K-pop အဆိုတော် Psy သည် ယင်းကဲ့သို့ အောင်မြင်မှုရရှိအောင် ခက်ခဲစွာ ကြိုးစားခဲ့ရသည်ဟု ဆိုသည်။ ယင်းအတွက် တောင်ကိုရီးယားနိုင်ငံ၏ အမြင့်ဆုံး ယဉ်ကျေးမှုအနုပညာ ဂုဏ်ပြုဆုဖြစ်သည့် Okgwan Order Of Cultural Merit ကို ၂၀၁၂ နှစ်တွင် အဆိုတော် Psy အား ပေးအပ်ခဲ့သည်။ ၎င်းသည် တောင်ကိုရီးယားသမ္မတသစ် ပတ်(ခ်) ဂွမ်ဟေးအား ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားတွင်လည်း သီဆိုဖျော်ဖြေခဲ့သည်။ **မောင်နွေသစ်**

❀ ရှေ့ဖုံးမှ

မေ ၂၉ ရက်တွင် ဘင်္ဂလားဒေ့ရှ် စစ်သံရုံး (ရန်ကုန်)မှ အကြောင်းကြားချက်အရ ၎င်းတို့နယ်ခြားစောင့်တပ်ဖွဲ့မှ အဖွဲ့တစ်ဖွဲ့သည် လှည့်ကင်းတာဝန်ထမ်းဆောင်နေစဉ် ၎င်းတို့တပ်ဖွဲ့ဝင်တစ်ဦး ပျောက်ဆုံးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံဘက်မှ ထိန်းသိမ်းထားရှိပါက ပြန်လည်လွှဲပြောင်းပေးစေလိုကြောင်း၊ သေဆုံးပါကလည်း အလောင်းကို ပြန်လည်ပေးအပ်စေလိုကြောင်း ညှိနှိုင်းအကြောင်းကြားလာခဲ့သည်။ မိမိဘက်မှလည်း အဝါရောင်ပြောက်ကျား ယူနီဖောင်းဝတ် အလောင်းတစ်လောင်းကို နယ်စပ်မှတ်တိုင်(၅၂)အနီး၊ မိမိနိုင်ငံနယ်မြေအတွင်းတွင် တွေ့ရှိထားကြောင်းနှင့် ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်အလောင်း မှန်ကန်ပါက ဖြစ်စဉ်ဖြစ်ပွားခဲ့သည့် နယ်စပ်မှတ်တိုင်(၅၂)အနီးတွင် ပြန်လည်လွှဲပြောင်းပေးအပ်မည်ဖြစ်ကြောင်း အကြောင်းပြန်ကြားခဲ့သည်။

မေ ၃၁ ရက် ညနေ ၅ နာရီ ၅ မိနစ်တွင် အမှတ်(၃၁)ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်မှ ဒုတိယတပ်ရင်းမှူး ဗိုလ်မှူးကာရပ်ဖ်ဦးစီးအဖွဲ့ နယ်စပ်မှတ်တိုင်(၅၂)အနီးသို့ ရောက်ရှိလာခဲ့ရာ မိမိလုံခြုံရေးတပ်ဖွဲ့ တာဝန်ရှိသူများက ဖြစ်စဉ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး သေဆုံးသူအလောင်းကို စိစစ်ခဲ့ရာ အမှတ်(၃၁) ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်မှ ၎င်းတို့တပ်ဖွဲ့ဝင်ဖြစ်သည်မှာ မှန်ကန်ကြောင်း၊ တပ်ကြပ်အဆင့်ရှိ မာဇမ်ဆိုသူဖြစ်ကြောင်း၊ ၎င်းသည် နယ်မြေရှင်းလင်းဆောင်ရွက်စဉ် လူစုကွဲပျောက်ဆုံးသွားခဲ့သူဖြစ်ကြောင်း၊ နှစ်နိုင်ငံနယ်နိမိတ်နယ်စပ်ဒေသတွင် လိုက်နာလုပ်ဆောင်ရမည့်အချက်များကို ဆောင်ရွက်ခဲ့ခြင်းမရှိသဖြင့် မြန်မာနိုင်ငံ နယ်နိမိတ်အတွင်းဝင်ရောက်သွားစဉ် လုံခြုံရေးအဖွဲ့များနှင့်ထိတွေ့ပြီး ယခုကဲ့သို့ ဖြစ်စဉ် ဖြစ်ပွားရခြင်းဖြစ်ကြောင်း၊ ယခုဖြစ်စဉ်နှင့်ပတ်သက်၍ ပြဿနာမရှိပါကြောင်း၊ ၎င်းတို့အနေဖြင့် ဘယ်လိုမှစိတ်ထဲမှာ မထားကြောင်း၊ မြန်မာဘက်အနေဖြင့်လည်း စိတ်ထဲတွင် မည်သို့မျှ မထားရန်နှင့် ယခုကဲ့သို့ အပြည့်အဝ ကူညီပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ၎င်းတို့အထက်ဌာနမှလည်း ကျေးဇူးတင်နေပါကြောင်း၊ ၎င်းတို့ဘက်တွင် အခြားပြဿနာများရှိပါက ပြောကြားရန်နှင့် လိုအပ်ပါက ကူညီပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မိမိလုံခြုံရေးတပ်ဖွဲ့တာဝန်ရှိသူကလည်း ဖြစ်စဉ်နေရာကို လိုက်လံပြသခြင်း၊ ဖြစ်စဉ်ဖြစ်ပွားပုံကို ရှင်းလင်းပြောကြားခြင်း၊ နယ်စပ်လုံခြုံရေး ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ စောင့်ထိန်းလိုက်နာရမည့်အချက်များကို အလေးထားဆောင်ရွက်ပေးစေလိုကြောင်း ပြန်လည်ပြောကြားခဲ့ပြီး ရုပ်အလောင်းကို စနစ်တကျလက်မှတ်ရေးထိုး လွှဲပြောင်းပေးအပ်ခဲ့သည်။

ညနေ ၅နာရီခွဲတွင် ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်ဖွဲ့များသည် ရုပ်အလောင်းကို လက်ခံယူပြီးနောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းသို့ ပြန်လည်ထွက်ခွာသွားခဲ့သည်။

အထက်ပါ နယ်စပ်ဒေသတွင် ဖြစ်ပွားခဲ့သည့်ဖြစ်စဉ်နှင့်ပတ်သက်၍ နှစ်နိုင်ငံအကြားဆက်ဆံရေး၊ ယုံကြည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုတို့ကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်နိုင်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသတွင် RSO သောင်းကျန်းသူများ အခြေမခံနိုင်ရေး၊ မလိုလားအပ်သော နယ်စပ်ပြဿနာများ မပေါ်ပေါက်စေရေးတို့အတွက် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်နိုင်ရန် နှစ်နိုင်ငံအလံတင်အစည်းအဝေးကို မကြာမီရက်ပိုင်းအတွင်း ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

မြန်မာ့ရုပ်မြင်သံကြား

၂-၆-၂၀၁၄(တနင်္လာနေ့)

နံနက်ပိုင်း

၆း၀၀	တောင်တန်းသာသနာပြုဆရာတော်ကြီး၏ပရိတ်တရားတော်
၇း၄၀	တူတူညီညီသွားကြမည် တို့ကျောင်းတော်ကြီးဆီ
၈း၃၀	ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၀း၁၅	၂၀၁၄ ကမ္ဘာ့ဖလားမိတ်ဆက် (စပိန်)
၁၂း၂၅	**လောကကြီးမှာ အင်အားအရှိဆုံးအရာ** ရန်အောင်၊ မို့မို့မြင့်အောင် (ဒါရိုက်တာ-ကြီးမြင့်)
၂၀း၀၀	ပြည်တွင်းသတင်း
၂၀း၅၀	ပြည်သူတို့ရဲ့စကားသံများ

ဇွန် ၁ ရက်က မိုးညှင်းခရိုင် မိုးညှင်းမြို့နှင့် ဆယ်မိုင်ဝေးကွာသည့် ဆယ်မိုင်ကျေးရွာနှင့် မော်ဟန်ကျေးရွာအကြား မိုင်တိုင်အမှတ် (၁၇၆/၆)နှင့် (၁၇၆/၇) အကြားတွင် ဦးခိုင်လင်းမောင်းနှင်သော မှန်လုံခြောက်ဘီးကား ယာဉ်အမှတ် MDY3B/---- ယာဉ်တိမ်းမှောက်မှုဖြစ်ပွားစဉ်။

(အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် တစ်ဦးသေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိကြောင်း သိရသည်။)

(ခရိုင်ပြန်/ဆက်)

ကျွန်တော်နဲ့သန်းခေါင်စာရင်း

■ ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

လွန်ခဲ့တဲ့ ဧပြီလရဲ့ တစ်ခုသော နေ့တစ်နေ့က ခြံရှေ့မှာ ခေါင်းလောင်းတီးသံကြားလို့ အိမ်က ကလေးမလေးကို ဘယ်သူလဲလို့ သွားကြည့်ခိုင်းတယ်။ သန်းခေါင်စာရင်းကောက်တဲ့သူတွေလို့ပြောတော့ အံ့သြသွားတယ်။ ကျွန်တော် နားလည်ထားတာက သန်းခေါင်စာရင်း ကောက်မယ်ဆိုရင် ကြိုတင်အသိပေးမယ်လို့ သိထားတာ။ ဒါနဲ့ပဲ အိမ်မှာလည်း ကိုယ်ကရှိနေတာမို့ လာခဲ့ပါလို့ခေါ်ခဲ့တယ်။ စာရင်းကောက်တဲ့ဆရာမတစ်ဦးရယ်၊ ရပ်ကွက်လူကြီးတစ်ဦးရယ်ကို တွေ့ရပါတယ်။ ကျွန်တော် သန်းခေါင်စာရင်းကောက်တာကို သိပ်ပြီးစိတ်ဝင်စားနေမိတာ။ ဂျာနယ်တွေထဲမှာ သန်းခေါင်စာရင်းနဲ့ပတ်သက်ပြီး မျိုးစုံရေးထားကြတာဖတ်ရတယ်။ နိုင်ငံခြားကနေ ဝေဖန်သူတွေကလည်းအပြည့်။ ကိုယ်တိုင်ကိုယ်ကျ ခံစားခဲ့သူတွေရဲ့ အသံတွေကိုလည်း ကြားခဲ့တော့ ကိုယ့်အလှည့်မှာ ဘယ်လိုဖြစ်လာလိမ့်မလဲလို့ ကြိုတင်ပြီးစဉ်းစားနေမိတာ။

ဇနီးကလည်း စိတ်ပူလို့ထင်ပါရဲ့ အိမ်ထောင်စုစာရင်းကို အသင့်ပြင်ထားတယ်။ စာရင်းကောက်ဆရာမက စာရင်းကောက်ပုံစံဖြည့်တဲ့ စာရွက်ကြီးထုတ်ပြီး မေးခွန်းတွေ မေးပါတယ်။ မေးခွန်းတွေက ရိုးရိုးလေးမို့ ဖြေရတာလည်းအခက်အခဲမရှိပါဘူး။ အိမ်မှာရှိတဲ့လူဦးရေအကြောင်းကို ဖြေတဲ့အခါမှာ မွေးရပ်မြို့နာမည်တွေပြောတော့ ဆရာမလေးမှာ ကုတ်နံပါတ်ပါတဲ့စာအုပ်ကို ခဏခဏလှန်ပြီး နံပါတ်တွေဖြည့်ရတယ်။ စိတ်ဝင်စားစရာတစ်ခုက သူက ကျွန်တော်နဲ့ဇနီးပေးတဲ့အဖြေတွေကို သူ့ရဲ့အဖြေလွှာစာရင်းကောက်ပုံစံမှာ ခဲတံနဲ့ဖြည့်တာတွေ့ရတယ်။ ကျွန်တော်က ခဲတံနဲ့အခုလိုဖြည့်တာက ကွန်ပျူတာနဲ့အဖြေတွေ လွယ်လွယ်ဖတ်ရှုနိုင်အောင် လုပ်တယ်ဆိုတာ သဘောပေါက်လိုက်တယ်။

ဒါပေမယ့် ဂျာနယ်တစ်စောင်မှာ ဆောင်းပါးရှင်တစ်ဦးက အခုလို ခဲတံနဲ့မှတ်တာ ရုံးရောက်မှဖျက်ပြီး ကိုယ်လိုတာကို ရေးလို့ရအောင်လုပ်တာဖြစ်လို့ စိတ်ပူနေကြတယ်လို့ ဖော်ပြထားခဲ့တယ်။ ဒီဆောင်းပါးကို ဖတ်လိုက်ရတော့ ကျွန်တော်စိတ်မကောင်းဖြစ်လိုက်တာ။ သံသယစိတ်တွေဝင်ပြီး ယုံကြည်မှုတွေပျောက်ကုန်ပြီ။ အခုလို သံသယစိတ်ဖြစ်တာကို အပြစ်မတင်လိုပါဘူး။ သန်းခေါင်စာရင်းနဲ့ပတ်သက်တဲ့ တီဗွီမှာလာတဲ့ အစီအစဉ်တွေကို ကျွန်တော် သတိထားပြီး ကြည့်ပါတယ်။ ခဲတံဘာကြောင့်သုံးရတာကို ရှင်းပြတာ မကြားခဲ့ရဘူး။ ကျွန်တော်မကြားလိုက်တာလည်း ဖြစ်ပါလိမ့်မယ်။

ဒါပေမယ့် ဒီကိစ္စဟာ အသေးအဖွဲ့ကိစ္စ မဟုတ်ဘူး။ ပြည်သူလူထုကို အသိပေးရမယ့်တာဝန်က နိုင်ငံတော်မှာရှိတယ်။ ဘာကြောင့် ခဲတံသုံးရသလဲဆိုတာကို ရှင်းပြဖို့လိုတာကို သိဖို့ကောင်းတယ်။ အသိပေးစရာမလိုဘူး။ တို့က မဟုတ်တာလုပ်တာမှ မဟုတ်ဘဲဆိုပြီး တွက်လို့မရဘူး။ ပြည်သူတွေ ဖြေချင်အောင်၊ စိတ်ဝင်စားအောင် လုပ်ရမှာက ကိုယ့်တာဝန်။ ကျွန်တော်တို့ အိမ်မှာ စာရင်းကောက်ယူတာ သိပ်မကြာပါဘူး။ မိနစ် ၂၀ လောက်နဲ့ ဖြေရမယ့် မေးခွန်း ၄၁ ခု ပြီးသွားတယ်။ ချောချောမွေ့မွေ့ပါပဲ။ ကိုယ့်အတွေ့အကြုံနဲ့ ဂျာနယ်တွေမှာဖော်ပြနေတဲ့ အတွေ့အကြုံနဲ့ သိပ်ကွာနေတာမို့ ဘာကြောင့် ဒီလိုဖြစ်ပါလိမ့်ဆိုပြီး စဉ်းစားမိတယ်။

ကျွန်တော်ဟာ သန်းခေါင်စာရင်းကို စိတ်ဝင်စားခဲ့တယ်။ ဘွဲ့လွန်ပါရဂူဘွဲ့အတွက် သုတေသနလုပ်တုန်းက အင်္ဂလန်နိုင်ငံမှာရှိတဲ့ ဗြိတိသျှစာကြည့်တိုက်မှာ နေ့တိုင်း သုံးလလောက်သွားပြီး စာရင်းတွေ ပြုစုတဲ့အခါ အခြေခံစာရင်းတစ်ခုက သန်းခေါင်စာရင်းပဲဖြစ်တယ်။

စစ်မဖြစ်မီ ကိုလိုနီခေတ်အတွင်း တစ်ပြည်လုံးအတိုင်းအတာနဲ့ မြန်မာနိုင်ငံမှာ သန်းခေါင်စာရင်းကို ၁၉၀၁ ခုနှစ်က ကောက်ခဲ့တယ်။ သန်းခေါင်စာရင်းလို့ပြောတာထက် လူဦးရေသန်းခေါင်စာရင်းလို့ပြောတာက ပိုပြီးမှန်ကန်မှာဖြစ်တယ်။ အင်္ဂလိပ်လို Population Census ဖြစ်တယ်။ အုပ်ချုပ်တဲ့ အင်္ဂလိပ်တွေဟာ ၁၉၀၁ ခုနှစ်မှာ စတင်ကောက်ယူခဲ့ပြီး ၁၀ နှစ်တစ်ကြိမ် သန်းခေါင်စာရင်းကောက်ခဲ့တယ်။ ဒါကြောင့် စစ်မဖြစ်ခင်ကာလမှာ ၁၉၀၁ ခုနှစ်၊ ၁၉၁၁ ခုနှစ်၊ ၁၉၂၁ ခုနှစ်နဲ့ ၁၉၃၁ ခုနှစ်တွေမှာ လေးကြိမ်တိတိ ကောက်ခံခဲ့တယ်။ ၁၉၄၁ ခုနှစ်မှာ ကောက်ယူမယ့် သန်းခေါင်စာရင်းကတော့ ဒုတိယကမ္ဘာစစ်ဖြစ်ခဲ့တာမို့ မကောက်ဖြစ်ခဲ့ဘူး။

လွတ်လပ်ရေးရပြီးတဲ့အခါ အစိုးရက သန်းခေါင်စာရင်းကို ၁၉၅၃ ခုနှစ်မှာ ပထမဆုံးအကြိမ် ကောက်ခဲ့ပြီး ၁၉၇၃ ခုနှစ်နဲ့ ၁၉၈၃ ခုနှစ်မှာ စစ်ပြီးကာလမှာ လေးကြိမ်တိတိကောက်ခဲ့ပြန်တယ်။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံမှာ သန်းခေါင်စာရင်းကို စစ်မဖြစ်မီလေးကြိမ်နဲ့ စစ်ပြီးကာလမှာ လေးကြိမ် ရှစ်ကြိမ်တိတိ ကောက်ယူခဲ့ပါတယ်။ ၁၉၈၃ ခုနှစ်အပြီး နောက် ၁၀နှစ်အကြာ ၁၉၉၃ ခုနှစ်မှာ နိုင်ငံတော်အစိုးရက အကြောင်းကြောင်းတွေကြောင့် သန်းခေါင်စာရင်းကို မကောက်ခဲ့ပါဘူး။

၁၀ နှစ်တစ်ကြိမ် ပုံမှန်သာ ကောက်ယူခဲ့ရင် ၁၉၉၃ ခုနှစ်၊ ၂၀၀၃ ခုနှစ်နဲ့ ၂၀၁၃ ခုနှစ်တွေမှာ ကောက်ရမှာဖြစ်တယ်။ အစိုးရသစ်လက်ထက် ၂၀၁၄ ခုနှစ်မှာ သန်းခေါင်စာရင်းကို နှစ် ၃၀ ကြာမှကောက်ခဲ့တာမို့ နောက်တစ်ကြိမ်ကို ၁၀ နှစ်အကြာ ၂၀၂၄ ခုနှစ်မှာ ကောက်ယူရမှာဖြစ်ပါတယ်။

သန်းခေါင်စာရင်းကောက်ယူမှုဟာ စီးပွားရေးပညာရပ်တစ်ခုဖြစ်တဲ့ Demography လူဦးရေဗေဒနဲ့ သက်ဆိုင်ပါတယ်။ ဒီဘာသာရပ်ကို အထူးပြုလေ့လာလို့ရပါတယ်။ လူဦးရေဗေဒဟာ အင်မတန်မှ စိတ်ဝင်စားစရာကောင်းတဲ့ဘာသာရပ်တစ်ခုဖြစ်ပြီး တိုင်းပြည်ဖွံ့ဖြိုးမှုအတွက် အင်မတန်အရေးပါလှပါတယ်။ နိုင်ငံတစ်နိုင်ငံမှာရှိတဲ့ လူဦးရေနဲ့ အသက်အပိုင်းအခြားကို သုံးသပ်ပြီး ဒီနိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးမှုကို ခန့်မှန်းနိုင်မှာဖြစ်တယ်။

မြန်မာပြည်မှာ လူဦးရေရဲ့အခြေအနေဟာ လူငယ်ပိုင်းမှာ များတာတွေ့ရတယ်။ အခုလို လူငယ်တွေများတာဟာ နိုင်ငံအတွက် အခွင့်အရေးဖြစ်တယ်။ ဒါကြောင့်လည်း လူဦးရေဗေဒမှာ Demographic Window လူဦးရေနဲ့ ပတ်သက်တဲ့အခွင့်အလမ်းလို့ ပြောကြတယ်။ အလုပ်လုပ်နိုင်တဲ့ လူဦးရေကို အခြေခံပြီး တိုင်းပြည်ရဲ့စီးပွားရေးကို ဦးတည်ရမှာဖြစ်တယ်။ အခုချိန်မှာ ဥရောပနိုင်ငံတွေနဲ့ ဂျပန်နိုင်ငံတွေမှာ အသက်အရွယ်ကြီးရင့်တဲ့သူတွေများတဲ့ ပြဿနာကိုရင်ဆိုင်နေကြရတယ်။ ကျွန်တော်တို့နိုင်ငံမှာတော့ ဒီအခက်အခဲတွေကို နောင်နှစ် ၂၀၊ ၂၅ နှစ်လောက်မှ ကြုံရမှာပါ။

> “၂၀၁၄ ခုနှစ်မှာ နိုင်ငံတော်အစိုးရသစ်အနေနဲ့ သန်းခေါင်စာရင်းကောက်ဖို့ စီစဉ်ဆုံးဖြတ်ခဲ့တာ။ နိုင်ငံအတွက် အလွန်တန်ဖိုးရှိတဲ့ကိစ္စဖြစ်တယ်။ ကျွန်တော်က ၂၀၁၄ သန်းခေါင်စာရင်းရဲ့အဖြေတွေကို မျှော်လင့်တောင့်တနေတယ်။ လွန်ခဲ့တဲ့ နှစ် ၃၀ ကျော်ကတည်းက တိတိကျကျမသိရတဲ့ လူဦးရေစာရင်းကို တိတိကျကျ သိရတော့မယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာရှိတဲ့ လူမျိုးတွေ၊ ဘာသာဝင်တွေ၊ လူဦးရေ အသက်အပိုင်းအခြားတွေ သိရတော့မယ်”

သန်းခေါင်စာရင်းကို ဘာကြောင့်ကောက်ကြသလဲ။ ရိုးရိုးလေးဖြေရရင် ကိုယ့်နိုင်ငံမှာရှိတဲ့ လူဦးရေကို တိတိကျကျ သိချင်လို့ဖြစ်တယ်။ ဒီအချက်က အဓိကအချက်ဖြစ်တယ်။ နိုင်ငံတစ်နိုင်ငံမှာ မှီတင်းနေထိုင်ကြသူ ဘယ်နှဦးရှိတယ်ဆိုတာကို သိဖို့အရေးကြီးတယ်။ မြန်မာပြည်မှာ လူဦးရေ ဘယ်နှယောက်ရှိသလဲဆိုတာ ဘယ်သူမှ အတိအကျမပြောနိုင်ဘူး။ ယေဘုယျအားဖြင့် သန်း ၆၀ ရှိတယ်လို့ ဘယ်လိုသိသလဲ။

တိတိကျကျသိတာက ၁၉၈၃ ခုနှစ်တုန်းက ကောက်ခဲ့တဲ့ ကိန်းဂဏန်း။ ဒီတုန်းက ၃၅ သန်းလောက်ရှိခဲ့တယ်။ ဒီတော့ ၂၀၁၄ မှာ ဘယ်လူဦးရေအရေအတွက်ကို ခန့်မှန်းခြေမျှော်မှန်းချက် Projections တွေကို အသုံးပြုပြီးပြောကြတယ်။ ၁၉၈၃ ခုနှစ် လူဦးရေကို အခြေခံပြီး သေဆုံးတဲ့ဦးရေကိုနုတ်၊ မွေးဖွားတဲ့ ဦးရေကို ပေါင်းပြီးခန့်မှန်းတယ်။ စာဖတ်သူတွေ သိကြတဲ့အတိုင်း သေဆုံးတာကို တိတိကျကျသိဖို့မလွယ်သလို မွေးတာကိုလည်း မွေးစာရင်းတိုင်မှ သိနိုင်မှာ။ တချို့ဒေသတွေမှာ သေဆုံးတာကို မတိုင်ကြားသလို မွေးစာရင်းကိုလည်း စနစ်တကျပြုစုတာမရှိဘူး။ စာရင်းတွေရှိရင် ဒီစာရင်းတွေကို စနစ်တကျ စာရင်းအင်းနည်းပညာနဲ့ ခန့်မှန်းခဲ့တာမဟုတ်ဘူး။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံအတွက် အခြေခံလိုအပ်ချက်က သန်းခေါင်စာရင်းပဲဖြစ်တယ်။

အခုလိုနိုင်ငံတော်အစိုးရက ဆောင်ရွက်တာကို ပြင်ပအဖွဲ့အစည်းတွေ၊ နိုင်ငံတွေရဲ့ဖိအားတွေကြောင့် လုပ်တာ၊ လုပ်စရာမလိုဘဲလုပ်တဲ့ ကိစ္စဖြစ်တယ်၊ စောသေးတယ် စတဲ့ဝေဖန်တာတွေကတော့ မျိုးစုံ။ တစ်ခုတော့ရှိပါတယ်။ သန်းခေါင်စာရင်းဟာ နိုင်ငံရေးနဲ့ပတ်သက်နေတယ်။ ဆက်စပ်နေတယ်။ သန်းခေါင်စာရင်းကောက်ယူမှုကို စောစောကပြောသလို စီးပွားရေး၊ လူမှုရေးရှုထောင့်ကတင်ကြည့်လို့မရဘဲ နိုင်ငံရေးအမြင်က ပိုတယ်။ ကျွန်တော်တို့နိုင်ငံမှာ ပိုပြီးအရေးကြီးတယ်။ ရခိုင်ပြည်နယ်မှာဖြစ်တဲ့ ပြဿနာနဲ့ ပဋိပက္ခဖြစ်နေတဲ့ ဒေသတွေမှာကြုံနေရတာဟာ နိုင်ငံရေးပြဿနာတွေသာဖြစ်တယ်။

စောစောကပြောသလို မြန်မာပြည်မှာ လူဦးရေကို အခု ၂၀၁၄ ခုနှစ်က ကောက်တဲ့သန်းခေါင်စာရင်းက တိတိကျကျ ဖော်ပြနိုင်သလို အသက်အပိုင်းအခြား၊ ပညာရေးအဆင့်အတန်း၊ အလုပ်အကိုင် ဒါတွေကိုလည်း ဖော်ထုတ်သွားနိုင်မှာဖြစ်တယ်။ လူမျိုးနဲ့ကိုးကွယ်တဲ့ဘာသာကိုလည်း တိတိကျကျသိနိုင်မှာဖြစ်တယ်။ ဒါကြောင့်လည်း လူမျိုးရေး၊ ဘာသာရေးကိစ္စတွေကို ရှေ့တန်းတင်သလိုဖြစ်တယ်။ ကျွန်တော်ကတော့ မြန်မာနိုင်ငံမှာ လူမျိုးတွေပေါင်းစုံ၊ ဘာသာ၊ ကိုးကွယ်မှုတွေက အမျိုးမျိုး၊ ဒါတွေဟာ မြတ်နိုးစရာ၊ တန်ဖိုးထားစရာတွေလို့ ယုံကြည်မိတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ ရတနာတွေသာဖြစ်တယ်။ Unity in Diversity မတူညီမှုတွေကိုအခြေခံပြီး ညီညွတ်မှုကို တည်ဆောက်ဖို့ အရေးကြီးပါတယ်။

၂၀၁၄ ခုနှစ်မှာ နိုင်ငံတော်အစိုးရသစ်အနေနဲ့ သန်းခေါင်စာရင်းကောက်ဖို့ စီစဉ်ဆုံးဖြတ်ခဲ့တာ။ နိုင်ငံအတွက် အလွန်တန်ဖိုးရှိတဲ့ ကိစ္စဖြစ်တယ်။ ကျွန်တော်က ၂၀၁၄ သန်းခေါင်စာရင်းရဲ့အဖြေတွေကို မျှော်လင့်တောင့်တနေတယ်။ လွန်ခဲ့တဲ့ နှစ် ၃၀ကျော်ကတည်းက တိတိကျကျမသိရတဲ့ လူဦးရေစာရင်းကို တိတိကျကျသိရတော့မယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာရှိတဲ့ လူမျိုးတွေ၊ ဘာသာဝင်တွေ၊ လူဦးရေ အသက်အပိုင်းအခြားတွေ သိရတော့မယ်။ နေအိမ်တွေမှာ အသုံးပြုနေတဲ့ရေ၊ မီး၊ လျှပ်စစ်၊ မော်တော်ယာဉ်၊ စက်ဘီးပိုင်ဆိုင်မှုတွေသိရတော့မယ်။ ဒီစာရင်းအချက်အလက်တွေဟာ နိုင်ငံဖွံ့ဖြိုးမှုအတွက် အဖိုးမဖြတ်နိုင်တဲ့ ကုန်ကြမ်းတွေသာဖြစ်တယ်။

သန်းခေါင်စာရင်းကရလာတဲ့ တွေ့ရှိချက်တွေကို ပွင့်လင်းမြင်သာစွာနဲ့ ပြည်သူပြည်သားတွေကို အသိပေးလိမ့်မယ်လို့ ယုံကြည်တယ်။ ဒီသန်းခေါင်စာရင်းရဲ့တွေ့ရှိချက်တွေဟာ နိုင်ငံတော် အစိုးရဌာနတွေအတွက်သာမက ပုဂ္ဂလိက ကဏ္ဍအတွက်ရော၊ အရပ်ဘက် လူ့အဖွဲ့အစည်းတွေအတွက်ပါ အလွန်တန်ဖိုးရှိတဲ့ သတင်းအချက်အလက်တွေဖြစ်တယ်။ တိကျတဲ့စာရင်းအချက်အလက်တွေကိုအခြေခံပြီး နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိကကဏ္ဍနဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းတွေက လိုအပ်တဲ့ အစီအစဉ်တွေကို ရေးဆွဲထုတ်ဖော်သွားနိုင်မှာဖြစ်တယ်။

ကျွန်တော့်ဆန္ဒကတော့ အခုတစ်ကြိမ် ၂၀၁၄ခုနှစ်မှာ သန်းခေါင်စာရင်းကောက်ခံနိုင်သလို ၁၀ နှစ်တစ်ကြိမ် သန်းခေါင်စာရင်းကောက်ယူနိုင်ပါစေလို့ ဆုတောင်းမိပါတယ်။ ။

မကွေးတိုင်းဒေသကြီးတွင် လမ်းတံတားများအတွက် ကတ္တရာတန် ၁၂၀၀၀ ကျော် ဝယ်ယူမည်

မကွေး ဇွန် ၁

ကျေးလက်ဒေသနှင့် မြို့ပြများပါမကျန် လမ်းတံတားများ ဆက်သွယ်သွားလာမှုကောင်းမွန်စေရန် ဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တိုင်းဒေသကြီးအတွင်းရှိ လမ်းတံတားများအတွက်ကတ္တရာများကို ယခင်နှစ်ကထက် ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပိုမိုဝယ်ယူလျက်ရှိမည်ဖြစ်ကြောင်း သိရသည်။

မေ ၃၀ ရက် မွန်းလွဲ ၂ နာရီခန့်က မကွေးတိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးကြီးရုံး၌ ပြုလုပ်သည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် ပထမအကြိမ် ကတ္တရာတန် ၆၀၀၀ ဝယ်ယူနိုင်ရေး အိတ်ဖွင့်တင်ဒါဖြင့် ဝယ်ယူခြင်းအခမ်းအနားသို့ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းဖေ တက်ရောက်အမှာစကား ပြောကြားသည်။ ယင်းနောက် တင်ဒါစိစစ်ရေးအဖွဲ့များ၏ ရှေ့မှောက်တွင် ကုမ္ပဏီငါးခုမှ တင်ဒါများအား စိစစ်ရွေးချယ်ရာ ကုမ္ပဏီသုံးခုကို ရွေးချယ်ခဲ့သည်။

မကွေးတိုင်းဒေသကြီးအတွင်း လမ်းတံတားများအတွက် ကတ္တရာတန်ချိန် ၁၂၀၀၀ ကျော် ဝယ်ယူသွားမည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ခင်မာလာ(မကွေး)

လယ်ဝေးမြို့တွင် ကျောင်းအဆင့်တိုးမြှင့်

လယ်ဝေး ဇွန် ၁

နေပြည်တော် ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် စံဝါအောင်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း (ခွဲ)မှ အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ခြင်းအခမ်းအနားကို မေ ၃၀ ရက် နံနက် ၉ နာရီက ကျင်းပသည်။ အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေ၊ နေပြည်တော်ကောင်စီနယ်မြေ ပညာရေးတာဝန်ခံ ဦးဖုန်းဇော်ဟန်၊ နေပြည်တော် ပညာရေးညွှန်ကြားရေးမှူး ဦးမြင့်ဇော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှရှောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် စံဝါအောင်း အလယ်တန်းကျောင်း ဆိုင်းဘုတ်ကို နေပြည်တော်ကောင်စီဝင် လယ်ဝေးမြို့နယ် တာဝန်ခံဦးမြင့်ဆွေ၊ နေပြည်တော်ကောင်စီနယ်မြေ ပညာရေးတာဝန်ခံ ဦးဖုန်းဇော်ဟန်၊ နေပြည်တော် ပညာရေးညွှန်ကြားရေးမှူး ဦးမြင့်ဇော်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးခင်မောင်ထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။ **(အပေါ်ပုံ)**

ထို့နောက် နေပြည်တော် ကောင်စီဝင် ဦးမြင့်ဆွေက အမှာစကားပြောကြားပြီး နေပြည်တော် ကောင်စီနယ် ပညာရေးတာဝန်ခံ ဦးဖုန်းဇော်ဟန်က နိုင်ငံတော်မှ ပံ့ပိုးသော ပုံနှိပ်စာအုပ်နှင့် ဗလာစာအုပ်များကို တာဝန်ခံကျောင်းအုပ်ဆရာမကြီး ဒေါ်တင်မိုးမိုးခိုင်ထံသို့ ပေးအပ်ခဲ့ပြီး ကျောင်းအကျိုးတော်ဆောင် ဦးမောင်မောင်နီက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ပြည်တွင်းသတင်း

ပြည်တွင်းလက်ဝှေ့ကျော် စိန်ခေါ်ပွဲကြီးကျင်းပ

ဆီးဂိမ်းရွှေတံဆိပ်ဆုရှင် တူးတူး လက်ဝှေ့သမ္ဘာရင့် စိုးလင်းဦးကို အသာစီးထိုးသတ်နိုင်ခဲ့

သတင်းမြင်ကွင်း – မင်းခေတ်
ဓာတ်ပုံ – မင်းထက်

ရန်ကုန် ဇွန် ၁

မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်မှ စီစဉ်ကျင်းပသည့် ပြည်တွင်းလက်ဝှေ့စိန်ခေါ်ပွဲကြီးကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ သိမ်ဖြူအားကစားရုံ၌ ကျင်းပခဲ့ရာ (၂၇) ကြိမ်မြောက် ဆီးဂိမ်းရွှေတံဆိပ်ဆုရှင် တူးတူးက ပြည်တွင်းလက်ဝှေ့ကျော် သမ္ဘာရင့် စိုးလင်းဦးကို အသာစီးဖြင့် ယှဉ်ပြိုင်ထိုးသတ်နိုင်ခဲ့သည်။

ယနေ့ကျင်းပသည့် လက်ဝှေ့စိန်ခေါ်ပွဲကြီးတွင် သုံးချီပွဲ လေးပွဲ၊ လေးချီပွဲ နှစ်ပွဲနှင့် ငါးချီပွဲ ခုနစ်ပွဲအပါအဝင် ပွဲစဉ်ပေါင်း ၁၃ ပွဲ ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသည်။ လက်ဝှေ့ဝါသနာရှင်များ အထူးစိတ်ဝင်စားခဲ့သည့် ငါးချီစိန်ခေါ်ပွဲကြီးဖြစ်သည့် ရွှေခါးပတ်ချန်ပီယံ/ ထပ်ဆင့်ဒင်္ဂါးရွှေအောင်လံဆုရှင် စိုးလင်းဦး(ရွှေဖူး)နှင့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းရွှေတံဆိပ်ဆုရှင်/ ဒင်္ဂါးရွှေအောင်လံဆုရှင် တူးတူး (နဂါးမာန်)တို့၏ စိန်ခေါ်ယှဉ်ပြိုင်ထိုးသတ်သည့်ပွဲတွင် စိုးလင်းဦးက ဝါရင့်သမ္ဘာရင့်ပြီး အတွေ့အကြုံရှိရှိဖြင့် ယှဉ်ပြိုင်ထိုးသတ်နိုင်ခဲ့မှုကြောင့် တူးတူး(နဂါးမာန်) သရေဖြင့် ကျေနပ်ခဲ့ရသည်။ တူးတူးသည် လက်ဝှေ့ပညာအရာ၌ မိမိထက်စောစီးစွာ ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့် စိုးလင်းဦးကို နဂါးမာန်ဆိုသည့်အတိုင်း ပင့်လက်သီး၊ ဝိုက်လက်သီးနှင့် ဖြောင့်လက်သီးတွဲလုံးများအပြင် ပြင်းထန်လှသည့် ခြေကန်ချက်များဖြင့် မျိုးစုံအသုံးပြု ယှဉ်ပြိုင်ထိုးသတ်ခဲ့သော်လည်း လက်ဝှေ့လောက၌ သမ္ဘာရင့်သည့် စိုးလင်းဦးသည် အသည်းမာလှသည့် လက်ဝှေ့သမားပီပီ သူတင်ကိုယ်တင် ယှဉ်ပြိုင်ပွဲ၌ မမှုသည့်ဟန်ဖြင့် ကာထိုး၊ ပိတ်ထိုးခြင်းမပြုဘဲ အပြိုင်ဖွင့်ထိုးခဲ့၍ လက်ဝှေ့ပွဲကြည့်ဝါသနာရှင်များ ပြည်တွင်းပွဲကြီးပွဲကောင်းတစ်ပွဲကို ကြည့်ရှုခွင့်ရရှိခဲ့သော်လည်း အဆိုပါပွဲတွင် သရေဖြင့်ကျေနပ်ခဲ့ကြရသည်။

ထို့နောက် MMA ခါးပတ်ချန်ပီယံ ဖိုးသားကြီး (မန္တလေး)နှင့် စင်ကာပူပြန် တနင်္သာရီတိုင်း လက်ရွေးစင် ရဲရင့်အောင်(နဂါးမာန်)တို့၏ ငါးချီစိန်ခေါ်ပွဲကြီးတွင် ကိုယ်လုံးကိုယ်ထည် တောင့်တင်းခိုင်မာပြီး ချုပ်ဒူးဖြင့် ပွဲသိမ်းလေ့ရှိသည့် ဖိုးသားကြီးသည် စင်ကာပူပြန် လက်ဝှေ့ကျော် ရဲရင့်အောင်(နဂါးမာန်)ကို ဘယ်လိုမှ မချုပ်မထိန်းနိုင်ဘဲ တစ်ဖက်မှချုပ်ထိန်းမှုကို အကြိမ်ကြိမ် ပြန်လည်ရုန်းထွက်ယှဉ်ပြိုင်ထိုးသတ်ခဲ့ရသည်။ ဖိုးသားကြီးသည် သန်မြန်လှသည့် လက်သီးတွဲလုံးများကိုသုံးပြီး ဖွင့်၍ ယှဉ်ပြိုင်ထိုးသတ်ခဲ့သော်လည်း အရပ်အမောင်းမြင့်သည့် ရဲရင့်အောင်(နဂါးမာန်)က ဖိုးသားကြီး သက်လုံပြန် အကျကိုစောင့်၍ အတင်းဝင်အတင်းထွက်ဖြင့် သူတင်ကိုယ်တင် ယှဉ်ပြိုင်ထိုးသတ်သည့်မြင်ကွင်းက သည်းထိတ်ရင်ဖိုရှိလှပြီး လာရောက်ကြည့်ရှုသည့် လက်ဝှေ့ဝါသနာရှင်များ လက်ဝှေ့ရုံတစ်ခုလုံးညံအောင် လက်ခုပ်သံများ တဖြောင်းဖြောင်းဖြင့် ရှုမဆုံးဖြစ်ခဲ့ရသည်။ ယင်းနောက် (၂၇)ကြိမ်မြောက် ဆီးဂိမ်းရွှေတံဆိပ်ဆုရှင် စောဒါးပို့(ခ) မိုက်ရိုင်း(ရွှေဖူး)နှင့်အားမာန် (T&T)တို့၏ ငါးချီစိန်ခေါ်ပွဲတွင် ဒုတိယအချီ ၁ မိနစ် ၂၅ စက္ကန့်မှာပင် အားမာန် (T&T) ဘယ်ချိုစောင်းကွဲ၍ ဒိုင်ဆေးရပ်ဖြင့် အရှုံးပေးခဲ့ရသည်။ ဆက်လက်ယှဉ်ပြိုင်ထိုးသတ်သည့် ငါးချီစိန်ခေါ်ပွဲများတွင် ကညောဖိုး(ရွှေကုက္ကို)နှင့် ရှမ်းလေး(ဝါဆို)၊ စောရွှေကျော်(ရွှေဖူး)နှင့် ရွှေခါးပတ်ချန်ပီယံ စောသဲမင်း (ပွင့်ဖြူဒိန်ချဉ်)၊ ဝမ်းစတား(ရွှေဖူး)နှင့် နေရူဘီ (T&T)၊ ဖိုးလပြည့်(ရွှေဖူး)နှင့် အောင်နိုင်ထူး (ရွှေကုက္ကို)တို့ ယှဉ်ပြိုင်ထိုးသတ်သည့်ပွဲများတွင် အနိုင်အရှုံးမပေါ်ခဲ့ပေ။

"ဒီနေ့ကြည့်ရတာ တန်ပါတယ်။ အခါတိုင်းလို လုပ်ပွဲ မပါသလိုပဲ။ ပြည်တွင်း အရင်လုပ်တဲ့ပွဲတွေတုန်းကဆို လက်ဝှေ့သမားတွေ တစ်ဦးနဲ့တစ်ဦးညှိထားပြီး ထိုးနေကြသလိုပဲ။ ဒီနေ့တော့ သူတင်ကိုယ်တင် အပြန်အလှန် ယှဉ်ပြိုင်ထိုးသတ်တဲ့ ပွဲတွေများပါတယ်။ အခုလို ပွဲတွေများလာမှ ပိုက်ဆံပေးပြီးလာကြည့်တဲ့ လက်ဝှေ့ဝါသနာရှင် ပြည်သူတွေကြည့်ရတာ တန်မှာပါ။ ဘာကြောင့်လဲဆိုတော့ လက်ဝှေ့ပွဲတစ်ပွဲကြည့်ရတာ ထောင်သောင်းချီကုန်တယ်လေ။ တော်ရုံဝါသနာမျိုးနဲ့တော့ မကြည့်နိုင်ကြဘူး။ အထူးသဖြင့် ဒီနေ့ယှဉ်ပြိုင်ထိုးသတ်သွားတဲ့ တူးတူးနဲ့ စိုးလင်းဦးပွဲဆိုရင် သူတင်ကိုယ်တင်ရှိပြီး တော်တော်လေးကို ကြည့်လို့ကောင်းပါတယ်" ဟု လာရောက်ကြည့်ရှုသည့် လက်ဝှေ့ဝါသနာရှင်တစ်ဦးက ဆိုသည်။

ယနေ့ ယှဉ်ပြိုင်ထိုးသတ်သည့် လေးချီစိန်ခေါ်ပွဲ နှစ်ပွဲတွင် ပူည(ရွှေဖူး)က ဇင်ကိုဦး(ဝါဆို)ကို ဒုတိယအချီ ၁ မိနစ် ၃၅ စက္ကန့်တွင် အလဲထိုးဖြင့် အနိုင်ယူခဲ့ပြီး စောဖြိုးဝေ(အဖြူရောင်သွေးသစ်)နှင့် မိုက်မိုက် (T&T) တို့ပွဲတွင် တစ်ဦးနှင့်တစ်ဦး အနိုင်အရှုံးမပေါ်ခဲ့ပေ။ သုံးချီမျိုးဆက်သစ်ကြားပွဲများတွင် (ငှက်အော်စမ်း) လက်ဝှေ့ကလပ်မှ တက်သစ်စ လက်ဝှေ့လူငယ် လေးဦးနှင့် (ရွှေတောင်)လက်ဝှေ့ကလပ်မှ လက်ဝှေ့လူငယ်လေးဦးတို့ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ (ငှက်အော်စမ်း) မျိုးဆက်သစ် လက်ဝှေ့ကလပ်က လေးဦးစလုံး (ရွှေတောင်)ကလပ်မှ လေးဦးစလုံးကို အလဲထိုးဖြင့်အနိုင်ရရှိခဲ့၍ (ငှက်အော်စမ်း) လက်ဝှေ့ကလပ်အသင်းအား လက်ဝှေ့ဝါသနာရှင်များနှင့် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်က ချီးကျူးထောမနာပြုဆုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ပြည်တွင်းလက်ဝှေ့စိန်ခေါ်ပွဲကြီးကို ရန်ကုန်မြို့ သိမ်ဖြူအားကစားရုံ၌ ကျင်းပစဉ်။

မိတ္ထီလာမြို့ ပြည်သာယာတောင်ပိုင်းမှ လူနေအိမ်တွင် စောင်နှင့်ခေါင်းအုံးများ မီးတောက်လောင်မှုဆက်ဖြစ်ပွား

မိတ္ထီလာ ဇွန် ၁

မိတ္ထီလာမြို့ ပြည်သာယာ တောင်ပိုင်းရပ်ကွက် ၃ လမ်းနှင့် ယင်းမာလမ်းသွယ်ထောင့် အမှတ်-၁၅၇ လူနေတိုက်အိမ်တစ်လုံးတွင် မေ ၃၀ ရက် နံနက်ပိုင်းမှစတင်၍ စောင်နှင့်ခေါင်းအုံးများ အလိုအလျောက် မီးတောက်လောင်မှု အကြိမ်ကြိမ်ဖြစ်ပွားခဲ့ရာ ဇွန် ၁ ရက်အထိ တတိယမြောက်အဖြစ် မီးတောက်လောင်မှုဖြစ်ပွားရာ ဒေသခံရပ်ကွက်နေ ပြည်သူများနှင့် မြို့ပေါ်ရပ်ကွက် ဒေသခံများက စိတ်ဝင်တစား လာရောက်ကြည့်ရှုလျက်ရှိကြောင်း သိရသည်။ **(ဝဲပုံ)**

"မေ ၃၀ ရက်က တစ်နေ့တည်း ရှစ်ကြိမ် လောင်တယ်။ မေ ၃၁ ရက် နံနက်ပိုင်း သုံးကြိမ်၊ မွန်းလွဲ ၁ နာရီခွဲမှာ တစ်ကြိမ်လောင်တယ်။ ညပိုင်းတော့ မလောင်တော့ဘူး။ ဒီနေ့ ညနေ ၃ နာရီခွဲက တစ်ကြိမ်လောင်တယ်လို့ သိရတယ်။ ကျွန်တော်လည်း စိတ်ဝင်စားလို့ လာကြည့်တာ။ အိမ်ထဲမှာ မီးသတ်တပ်ဖွဲ့ဝင်တွေရော ပရိတ်ရွတ်တဲ့ဘုန်းကြီးတွေရော တွေ့ရတယ်။ "ထူးထူးခြားခြားဖြစ်တယ်ဆိုပြီး လူတွေက နေ့တိုင်းလာကြည့်တာမို့ အဲဒီအိမ်အပြင်ဘက်မှာ စိတ်ဝင်တစားကြည့်ရှုသူတွေ စည်ကားနေတယ်ဗျ" ဟု ပြည်သာယာ မြောက်ပိုင်းရပ်ကွက်မှ လာရောက်ကြည့်ရှုသူ လူငယ်တစ်ဦးက ပြောကြားသည်။

အလိုအလျောက် မီးတောက်လောင်မှုဖြစ်ပွားသည်မှာ စောင်နှင့်ခေါင်းအုံးများဖြစ်ပြီး မီးတောက်လောင်မှုဖြစ်သည့် အချိန်တွင် အနီးရှိလူများက ရေဖြင့်ဝိုင်းဝန်းဖျန်းပက်ပေးလျှင် တောက်လောင်သည့်မီးမှာ ငြိမ်းသွားသည်။ ထို့ကြောင့် မီးလောင်ရသည့်အကြောင်းအရင်းကို အိမ်ရှင်များနှင့် လာရောက်ကြည့်ရှုသူများ၊ သက်ဆိုင်ရာတာဝန်ရှိသူများက စိတ်ဝင်တစားသိရှိလိုနေကြကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

ထိုင်းနိုင်ငံအနှံ့ အင်တာနက်လူမှုကွန်ရက်စာမျက်နှာ အဆင်ပြေစွာ ပြန်လည်သုံးစွဲလျက်ရှိဟုဆို

မဟာချိုင် ဇွန် ၁

ထိုင်းနိုင်ငံအတွင်း နေရာအနှံ့အသုံးပြုနေကြသော အင်တာနက် လူမှုကွန်ရက်စာမျက်နှာကို ပြီးခဲ့သော မေ ၂၈ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီ ၁၅ မိနစ်က နိုင်ငံရေးအခြေအနေအရ သက်ဆိုင်ရာက ထိန်းချုပ်လိုက်သော်လည်း ယခုအခါ အဆင်ပြေစွာ ပြန်လည်သုံးစွဲလျက်ရှိနေကြောင်းဖြင့် ထိုင်းနိုင်ငံရောက်မြန်မာများ၏ ဆက်သွယ်ပြောချက်အရ သိရသည်။

ထိုင်းနိုင်ငံအတွင်း လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးအခြေအနေအရ ထိုင်းနိုင်ငံဒေသအတော်များများတွင် မေ ၂၈ ရက် ညနေပိုင်းက ဖေ့စ်ဘွတ်ခ်သုံးစွဲမှုများကို ခေတ္တခဏ ထိန်းချုပ်လိုက်သော်လည်း မေ ၂၉ ရက် နံနက်ပိုင်းမှစတင်ကာ ပုံမှန်အခြေအနေသို့ အဆင်ပြေစွာ ပြန်သုံးစွဲနေကြကြောင်းဖြင့် ထိုင်းနိုင်ငံရောက်မြန်မာများမှ ဆိုသည်။

အဆိုပါ ဖြစ်ပွားခဲ့သော မေ ၂၈ ရက် ညနေပိုင်းက ဗန်ကောက်ပို့စ် သတင်းဌာနမှ ဖော်ပြချက်များအရ ဖေ့စ်ဘွတ်ခ်လူမှုကွန်ရက်စာမျက်နှာသည် ယင်း ညနေ ၃ နာရီဝန်းကျင်မှစတင်ကာ နာရီဝက်အကြာ ကွန်ရက်လိုင်းများ ကျဆင်းသွားခြင်း၊ ထိုင်းနိုင်ငံ၏ စစ်အာဏာသိမ်းမှုဆန့်ကျင်ရေးများကို ဖေ့ဘွတ်ခ် လူမှုကွန်ရက်စာမျက်နှာများတွင် ဖြန့်ကြက်လှုပ်ရှားလာမှုများ ရှိလာခဲ့ခြင်းကြောင့် ICT ဝန်ကြီးဌာနအတွင်းရေးမှူးထံသို့ အာဏာသိမ်းငြိမ်းချမ်းရေး ထိန်းသိမ်းရေးကောင်စီမှတစ်ဆင့် ပိတ်ခိုင်းသည့်အမိန့် ရောက်ရှိလာသဖြင့် ပိတ်လိုက်ခြင်းဖြစ်ကြောင်းဖြင့် ဖော်ပြချက်အရ သိရသည်။

သုံးသပ်ပြောဆို

ထိုင်းနိုင်ငံ မဟာချိုင်မြို့ ခုံခုရပ်ကွက်၌ ဖွင့်လှစ်ထားသော မြန်မာဂုဏ်ဆောင် အခြေခံပညာမူလတန်းလွန်ကျောင်း(ဝပ်စီမိန်)မှ ကျောင်းဆရာကိုစောမောင်က "ကျွန်တော် ဗန်ကောက်ပို့စ်သတင်းစာကို အဲ့ဒီနေ့ကပဲ အွန်လိုင်းက ဖတ်ခဲ့ပါတယ်။ ဥပဒေမလွတ်တာတွေတင်တဲ့ အကောင့်တွေကိုလည်း ပိတ်ပေးဖို့ကို ဖေ့စ်ဘွတ်ခ်နဲ့ တခြားကုမ္ပဏီတွေကို တောင်းဆိုသွားမယ်လို့ ပြောထားတယ်၊ ဒါပေမယ့် ငြိမ်းချမ်းရေးထိန်းသိမ်းရေးကောင်စီကတော့ သူတို့အမိန့်မပေးဘူးလို့ ပြန်လည်ငြင်းချက်ထုတ်ထားတာလည်း တွေ့ရပါတယ်။ အကဲခက်စောင့်ကြည့်သူတွေကတော့ အာဏာသိမ်းအဖွဲ့အနေနဲ့ ဖေ့စ်ဘွတ်ခ်ကို ထိန်းချုပ်လိုက်တော့ ထိုင်းနိုင်ငံသားတော်တော်များများက ဒေါသတကြီး ပြန်လည်တုံ့ပြန်လာလို့ ပြန်ဖွင့်ပေးလိုက်တယ်လို့ သုံးသပ်ပြောဆိုနေတာတော့ တွေ့ရပါတယ်" ဟု ရှင်းပြခဲ့သည်။

စိုးဝင်း(SP)

❋ ကျောဖုံးမှ

ဒီတော့ ကျွန်တော်တို့နိုင်ငံမှာ ကုန်းတွင်းပိုင်း မွေးမြူရေးတွေ လုပ်မယ်ဆိုရင် ကျွန်တော်တို့ သူတို့ထက်အများကြီးသာတယ်။ delta ရှိသလို သူတို့မှာလည်း မဲခေါင် delta ရှိတယ်။ ပထဝီအနေအထားအရ ကျွန်တော်တို့က အားသာနေတယ်။ ဆယ်ဆကျော်လောက် ကွာခြားနေတယ်။ မယှဉ်နိုင်သေးဘူး။ ဒါဟာ ရေနဲ့ပတ်သက်တဲ့ ပို့ကုန်လုပ်ငန်း မတိုးတက်သေးဘူးဆိုတာကို ပြနေတာပဲပေါ့ "ဟုပြောသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီး(စီမံ)မှ တာဝန်ရှိသူတစ်ဦးကလည်း "ဗီယမ်နမ်နဲ့ မြန်မာနိုင်ငံယှဉ်ရင် ပိုင်တဲ့ရေပိုင်နက် ကမ်းရိုးတန်းက မကွာပေမယ့် လုပ်တဲ့လုပ်ငန်းချင်း ပုံစံချင်းက မတူဘူး။ Export မှာ ဗီယက်နမ်က မြန်မာနိုင်ငံထက် အများကြီးပိုရတယ်ဆိုတာက ဖမ်းဆီးတာကတင် ရတာမဟုတ်ဘူး။ မွေးမြူရေးကလည်း အများကြီးရတယ်။ ပင်လယ်ငါးဖမ်းလုပ်ငန်းတင်မဟုတ်ဘူး၊ တစ်နိုင်ငံလုံးကလုပ်တဲ့ မွေးမြူရေးလုပ်ငန်းကလည်းရနေတာ။ ကျွန်တော်တို့နိုင်ငံက မွေးမြူရေးလုပ်ငန်းမှာ အားနည်းချက်တွေရှိခဲ့တယ်။ ရာသီဥတုကြောင့် သဘာဝဘေးအန္တရာယ်ကြောင့် စသည်ဖြင့်ပေါ့။ မွေးမြူရေးလုပ်ငန်းကိုလည်း ပြန်လည်ပြီးမြှင့်တင်နေရတယ်။ အခု သမားရိုးကျမွေးမြူနေတာကနေ စနစ်တကျနည်းစနစ်နဲ့ မွေးမြူရေးလုပ်ငန်းတွေလုပ်နိုင်အောင် လုပ်နေပါတယ်။ ဒါဆို ရေထွက်ကုန်က ပြန်ပြီးဦးမော့လာမှာပါ။ ပြင်ပနိုင်ငံတွေက နည်းပညာအကူအညီပေးတယ် ဆိုပေမယ့်လည်း ဒီဘက်က လုပ်ကိုင်မယ့်လူက စိတ်ဝင်စားဖို့လိုတယ်လေ။ အခြေခံအဆောက်အအုံ ခိုင်မာမှုမရှိသေးတာကတော့ waste ဖြစ်တာပေါ့။ မွေးမြူရေးလုပ်ငန်းကနေ GDP တက်ဖို့အတွက် တိုင်းဒေသကြီးအလိုက်ရော အမျိုးသားစီမံကိန်းအနေနဲ့ပါ ကျွန်တော်တို့ လုပ်နေပါတယ်" ဟုဆိုသည်။

မိုးရာသီကာလအတွင်း ရေလုပ်ငန်းနှင့်ပတ်သက်သော လုပ်ငန်းများ ပုံမှန်ခွင့်ပြုပေးခြင်းအားဖြင့် ငါးတင်ငါးချ ဆိပ်ကမ်းများတွင်ပုံမှန်ကုန်စည်စီးဆင်းမှုရှိနေမည်ဖြစ်ပြီး ကုန်တင်ကုန်ချ အလုပ်သမားများနှင့် ရေလုပ်ငန်း လုပ်သားများအတွက် အလုပ်အကိုင် ပုံမှန်ရရှိမည်ဖြစ်သည်။ ထို့ကြောင့် ရေလုပ်ငန်းနှင့်ဆက်စပ်လုပ်ငန်းများလည်း လည်ပတ်နေမည်ဖြစ်ကာ ငါးလုပ်ငန်းစက်ရုံ၊ အအေးခန်းစက်ရုံရှိ အလုပ်သမားများအတွက်ပါ အလုပ်ပုံမှန်လုပ်ကိုင်နိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ကမ်းဝေး ငါးဖမ်းခွင့်ပြုထားသော ငါးဖမ်းရေယာဉ် ၂၀၀၀ ကျော်ရှိကြောင်း ငါးလုပ်ငန်းဦးစီးငါးလုပ်ငန်းကြီးကြပ်အခွန်ဌာနခွဲမှ သိရသည်။

လူသားအခွင့်အရေးသိက္ခာဆောင် ခေါင်းပုံဖြတ်မှုအစဉ်ရှောင်

ပြည်တွင်းသတင်း

ကံမမြို့နယ် အလယ်ကျေးရွာ ပညာပျိုးခင်းစာကြည့်တိုက်ဖွင့်

ဗိမာန်စာကြည့်တိုက်အတွက် စာအုပ်စာစောင်များနှင့် ကြို့ပင်ကျေးရွာ အုပ်စုအတွင်းရှိ ဆင်းရဲနွမ်းပါးသော ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်လှူဒါန်းခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

ကံမ ဇွန် ၁

ကံမမြို့နယ် အလယ်ကျေးရွာ ပညာပျိုးခင်းစာကြည့်တိုက်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ စာကြည့်တိုက်၌ကျင်းပရာ အလယ်ရွာကျောင်းဆရာတော် ဦးဉာဏိဿရ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး **(ယာပုံ)** ဒုတိယဝန်ကြီးက သုတ၊ ရသစာအုပ် စာစောင်များကို ပေးအပ်လှူဒါန်းခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းကာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုသည်။ ယင်းနောက် စတုတ္ထတန်း ကျောင်းသားကျောင်းသူများ ကွန်ပျူတာသရုပ်ပြနေမှုကို ကြည့်ရှု အားပေးသည်။

အဆိုပါ စာကြည့်တိုက်သည် အလျားပေ ၂၀၊ အနံပေ ၂၀၊ အမြင့်ကိုးပေ သွပ်မိုးအုတ်ကာ အဆောက်အအုံဖြစ်ပြီး အလယ်ကျေးရွာ ဆရာတော်ဦးဆောင်၍ ကျေးရွာပြည်သူများ ထည့်ဝင်လှူဒါန်းငွေ ၂၅ သိန်းဖြင့် ဆောက်လုပ်ထားခြင်းဖြစ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် အလယ်ကျေးရွာ စပါးခွဲလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက် လည်ပတ်နေမှုကို ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ အောက်မီးပေါက်ကျေးရွာ၊ ရွာသာလှကျေးရွာတို့မှ အခြေခံပညာမူလတန်းကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲသို့ ရောက်ရှိပြီး ဒုတိယဝန်ကြီး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပညာရေးမှူးတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မဒေးရေလှောင်တမံကို လည်းကောင်း၊ ကြို့ပင်ကျေးရွာရှိ (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံ တည်ဆောက်နေမှုကိုလည်းကောင်း ကြည့်ရှုပြီး ကြို့ပင်ကျေးရွာမှာရုံ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး တိုက်နယ်ဆေးရုံအတွက် ဆေးနှင့်ဆေးပစ္စည်းများ၊ အထက်မီးပေါက်ကျေးရွာ ပညာဗိမာန်စာကြည့်တိုက်အတွက် စာအုပ်စာစောင်များနှင့် ကြို့ပင်ကျေးရွာ အုပ်စုအတွင်းရှိ ဆင်းရဲနွမ်းပါးသော ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်လှူဒါန်းခဲ့သည်။

ကလောမြို့နယ်အား ထင်းရှူးမြို့တော်အဖြစ် ရေရှည်တည်တံ့စေရေး ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဇွန် ၁

မြန်မာနိုင်ငံသည် မြောက်ဘက်စွန်း ရေခဲဖုံးတောင်တန်းများမှ အစပြု၍ တောင်ဘက်စွန်း ပင်လယ်ကမ်းရိုးတန်းအထိ သဘာဝပထဝီ အနေအထားခြားနားမှု၊ ရာသီဥတုကွဲပြားခြားနားမှုတို့ကြောင့် အဖိုးတန်သစ်တောကြီးများသာမက ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်မျိုးစုံလည်း ပိုင်ဆိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။

ရှမ်းပြည်နယ် တောင်ကြီးခရိုင် ကလောမြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၄၃၁၅ တွင်တည်ရှိသည့် တောင်စခန်းမြို့တစ်မြို့ဖြစ်သည့် အားလျော်စွာ တောင်ပေါ်ဒေသ အထိမ်းအမှတ်သင်္ကေတဖြစ်သည့် ထင်းရှူးပင်များ သဘာဝအလျောက် ဖြစ်ထွန်းရာ ထင်းရှူးမြို့တော်အဖြစ် ရေရှည်တည်တံ့စေရေးအတွက် ဒေသခံပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထင်းရှူးမြို့တော်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို မေ ၂၈ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ကလောမြို့နယ်ကို ထင်းရှူးမြို့တော်ဖြစ်ရေးအတွက် ၁၉၉၆ ခုနှစ်မှစ၍ စီမံချက်များရေးဆွဲ ဆောင်ရွက်ခဲ့ကြောင်း၊ လူဦးရေတိုးတက်မှု၊ ဒေသဖွံ့ဖြိုးတိုးတက်လာမှု စသည့်အကြောင်းအမျိုးမျိုးကြောင့် ထင်းရှူးတောများ လျော့နည်းလာရကြောင်း၊ ကလောမြို့နှင့် ပတ်ဝန်းကျင်တွင် ထင်းရှူးတောများ ပြန်လည်ထိန်းသိမ်းရေး၊ ထင်းရှူးစိုက်ခင်းများပြန်လည်တည်ထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်က ရှမ်းပြည်နယ်တွင် ထင်းရှူးစိုက်ခင်း စုစုပေါင်း ၄၈၇၂၅ ဧက စိုက်ပျိုးတည်ထောင်ပြီးဖြစ်ကြောင်း၊ ကလောမြို့နယ်တွင် ၁၆၈၇၈ဧကရှိကြောင်း၊ ထင်းရှူးသစ်မျိုးအပါအဝင် သစ်မျိုး ၂၀ကို ထိန်းသိမ်းကာကွယ်ရမည့် တားမြစ်သစ်ပင်များအဖြစ် အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ကာကွယ်ထားပါကြောင်း၊ ထင်းရှူးမြို့တော်ဖြစ်ပေါ်လာစေရေးအတွက် ကလောမြို့နှင့် ငါးမိုင်ပတ်လည်တွင် ထင်းရှူးစိုက်ခင်းများ တည်ထောင်ခြင်းနှင့် သဘာဝထင်းရှူးတောများ ထိန်းသိမ်းခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အားနည်းချက်၊ အားသာချက်များကိုဖော်ထုတ်ပြီး ဆက်စပ်ဌာနများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းအဆင့်ဆင့်နှင့် ဒေသခံပြည်သူများက ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ဆွေးနွေးခဲ့သည်။ ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေး ဒေသဆိုင်ရာကိစ္စရပ်များ၊ မြေအသုံးချမှုမှန်ကန်စေရေးကိစ္စရပ်များနှင့် ပြည်သူလူထုဥပဒေရေးရာ အသိပညာတိုးပွားရေးဆိုင်ရာ လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများက ကလောမြို့နယ်ကို ထင်းရှူးမြို့တော်ဖြစ်ရေးအတွက် ဆောင်ရွက်ရမည့်ကိစ္စများအပေါ် ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများသည် ကလောမြို့နယ်၊ သာမိုင်းခမ်းဒေသ မြေအသုံးချမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေး၍ ကလောမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၌ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ၊ စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့တို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ **(ဝဲပုံ)**

လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်သည် ကလောမြို့သို့ရောက်ရှိစဉ် အင်းပြင်သစ်တောပျိုးဥယျာဉ်၊ တောင်လေးလုံး သစ်တောသုတေသနစခန်းနှင့် စီးပွားရေးထင်းရှူးစိုက်ခင်း (၁/ ၂၀၁၀) ရှင်သန်အောင်မြင်မှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကလေးမြို့ဆိပ်ကမ်းသာ သံကူကွန်ကရစ်တံတား သတ်မှတ်ကာလအတွင်း ရာနှုန်းပြည့်ပြီးစီး

ကလေး ဇွန် ၁

ကလေးမြို့ ပင်လုံရပ်ကွက်ရှိ ဗိုလ်ချုပ်လမ်းမနှင့် ချမ်းမြေ့အောင်စည်ရပ်ကွက်ရှိ ပင်လုံလမ်းမတော်ကို ပေါင်းကူးဆက်သွယ်ပေးထားသော ဥပုသ်ချောင်းကို ဖြတ်လျက် တည်ဆောက်ထားသည့် ဆိပ်ကမ်းသာ သံကူကွန်ကရစ်တံတား **(ဝဲပုံ)** သည် မြို့တွင်းဥပုသ်ချောင်း တံတားလေးခုအနက် တစ်ခုအပါအဝင်ဖြစ်ပြီး ရပ်ကွက်ချင်း ဆက်သွယ်ရာတွင် အဓိကအသုံးပြုသည့် မြို့လယ်တံတားဖြစ်သည့်အပြင် အမှတ်(၃)အထက ကျောင်းသား ကျောင်းသူများနှင့် အများပြည်သူအသုံးပြုသော တံတားလည်းဖြစ်သည်။

မူလဆိပ်ကမ်းသာ သစ်သားတံတားသည် မိုးရာသီအချိန် ချောင်းရေကြီးမှုကြောင့် နှစ်စဉ် တံတားပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေရသဖြင့် ငွေကုန်ကြေးကျများပြားသည့်အပြင် အများပြည်သူများ၊ ကျောင်းသား ကျောင်းသူများ နှစ်စဉ်နှစ်တိုင်း အခက်အခဲမျိုးစုံကြုံတွေ့နေကြရပြီး ယင်းအခက်အခဲများကို ကျော်လွှားနိုင်ရန်နှင့် ရာသီမရွေး စိတ်ချလုံခြုံစွာ ဖြတ်သန်းသွားလာနိုင်စေရန်အတွက် ဆိပ်ကမ်းသာသစ်သားတံတားကို နိုင်ငံတော်က သံကူကွန်ကရစ်တံတားကြီးဖြင့် အစားထိုးဆောက်လုပ်ပေးခြင်းဖြစ်သည်။

အဆိုပါဆိပ်ကမ်းသာ သံကူကွန်ကရစ်တံတားကြီး ဆောက်လုပ်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးသာအေး၏ စီစဉ်ပေးမှုဖြင့် နိုင်ငံတော်၏သီးသန့်ရန်ပုံငွေမှ ကျပ်သန်းပေါင်း ၁၈၃ ဒသမ ၅၁၀ သန်းအကုန်အကျခံလျက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၁၁)က သံကူကွန်ကရစ်တိုင်၊ သံပေါင်ရက်မ၊ သံကူကွန်ကရစ်ကြမ်းခင်းနှင့် တံတားအရှည် ပေ ၁၇၀ နှစ်လမ်းသွားဖြင့် ဆောက်လုပ်ခြင်းဖြစ်ပြီး ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၏ အနီးကပ်ကြီးကြပ်မှုဖြင့် သတ်မှတ်ကာလအတွင်း ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သည်။

ဆိပ်ကမ်းသာ သံကူကွန်ကရစ်တံတားကြီး ဆောက်လုပ်မှုပြီးစီးခြင်းကြောင့် ပြည်သူများ၊ ကျောင်းသားကျောင်းသူများနှင့် မိဘဆရာများသည် စိတ်အေးချမ်းသာကြပြီး အလွန် ဝမ်းမြောက်ကြသည့်အပြင် ထောက်ပံ့ပေးသော နိုင်ငံတော်အစိုးရ၊ စီမံဆောင်ရွက်ပေးသော အကြီးအကဲများနှင့် ပြုပြင်ဆောင်ရွက်ပေးသော တာဝန်ရှိသူများအပေါ်တွင်လည်း ကလေးမြို့နေ ပြည်သူများက အထူးကျေးဇူးတင်လျက်ရှိကြကြောင်း သိရသည်။ **ဂျူနိုင်း**

သောက်သုံးရေအဆင်ပြေစွာရရှိရေး ထီးလင်းမြို့နယ်တွင် ဆောင်ရွက်လျက်ရှိ

ထီးလင်း ဇွန် ၁

မကွေးတိုင်းဒေသကြီး ထီးလင်းမြို့နယ်ရှိ ကျေးရွာများတွင် ကျေးရွာနေပြည်သူများ သောက်သုံးရေ အဆင်ပြေစွာရရှိရေး၊ သောက်သုံးရေသန့်ရရှိရေးတို့အတွက် တွင်းကျယ်တူးဖော်ခြင်း၊ မြေသားကန်တူးဖော်ခြင်း၊ စိမ့်စမ်းရေသွယ်ယူခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် အောင်းကျေးရွာ၌ လွှတ်တော်ရန်ပုံငွေကျပ် ၁၅ သိန်း မတည်၍ သောက်သုံးရေသန့် တွင်းကျယ်နှင့် ကျေးရွာသုံး မြေသားကန်ငယ်၊ အကြည်ဝါးဘင်း ကျေးရွာတွင် လွှတ်တော်ရန်ပုံငွေကျပ် သိန်း ၅၀ ဖြင့် စိမ့်စမ်းရေသွယ်လုပ်ငန်းပြီးစီးနေပြီဖြစ်ရာ အဆိုပါကျေးရွာများတွင် သောက်သုံးရေ အဆင်ပြေစွာ ရရှိနေပြီဖြစ်သည်။ **(၁၀၁)**

❒ *ကျောဖုံးမှ*

တီထွင်၊ ကြံဆလုပ် ကိုင်တတ်အောင် စာတွေ့သာမက လက်တွေ့သုတေသနပြုမှုများကို ပိုမိုမြင့်တင် သင်ကြားလေ့ကျင့်ပေးရန် လိုအပ်ကြောင်း။

ထို့ကြောင့် သင်ရိုးနှင့်စာမေးပွဲစနစ်များ၊ သင်ကြားနည်းစနစ်များကို နှစ်ပေါင်းများစွာ အတွေ့အကြုံရှိကြပြီးဖြစ်သည့် ပါမောက္ခချုပ်ကြီးများက မည်သို့သင်ကြားလေ့ကျင့်ပေးသင့်သည်ကို ဆွေးနွေးညှိနှိုင်းပြီး လက်တွေ့ ပြောင်းလဲတိုးတက်အောင် ကြိုးပမ်း ဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ အမျိုးသားအဆင့် အရည်အသွေး အာမခံမှုစနစ်ကို အာဆီယံ အရည်အသွေးမူဘောင်နှင့် လိုက်လျောညီထွေစွာ အမျိုးသားအဆင့် အရည်အသွေးမူဘောင်ကို ပီပြင်စွာထူထောင်အသုံးပြုနိုင်ရေး ဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ အမျိုးသားပညာရေး ဥပဒေအတည်ပြု ပြဋ္ဌာန်းပြီးသည့်အခါတွင် အဆင့်မြင့် ပညာဥပဒေ၊ ကိုယ်ပိုင်ကျောင်း၊ ကိုယ်ပိုင်တက္ကသိုလ် ဥပဒေတို့ကို ယခုနှစ်အတွင်း ရေးဆွဲပြဋ္ဌာန်းပြီးစီးနိုင်အောင် ဆွေးနွေးညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း။

နောင်လာမည့်နှစ်မှစ၍ သီးခြားလွတ်လပ်စွာ စီမံခန့်ခွဲကြမည့် တက္ကသိုလ်များအဖြစ် ရပ်တည်ဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း၊ ဆရာရေးရာနှင့် ကျောင်းသားရေးရာ စီမံခန့်ခွဲရာ၌ ကျောင်းနေပျော်၍ စာတော်အောင်၊ နေထိုင်သွားလာစားသောက်ရေးနှင့် သင်ကြားမှုအဆင်ပြေအောင်၊ အဆောင်လိုအပ်ချက်၊ သင်ထောက်ကူပစ္စည်းလိုအပ်ချက်များ၊ စာပေယဉ်ကျေးမှု၊ အားကစား အသင်းအဖွဲ့ဆိုင်ရာ လိုအပ်ချက်များ တွက်ချက်စီမံသွားရန် လိုအပ်ပါကြောင်း၊ အပြောင်းအရွှေ့၊ ရာထူးတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များတွင် တရားမျှတ၍ ပွင့်လင်းမြင်သာမှုရှိအောင် စီမံခန့်ခွဲမှသာ ဆရာဆရာမများ စိတ်ဓာတ်ကောင်းမွန်ပြီး ကြိုးစားလုပ်ကိုင်လာကြမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် ဆရာ ဆရာမများသည် အလွန်အရေးပါသော အခန်းကဏ္ဍတွင် ရှိနေသူများဖြစ်ပါကြောင်း၊ ဆရာဆရာမအလုပ်သည် အလွန်အရေးပါပြီး မွန်မြတ်သောအလုပ်ဖြစ်ပါကြောင်း၊ အနန္တောအနန္တငါးပါးဂိုဏ်းဝင်များ ဖြစ်သောကြောင့် အလေးအနက်ထားသင့်ပါကြောင်း၊ ယခု အစိုးရလက်ထက်တွင် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် အခက်အခဲများကြားမှ ကြိုးစားဆောင်ရွက်လျက်ရှိပြီး ထိုအခက်အခဲများကို ကောင်းမွန်သည့် ဒီမိုကရေစီလမ်းကြောင်းအတိုင်း ပညာရေးဘက်မှ ကြိုးပမ်းဆောင်ရွက်ပေးကြ စေလိုပါကြောင်း၊ ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုသည် လွန်စွာအရေးပါသော အခန်းကဏ္ဍတစ်ခုဖြစ်၍ ဆရာဆရာမများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးလိုပါကြောင်း။

တက္ကသိုလ်များ၏ စီမံခန့်ခွဲမှုနှင့် အရည်အသွေးအာမခံမှုဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို ရန်ကုန်မြို့ စိန်ရတုခန်းမ၌ ကျင်းပစဉ်။

(သတင်းစဉ်)

ဆရာများနေ့ကိုလည်း ချီးကျူးဂုဏ်ပြုသည့်အနေဖြင့် ကျင်းပနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများကလည်း ပညာတတ်၍ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ရှိသော၊ အကျင့်စာရိတ္တ၊ စိတ်ဓာတ်ကောင်းမွန်သော ကျောင်းသား ကျောင်းသူများ မွေးထုတ်ပေးရန် လိုအပ်ပါကြောင်း၊ ဆရာ ဆရာမကြီးများ အနေဖြင့်လည်း အဓိကကျသော ပြုပြင်ပြောင်းလဲမှု လုပ်ငန်းလိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း ဦးစားပေးဆွေးနွေးတင်ပြကြရန် ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် အကြံပေးအဖွဲ့ဝင်ပညာရှင်များ၊ တက်ရောက်လာကြသူများက တက္ကသိုလ်များ၏ ကဏ္ဍအလိုက် ဆောင်ရွက်ထားမှုများ၊ ဆက်လက်ဆောင်ရွက်ရမည့် ဆောင်ရွက်ချက်များကို တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးများက ဆွေးနွေးညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း သမ္မတရုံးဝန်ကြီးဌာန

မနေ့က ရန်ကုန်တက္ကသိုလ်ကို သွားကြည့်ခဲ့ပါတယ်၊ ကြည့်ပြီးတော့ ရှေးမူမပျက် ဘာတွေ ကျွန်တော်တို့ ပြုပြင်ပေးရမလဲဆိုပြီး ကြည့်ပါတယ်။ ရှေးမူမပျက် ဆောင်ရွက်ဖို့ အရေးကြီးပါတယ်။ တကယ်လည်း Recreation Centre လည်း ပိုကောင်းလာရမယ်။ ပြီးရင် အဆောင်တွေ ကောင်းစေချင်တယ်။ သွားကြည့်တော့လည်း နှစ်ယောက်တစ်ခန်း နေရတဲ့အခန်းတွေက သိပ်ကျဉ်းတယ်လေ။ ဒါလေးတွေကို နိုင်ငံတော်သမ္မတကြီးဆီ သတင်းပို့ပြီး ဒီထက်ကောင်းတဲ့ ပတ်ဝန်းကျင် ဖန်တီးပေးချင်ပါတယ်။

တစ်ဖက်ကလည်း စာသင်မယ်၊ နောက်တစ်ဖက်ကလည်း သူတို့ရဲ့ နေထိုင်မှုဘဝ ပျော်ရွှင်အောင် ဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ကျောင်းသားတွေရဲ့ လိုအပ်ချက်တွေကို ဖြေရှင်းပေးဖို့ အဆောင်တွေကို လိုက်ကြည့်ခဲ့ပါတယ်။ အလားတူပဲ ဆရာ ဆရာမတွေကိုလည်း နေထိုင်မှုဘဝပျော်ရွှင်အောင် ဆောင်ရွက်ပေးရပါမယ်။ ဘတ်ဂျက်တွေ တိုးပြီးတော့ ကျောင်းတွေဆောက်ပေးတာ မှန်တယ်။ စိတ်ပိုင်းဆိုင်ရာနဲ့ ပညာရေးပိုင်းဆိုင်ရာမှာ တိုးတက်အောင် အများကြီး လုပ်ပေးရပါမယ်။

နောက်ပြီးတော့ လတ်တလောပြောရမယ်ဆိုရင် အရင်တုန်းက အဆောင်မှူးတစ်ယောက်က တစ်လငွေကျပ် ၁၅၀ ပဲရတယ်။ အဆောင်နည်းပြက တစ်လငွေကျပ် ၁၀၀ ပဲရတယ်။ အခု အဆောင်မှူး တစ်ယောက်ကို တစ်လငွေကျပ်၂၀၀၀၀၊ အဆောင်နည်းပြ တစ်ယောက်ကို တစ်လငွေကျပ် ၁၅၀၀၀နဲ့ တိုးပေးလိုက်တယ်။ ဒီလိုပဲ ဆရာ ဆရာမတွေရဲ့ သွားရေးလာရေး၊ ပါမောက္ခတွေဆိုလည်း မော်တော်ကားတွေ ကောင်းအောင်၊ ထို့အတူပဲ ဆရာမတွေက ကျောင်းကို ဘတ်စ်ကားကို တိုးဝှေ့စီးရမယ့်အစား ဘယ်လိုစနစ်တွေ လုပ်ပေးရင် ကောင်းမလဲ၊ ဒါတွေကို ကျွန်တော်တို့ ဆွေးနွေးခဲ့ပါတယ်။ ပိုပြီး အဆင့်မြင့်ကောင်းမွန်အောင် လုပ်ပေးသွားဖို့ ရှိပါတယ်။ ဒီလိုဆောင်ရွက်မှာက ရန်ကုန်တက္ကသိုလ် တစ်ခုတည်း မဟုတ်ပါဘူး။ ကျန်တဲ့ တက္ကသိုလ်တွေကိုလည်း ဆောင်ရွက်ပေးသွားမှာပါ။

ငွေကြေးပိုင်းအနေနဲ့လည်း လိုသမျှကို ထပ်မံဖြည့်ဆည်းပေးသွားဖို့ အစီအစဉ်ရှိပါတယ်။

ပြည်ထောင်စုဝန်ကြီးဦးတင်နိုင်သိန်း သမ္မတရုံးဝန်ကြီးဌာန

လက်တွေ့ကျတဲ့ ပညာရေးပြုပြင်ပြောင်းလဲမှုကို နိုင်ငံတော်သမ္မတကြီးကိုယ်တိုင်ကပါ ပြီးခဲ့တဲ့နှစ် အောက်တိုဘာလကနေ စတင်အကောင်အထည်ဖော်ဖို့ ဆိုပြီး လိုအပ်တဲ့ ကော်မတီတွေ လုပ်ငန်းအဖွဲ့တွေဖွဲ့စည်းပြီးတော့ စတင်ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီအချိန်တုန်းက ပညာရေးလောကမှာ ရှိတဲ့ Stakeholder အားလုံးနဲ့ တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲ အကြိမ်ပေါင်းများစွာလုပ်ပြီး အမျိုးသားပညာရေးမူဝါဒတွေချမှတ်ပြီး အမျိုးသားပညာရေး ဥပဒေရေးဆွဲဖို့ ဦးစားပေးပြီး လုပ်ခဲ့ပါတယ်။

အဲဒီလိုလုပ်ခဲ့ပြီး အခုဆိုရင် အမျိုးသားပညာရေး ဥပဒေကို လွှတ်တော်ကိုတင်ပြပြီး ဆွေးနွေးဖို့ရှိပါတယ်။ မကြာခင်မှာလည်း အတည်ပြုပြဋ္ဌာန်းနိုင်မယ်လို့ မျှော်လင့်ပါတယ်။ ဒါပေမယ့် လုပ်စရာရှိတာတွေကိုလည်း ချက်ချင်းလုပ်ဖို့ရှိတာမို့ တောက်လျှောက်လုပ်ဖြစ်တာတွေ ရှိပါတယ်။ ပြီးခဲ့တဲ့ ဧပြီ၊ မေလကစပြီး စာတတ်မြောက်ရေးလှုပ်ရှားမှု၊ ဘက်စုံထူးချွန်မှု၊ ကြက်ခြေနီ၊ ကင်းထောက် လူငယ်စသဖြင့် လူငယ်တွေရဲ့ အခန်းကဏ္ဍကို အားပေးမြှင့်တင်တာမျိုး၊ ပညာရေးကဏ္ဍကို အားပေးမြှင့်တင်တဲ့ အနေအထားမျိုး တစ်နိုင်ငံလုံး၊ တိုင်းဒေသကြီး၊ ပြည်နယ်အားလုံး နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် ဦးဆောင်ပါဝင်ပြီး ဆောင်ရွက်ခဲ့ပါတယ်။

ကျန် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက ဝန်ကြီးချုပ်တွေ၊ နောက်ဒေသခံပြည်သူတွေအားလုံး ပူးပေါင်းပြီး ပါဝင်ဆောင်ရွက်ခဲ့တာတွေ့ရမှာ ဖြစ်ပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ ကျောင်းအပ်နှံရေးရာသီရောက်ပြီဖြစ်ပါတယ်။ နိုင်ငံမှာ အရင်ကတည်းက လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် သန်းခေါင်စာရင်းကောက်တဲ့ လုပ်ငန်းကို ဆောင်ရွက်ခဲ့တာရှိပါတယ်။

သန်းခေါင်စာရင်း လုပ်ငန်းပြီးတဲ့အခါ ကျောင်းအပ်နှံရေး လုပ်ငန်းက နိုင်ငံရဲ့ပညာရေးမြှင့်တင်ရေး တစ်ခန်းတစ်ကဏ္ဍမှာ ပါဝင်ပါတယ်။ ဒါ တိုင်းဒေသကြီးပြည်နယ်အနှံ့ ဆောင်ရွက်နေတဲ့အခါ ဒုတိယသမ္မတ(၁) ကလည်း နေရာအချို့မှာ သွားရောက်ဆောင်ရွက်နေတာ ရှိပါတယ်။ အတန်းအလိုက် ကျန်းမာရေးအရသော်လည်းကောင်း၊ လူမှုစီးပွားရေးအရသော် လည်းကောင်း အကြောင်းအမျိုးမျိုးနဲ့ ကျောင်းထွက်နေရတဲ့ ကလေးတွေရှိပါတယ်။ အဲဒီကလေးအရေးအတွက် ကျဆင်းလျော့နည်းအောင် မူလတန်းအခမဲ့ပညာရေးကနေ အခုအလယ်တန်းကိုပါ အခမဲ့ပညာရေးတိုးမြှင့်ထောက်ပံ့ဖို့ စလုပ်ပါတယ်။

အဲဒီကြားထဲကနေ အကြောင်းအမျိုးမျိုးနဲ့ အခက်အခဲရှိတဲ့ ကလေးတွေအတွက် အသက်မွေးဝမ်းကျောင်း ပညာရေးသင်ကြားတာတွေ၊ ကျောင်းပြင်ပပညာရေးတွေကို တိုင်းဒေသကြီး၊ ပြည်နယ်၊ ဝေးလံခေါင်းပါးတဲ့ ဒေသတွေအထိ လိုအပ်ချက်တွေအများကြီး ဖြည့်ဆည်းဆောင်ရွက်ချက်တွေရှိပါတယ်။ ရပ်ရွာအဆင့်၊ ရပ်ရွာပညာကဏ္ဍပညာရေးတွေ ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီကနေ ဆရာ ဆရာမတွေလည်း ခန့်ထားပြီး ကျောင်း Section လည်း မရတဲ့ဒေသတွေမှာ ရပ်ရွာပဒေသာ ပညာကဏ္ဍတွေလုပ်ပါတယ်။

ဆရာ ဆရာမတွေ ဖြည့်ဆည်းခန့်ထားပေးလိုက်မယ် ဆိုရင်လည်း လူဦးရေ အချိုးအစားနည်းတဲ့ ကျောင်းသားဦးရေ နည်းတဲ့နေရာတွေမှာ ကွက်လပ်တွေ ဖြည့်ဆည်းပေးနိုင်မှာဖြစ်ပါတယ်။ နောက်တစ်ခုက တစ်ဖက်က အသက်မွေးဝမ်းကျောင်းပညာ အင်မတန်မှ အရေးကြီးပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းရရှိဖို့ ပြည်သူတွေရဲ့ လူမှုစီးပွားရေးတိုးတက် မြင့်မားဖို့၊ ဆင်းရဲမှုလျှော့ပါးဖို့ အသက်မွေးဝမ်းကျောင်းပညာတွေ တတ်ကျွမ်းဖို့ လိုပါတယ်။ လက်သမား၊ ပန်းရန် လုပ်ငန်းတွေ အင်မတန်အရေးကြီးတဲ့လုပ်ငန်းတွေဖြစ်ပါတယ်။

ချင်းပြည်နယ်မှာဆိုရင် လက်သမား၊ ပန်းရန်ကျွမ်းကျင်တဲ့သူမရှိတဲ့အတွက် ပြည်မကနေ ပန်းရန်လက်သမားတွေ ခေါ်ယူရတာရှိပါတယ်၊ သင်တန်းကျောင်းအသီးသီးမှာ လာတက်ရောက်တဲ့ ဒေသခံပြည်သူတွေအတွက် အဲ့ဒီဒေသအရောက်သွားပြီး အသက်မွေးဝမ်းကျောင်း သင်တန်းတွေပေးပြီး စတင်နေပြီဖြစ်ပါတယ်။ ဒေသခံပြည်သူများကလည်း စိုက်ပျိုးရေး၊ မွေးမြူရေး၊ တည်ဆောက်ရေးလုပ်ငန်း၊ အခြားအသက်မွေးဝမ်းကျောင်း သင်ကြားနိုင်တော့မှာဖြစ်ပါတယ်၊ Certificate အောင်လက်မှတ် မရှိတဲ့သူက ပြည်တွင်း ပြည်ပမှာ အလုပ်အကိုင်အခွင့်အလမ်းမှာ ရရာအလုပ်ကိုလုပ်ရပါတယ်၊ ရတဲ့အလုပ်ကလည်း အောင်လက်မှတ်မရှိတဲ့အတွက် ထိုက်ထိုက်တန်တန်လုပ်ခမရပါဘူး၊ ဒါကိုလည်း Certificate ပုံစံရအောင် Testing Centreစတင်ဖွင့်သွားမှာဖြစ်ပါတယ်။

ဖွင့်ပြီးတော့မှ ဆောင်ရွက်မယ်ဆိုရင်လဲ လူ့စွမ်းအားအရင်းမြစ်တွေကို ထိုက်ထိုက်တန်တန် အလုပ်အကိုင်အခွင့်အလမ်းတွေနဲ့ လုပ်ခတွေရနိုင်မယ့် အခွင့်အလမ်းတွေ ပိုမိုရရှိလာမှာဖြစ်တယ်၊ ဒါက ပညာရေးကဏ္ဍမြှင့်တင်ရေးနဲ့ နိုင်ငံစီးပွားရေး၊ ပြည်သူများလူမှုစီးပွားရေးမြှင့်တင်ဆောင်ရွက်ဖို့ အစီအစဉ်တွေပဲဖြစ်ပါတယ်။ ပညာရေးကလည်း နိုင်ငံစီးပွား ဖွံ့ဖြိုးတိုးတက်ဖို့မှာ အခြေခံအုတ်မြစ်ဖြစ်ပါတယ်။ ဒါကြောင့် လုပ်နေတာပါ။ အခုဆိုရင် အဆင့်မြင့်ကဏ္ဍမှာ အလွန်အရေးကြီးပါတယ်။ ဘွဲ့ရရုံနဲ့မဖြစ်ပါဘူး။ အသိပညာရှင်၊ အတတ်ပညာရှင်တွေ၊ တကယ်တတ်ကျွမ်းပြီးမှ တိုင်းပြည်ကို အကျိုးပြုမယ့် ပညာရှင်တွေမွေးထုတ်ဖို့ အဆင့်မြင့်ပညာရေးက အရေးကြီးပါတယ်။

ဒါကြောင့် တက္ကသိုလ်၊ ကောလိပ် ပါမောက္ခချုပ်ကြီးတွေနဲ့ ဆွေးနွေးညှိနှိုင်းပြီးတော့ သူတို့က အတွေ့အကြုံရှိတော့ သူတို့ဘယ်လိုပညာရေး မြင့်မားတိုးတက်အောင် သင်ကြားလေ့ကျင့်ရင် အနာဂတ်အတွက် ကောင်းမယ်ဆိုတာပိုသိတဲ့အတွက် ညှိနှိုင်းဆွေးနွေးတာ ဖြစ်ပါတယ်။ ကျောင်းသားတွေရဲ့လိုအပ်ချက်တွေကို ပံ့ပိုးကူညီဆောင်ရွက်ပေးမယ့် အနေအထားဖြစ်ပါတယ်။ နောင်ဆိုရင် ပညာရေးမြင့်မားတိုးတက်ဖို့က အပြိုင်အဆိုင် တက္ကသိုလ်အလိုက် ကြိုးစားရမှာဖြစ်တယ်။ အမျိုးသား ပညာရေးဥပဒေနဲ့ နောင်အဆင့်မြင့် ပညာရေးဥပဒေမှာ သီးခြားလွတ်လပ်စွာ စီမံခန့်ခွဲတဲ့ တက္ကသိုလ်တွေဖြစ်ရမယ်။

ဒီနေ့ ပြုလုပ်တဲ့အစည်းအဝေးက စီမံခန့်ခွဲမှုလုပ်ငန်းတွေကို ကြိုတင်ပြီး ညှိနှိုင်းခြင်းဖြစ်ပါတယ်၊ ညှိနှိုင်းပြင်ဆင်ပြီး ပညာရေးမြင့်မားတိုးတက်ဖို့၊ ကျောင်းဝန်းကျင်မှာ တက္ကသိုလ်ဆရာတွေအတွက်ရော ကျောင်းသားတွေအတွက်ပါ နေထိုင်သွားလာ စားသောက်ဖို့အဆင်ပြေရမယ်။ သင်ကြားရေး အဆင်ပြေပြီး လက်တွေ့ခန်းတွေ၊ ဓါတ်ခွဲခန်းတွေ၊ သုတေသန လုပ်နိုင်မယ့် Facility တွေ ပြည့်စုံအောင် ဖန်တီးဖို့ကိုလည်း အခုကတည်းက ပြင်ဆင်ပေးမယ်ဆိုရင် အဆင့်အတန်း မြင့်မားတိုးတက်လာမှာဖြစ်ပါတယ်။

ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်တဲ့အခါမှာလည်း International Development Partners နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းတွေ ပါဝင်မှာ ဖြစ်ပါတယ်။ သူတို့အဖွဲ့အစည်းတွေက ကျွမ်းကျင်သူ ပညာရှင်ကြီးတွေလည်းရှိပါတယ်၊ တခြားလိုအပ်တဲ့ အထောက်အကူပြုပေးတဲ့အဖွဲ့တွေလည်းရှိပါတယ်၊ အကူအညီပေးတဲ့အဖွဲ့တွေနဲ့ ပေါင်းစပ်ပြီး ဌာနဆိုင်ရာအချင်းချင်း ဆွေးနွေးတာတွေလည်းရှိပါတယ်၊ ရလဒ်တွေနဲ့ နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းတွေ၊ ပြင်ပက Stakeholder တွေနဲ့ ပညာရေးနယ်ပယ်က ဥပမာအားဖြင့် ကိုယ်ပိုင်ကျောင်း၊ ကိုယ်ပိုင်တက္ကသိုလ်တွေဖွင့်လှစ်လိုတဲ့ ပုဂ္ဂိုလ်တွေရှိပါတယ်၊ ကိုယ်ပိုင်ကျောင်းတက္ကသိုလ်တွေအတွက်လည်း မှတ်ပုံတင်ဖို့ ရေးဆွဲနေတာဖြစ်တဲ့အတွက် သက်ဆိုင်ရာ Working Group လုပ်ငန်းအဖွဲ့တွေကနေ လက်တွေ့ဆောင်ရွက်နေတဲ့ ပုဂ္ဂိုလ်တွေနဲ့ ဆွေးနွေးပြီး ဆောင်ရွက်တဲ့ လုပ်ငန်းစဉ်တွေ ဆောင်ရွက်လျက်ရှိပါတယ်။

(မြန်မာ့သတင်းစဉ် သတင်းအဖွဲ့)

ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း ဖြေကြားစဉ်။
(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း ဖြေကြားစဉ်။
(သတင်းစဉ်)

▌▖ ဘွဲ့ရရုံနဲ့မဖြစ်ပါဘူး။ အသိပညာရှင်၊ အတတ်ပညာရှင်တွေ၊ တကယ်တတ်ကျွမ်းပြီးမှ တိုင်းပြည်ကို အကျိုးပြုမဲ့ ပညာရှင်တွေ မွေးထုတ်ဖို့ အဆင့်မြင့်ပညာရေးက အရေးကြီးပါတယ်။ ▗▌

ရေနံချောင်းတွင် ကျေးရွာချင်းဆက် မြေသားလမ်းသစ်ဖွင့်

ရေနံချောင်း ဇွန် ၁

မကွေးခရိုင် ရေနံချောင်းမြို့တွင် ကျေးရွာချင်းဆက် ကျေးလက်လမ်း ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁ ရက် နံနက် ၈ နာရီတွင် အဆိုပါမုခ်ဦးရှေ့၌ကျင်းပရာ ယင်းလမ်း ဖြစ်မြောက်ရေးတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ရန်ပုံငွေမှကျပ်သိန်း ၂၀၀ အကုန် အကျခံကာ လမ်းအရှည်လေးမိုင် ခြောက်ဖာလုံရှိ မြေနီကျောက်စရစ်ခင်း လမ်းပြုလုပ်ပေးနိုင်ခဲ့သည်။

အဆိုပါ လမ်းဖောက်လုပ်ပေးခဲ့သဖြင့် သားလူးကန်၊ သပွတ်ဥ၊ ဖိုးကိုး ကျေးရွာအုပ်စုများမှ ကျေးလက်နေပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့်ပညာရေးစသည့်အခြေခံလိုအပ်ချက်များ ပြည့်စုံလာပြီဖြစ်သဖြင့် အထူးဝမ်းသာနေကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

တောတောင်ရှိမှ စမ်းရေရ၏။

ပြည်တွင်းသတင်း

မြန်မာ-ကိုရီးယားလက်မှတ်ရေးထိုးပွဲအခမ်းအနား ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် တက်ရောက်အားပေး

ရန်ကုန် ဇွန် ၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် မေ ၃၀ ရက် ည ၇ နာရီခွဲက ရန်ကုန်မြို့ Sky Star ဟိုတယ်၌ကျင်းပသည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ KRC တို့အကြား နှစ်ဖက်သဘောတူလက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

အစီအစဉ်အရ KRC အဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် Dr. Du Hyok Kwon က မြန်မာနိုင်ငံ၏ ဆည်တမံများတွင် ကွန်ပျူတာထိန်းချုပ်စနစ်ဖြင့် စီမံစောင့်ကြည့်သည့်စနစ်အား အကူအညီပေးမည့်လုပ်ငန်းဆိုင်ရာများ အကောင်အထည်ဖော်ပြီးစီးမှုများကို ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူး Dr. Kim Min Cheol က လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် KRC တို့အကြား လယ်ယာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း PPP Scheme ကို Video ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က KRC အဖွဲ့၏ မြန်မာနိုင်ငံ လယ်ယာဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူများ၏ဝင်ငွေနှင့် လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် PPP စီမံကိန်းပူးပေါင်းဆောင်ရွက်ရန် အဆိုပြုကမ်းလှမ်းချက်အပေါ် ဝမ်းမြောက်စွာကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံ လယ်ယာဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာ့လယ်ယာထွက်ကုန်များကို ကိုရီးယားနိုင်ငံ၏ စားသုံးသူဈေးကွက်လိုအပ်ချက်နှင့်အညီ ထုတ်လုပ်တင်ပို့ရောင်းချနိုင်ခြင်းအားဖြင့် စားရေရိက္ခာဖူလုံရေးလုပ်ငန်း (Food Safety)ကို လက်တွေ့အကောင်အထည်ဖော်နိုင်မည် ဖြစ်ကြောင်း၊ နှစ်ဖက် လက်တွေ့ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်မြှင့်တင် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ KRC ဥက္ကဋ္ဌ Dr. Lee Sang Muက ကိုရီးယားသမ္မတနိုင်ငံ အစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ လယ်ယာဖွံ့ဖြိုး တိုးတက်ရေးအတွက် နည်းပညာပိုင်းအပါအဝင် အထောက်အပံ့ အကူအညီများကို ထိထိရောက်ရောက် ကူညီဆောင်ရွက်သွားရန်၊ ပူးပေါင်းမှုများအား နှစ်ဖက်ယုံကြည်မှုအပြည့်အဝဖြင့် အကောင်အထည်ဖော်နိုင်ခြင်းအားဖြင့် နှစ်နိုင်ငံ အစိုးရအဖွဲ့အချင်းချင်းသာမက ပြည်သူအချင်းချင်း ရေရှည်ချစ်ကြည်ရင်းနှီးမှုများတည်ဆောက်နိုင်မည်ဟု ယုံကြည်ကြောင်းပြန်လည်ဆွေးနွေးပြီး ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်နှင့် KRC Over Seas Project Office Director General Dr. Ryujeon Yong တို့သည် ဆည်မြောင်းတာတမံများအား ကွန်ပျူတာစနစ်ဖြင့် စောင့်ကြည့် ထိန်းသိမ်းခြင်းစီမံကိန်းအား အကူအညီပေးခြင်းဆိုင်ရာ နှစ်ဖက်သဘောတူ စာချုပ်များကို လက်မှတ်ရေးထိုးခဲ့ကြပြီး စာချုပ်များကို အပြန်အလှန်လွှဲပြောင်းပေးအပ်ကြသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းနှင့် International Cooperation Office of KRC မှ Director General Mr. Kim Min Cheolတို့သည် မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နှစ်ဖက်ဆွေးနွေးချက် မှတ်တမ်း MOM of PPP Scheme အား လက်မှတ်ရေးထိုး ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်အား UNAIDS မှ Country Director နှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၁

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့အတွင်းရေးမှူး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ဇော်ဝင်းအား ရန်ကုန်မြို့အခြေစိုက်ကုလသမဂ္ဂ ခုခံအားကျဆင်းမှုရောဂါတိုက်ဖျက်ရေးအဖွဲ့ (UNAIDS)မှ Country Director ဖြစ်သူ Mr. Eamonn Murphy နှင့်အဖွဲ့က မေ ၃၀ ရက် ညနေပိုင်းတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် ရဲချုပ်၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် HIV ဖြစ်ပွားမှုနှင့် ဘေးအန္တရာယ်ဖြစ်ပွားမှု၊ ပြည်သူလူထု၏ကျန်းမာရေးကိုထိခိုက်စေမှု၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ရဲတပ်ဖွဲ့နှင့်အဖွဲ့အစည်းများအတွက် ဘေးအန္တရာယ်လျှော့ချရေးဆိုင်ရာ အသိပညာပေးရေးနှင့် လုပ်ငန်းစွမ်းရည်မြှင့်တင်ရေးကဏ္ဍများကို ဆွေးနွေးခဲ့ကြပြီး နေပြည်တော်၌ ဇွန်လအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် HIV ဖြစ်ပွားမှုနှင့်ဘေးအန္တရာယ် လျှော့ချရေးဆိုင်ရာ အသိပညာပေးရေးဆွေးနွေးပွဲတစ်ခုကို UNAIDS မှ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ်ဝင်းခေါင်၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီးမှူး ရဲမှူးချုပ်စိုးမြိုင်၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ခေတ္တတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်အောင်၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဌာနဌာနမှူး ရဲမှူးကြီးမြင့်ဦး၊ စီမံကိန်းဌာနဌာနမှူး ရဲမှူးကြီးဇော်လင်းထွန်းတို့ တက်ရောက်ခဲ့ကြပြီး UNAIDS မှ Mr. Eamonn Murphy နှင့်အတူ HIV Prevention Advisor Ms. Geraldine Cazoria၊ အတိုင်ပင်ခံအရာရှိ ဒေါက်တာစိုင်းလုံတစ်တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အစိုးရ ထက်၊ လယ်၊ မူ ကျောင်း ဆရာ ဆရာမများ အပိုငွေကောက်ခံပါက ထိထိရောက်ရောက် အရေးယူမည်

ရန်ကုန် ဇွန် ၁

နိုင်ငံတစ်ဝန်း ပညာရေးဝန်ကြီးဌာနအောက်ရှိ အစိုးရပိုင် ထက်၊ လယ်၊ မူကျောင်းများမှ ဆရာ ဆရာမများအနေဖြင့် ယခုနှစ် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် အားကစားကြေး၊ အာစရိယပူဇော်ကြေး၊ ကျောင်းစာကြည့်တိုက်ကြေး၊ စာမေးပွဲကြေး၊ စာရွက်စာတမ်းကြေးကအစ အခြားမည်သည့် အကြောင်းအရာဖိုးမှ ကျောင်းသားများနှင့် ကျောင်းသားမိဘများထံမှ ကောက်ခံမှုကို လုံးဝခွင့်ပြုတော့မည်မဟုတ်ဘဲ တိုင်ကြားသိရှိပါက ပညာရေးဝန်ကြီးဌာနအနေဖြင့် ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

ဓာတ်ပုံ-မင်းထက်

မြန်မာနိုင်ငံအနေဖြင့် ဘက်ပေါင်းစုံမှ ပြုပြင်ပြောင်းလဲမှုများ အရှိန်အဟုန်ဖြင့် လုပ်ဆောင်လျက်ရှိရာတွင် နိုင်ငံအဆင့်အတန်းမြင့်စေရန် အဓိကအခြေခံအချက်ဖြစ်သည့် ပညာရေးကို အစဉ်တစိုက်တစ်ဟုန်ထိုး လုပ်ဆောင်နေပြီ ဖြစ်သည်။ ယခင်နှစ် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှစ၍ အခမဲ့မူလတန်းကျောင်းပညာရေးကို စတင်အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့ပြီးဖြစ်သည်။ ယခုနှစ် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင်လည်း တစ်ဆင့်မြှင့်၍ အခမဲ့ အလယ်တန်းအဆင့်ပညာရေးကို နိုင်ငံတော်စီမံချက်ဖြင့် စတင်အကောင်အထည်ဖော်လုပ်ဆောင်နေပြီဖြစ်သည်။

“ကျွန်တော်တို့ ယခုနှစ်ကစပြီး အလယ်တန်းအခမဲ့ပညာရေးစနစ်ကို နိုင်ငံတော်စီမံချက်ဖြင့် လုပ်ဆောင်ပေးနေပါပြီ။ ကျောင်းအပ်ခ၊ ဖတ်စာအုပ်ဖိုးကအစ မည်သည့်ငွေမှ တစ်ပြားတစ်ချပ်မှ မပေးရပါဘူး။ ဒါ့အပြင်အားကစားကြေး၊ ကျောင်းစာကြည့်တိုက်ကြေး၊ စာမေးပွဲကြေး၊ အာစရိယ ပူဇော်ပွဲကြေးကအစ ကျောင်းသားနဲ့ ကျောင်းသားမိဘတွေထံက ဘာဆိုဘာမှကောက်ခံမှုမပြုရတော့ပါဘူး။ ကောက်ခံရင် တစ်ဦးတစ်ယောက်က တိုင်လို့ပဲဖြစ်ဖြစ်၊ သိလို့ပဲ ဖြစ်ဖြစ် ဒီနှစ်ကတော့ အရင်နှစ်တွေကလို မြို့ကနေနယ်တွေပြောင်းတာတို့၊ ရာထူးလျှော့တာတို့ မလုပ်တော့ပါဘူး။ အနည်းဆုံး ပင်စင်ပေးလို့ရရင် ပင်စင်ပေးမယ်။ အပြစ်ပေါ်မှာမူတည်ပြီးတော့ လုံးဝဖြုတ်သင့်ရင်ဖြုတ်၊ အပြစ်ကြီးငယ်ပေါ်မူတည်ပြီး ဒီကိစ္စကို ပညာရေးဝန်ကြီးဌာနအနေနဲ့ ကင်းစင် ပပျောက်သွားအောင် လုပ်ဆောင်သွားဖို့ စီစဉ်ဆောင်ရွက်မှုတွေ လုပ်နေပါတယ်” ဟု ပညာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်စိန်က မြန်မာ့အလင်းသို့ ပြောကြားသည်။

နိုင်ငံတော်အနေဖြင့် မြန်မာနိုင်ငံ၏ ပညာရေးကိုအဆင့်မြင့်စေရန် ရည်ရွယ်ချက်ဖြင့် ယခင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစပြီး နိုင်ငံတစ်ဝန်းရှိ ထက်၊ လယ်၊ မူ ကျောင်းများကို သင့်တင့်လျောက်ပတ်သည့် အသုံးငွေဘတ်ဂျက်များ စတင်ချထားပေးခဲ့သည်။ ထို့အပြင် ကမ္ဘာ့ဘဏ်၊ ဩစတြေးလျနှင့် NGO အဖွဲ့အချို့တို့ကလည်း မြန်မာနိုင်ငံ ပညာရေးအဆင့်မြင့်စေရန် ဒေါ်လာသန်း ၁၀၀ ကို ထောက်ပံ့လှူဒါန်းမှုပြုခဲ့သည်။ သို့သော် ယခင်ပညာသင်နှစ်တွင် ထက်၊ လယ်၊ မူကျောင်းများသို့ နိုင်ငံတော်က ချထားပေးသည့် အသုံးပြုရန်ငွေဘတ်ဂျက်များကို စည်းကမ်းတကျသုံးစွဲမှု အလေ့အထမရှိသော ကျောင်းအချို့က အဆိုပါငွေကိုသုံးစွဲမှု မရှိဘဲ ကျောင်းသားများနှင့် ကျောင်းသား မိဘများထံမှ အချို့ အသုံးစရိတ်ငွေများကို ကောက်ခံမှုများ ရှိခဲ့ခြင်းတို့ကြောင့် ယခုနှစ်တွင် ထိုသို့မဖြစ်စေရန် ပညာရေးဝန်ကြီးဌာနအနေဖြင့် ထိထိရောက်ရောက် အပြစ်ပေး ဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

“ကျွန်မတို့ ပညာရေးအနေနဲ့ အရင်နှစ်တွေက အခုလို ဘတ်ဂျက်ချထားပေးတာ မရှိခဲ့ဘူးလေ။ အခုလို ချထားပေးတော့ ဘယ်လိုသုံးရမယ်မှန်းလည်း မသိဘူးပေါ့။ ပြီးတော့ စာရင်းစစ်ကိုလည်း ကြောက်ရတယ်လေ။ အဲဒီငွေထဲက သိပ်မသုံးရဲလို့ ကျောင်းမိုးမလုံလို့ ပြင်ဖို့တောင်မှ မတင်ပြခဲ့ဘူး။ ဒီနှစ်တော့ ပညာရေးက လိုက်လံကြီးကြပ်စစ်ဆေးတဲ့အဖွဲ့က တကယ်အမှန်လုပ်တာ၊ တိတိကျကျနဲ့စစ်မှန်တဲ့ ဘောက်ချာအစစ်နဲ့ဆိုရင် ရဲရဲတင်းတင်းသုံးလို့တော့ မှာထားတယ်။ ဒါ့ကြောင့် ဒီနှစ်မှာတော့ လုပ်သင့်လုပ်ထိုက်တာ၊ ပြင်သင့်ပြင်ထိုက်တာကိုလည်းပြင်မယ်။ ပြီးတော့ ကလေးတွေ ကျန်းမာရေးအတွက် ကျောင်းနောက်ကချိုးနွယ်တွေကိုရှင်းဖို့လည်း အထက်ကို တင်ပြထားပါတယ်”ဟု သာကေတမြို့နယ်အတွင်းရှိ အခြေခံပညာ မူလတန်းကျောင်းအုပ်ဆရာမတစ်ဦးက ဆိုသည်။

မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှစတင်၍ အခမဲ့မူလတန်းပညာရေးကိုစတင်ခဲ့ပြီး ယခုနှစ် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် အခမဲ့ အလယ်တန်းပညာရေးကို စတင်ဆောင်ရွက်ခဲ့ပြီ ဖြစ်သည်။ အခမဲ့ မူလတန်းပညာရေးစနစ်တွင် ကျောင်းအပ်နှံခ၊ ဖတ်စာအုပ်၊ ဗလာစာအုပ်နှင့် ကလေးများကို ခဲတံ၊ ဘောပင် စသည်တို့ကို ဝယ်ယူရန် ငွေကျပ် ၁၀၀၀ နှုန်းကိုလည်း နှစ်နှစ်ဆက်တိုက်ပေးဝေခဲ့ပြီး ယခုနှစ် အခမဲ့ အလယ်တန်းပညာရေးတွင် ကျောင်းအပ်နှံခနှင့် ကျောင်းသုံးဖတ်စာအုပ်တို့ကို အခမဲ့ပေးဝေသည့်အပြင် ပညာသင်နှစ်တစ်ခုလုံးတွင်လည်း ကျောင်းသားနှင့် ကျောင်းသားမိဘများအနေဖြင့် အကုန်အကျခံပေးဆောင်သင်ယူရတော့မည် မဟုတ်ကြောင်း သိရသည်။

သတင်း-မင်းခေတ်

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁

ဇွန် ၅ ရက်တွင်ကျရောက်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဟောပြောပွဲတစ်ရပ်ကို ရန်ကုန်မြို့ ကမ်းနားလမ်းရှိ ဗြိတိသျှကောင်စီစာကြည့်တိုက်၌ ဇွန် ၅ ရက် ညနေ ၅ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲတွင် Myanmar Climate Change Watch မှ အမှုဆောင် အရာရှိချုပ် ဒေါက်တာ ဦးထွန်းလွင်နှင့် Myanmar Environmental Working Group မှ အကြံပေးအရာရှိ ပါမောက္ခဦးခင်မောင်ချို့တို့က ရာသီဥတုနှင့်ဖွံ့ဖြိုးတိုးတက်မှုတို့ပေါင်းစည်းခြင်းနှင့် မြန်မာနိုင်ငံတွင် ရာသီဥတုပြောင်းလဲမှုနှင့် ဆီလျော်စေရန် ပြုပြင်ခြင်းအကြောင်းအရာများကို တင်ပြဆွေးနွေးသွားမည်ဖြစ်ကြောင်းသိရသည်။

ဟောပြောပွဲကို ဇွန် ၄ ရက်နောက်ဆုံးထား၍ အွန်လိုင်းမှတစ်ဆင့် http://tinyurl.com/reserve-now-3 ထံ စာရင်းပေးနိုင်သည့်အပြင် အသင်းဝင်မဟုတ်သူများအနေဖြင့် မှတ်ပုံတင် သို့မဟုတ် ကျောင်းသားကတ်ယူဆောင်လာရန်လိုအပ်ကြောင်းသိရသည်။ ဟောပြောပွဲအပြီးတွင် presenter များနှင့် သိရှိလိုသည်များကို ဆွေးနွေးနိုင်ကြောင်းလည်း သိရသည်။

မြတ်စန္ဒီသင်းဇော်

ပြင်ဦးလွင် စီမံလန်းစိုပြည်ရေးဆိုင်ရာများ ရှင်းလင်း

ပြင်ဦးလွင် ဇွန် ၁

ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ပြင်ဦးလွင် မြို့မိမြို့ဖ လုပ်ငန်းရှင်များအား စည်ပင်သာယာရေးနှင့် စိမ်းလန်းစိုပြည်ရေးရှေ့လုပ်ငန်းစဉ်များ ရှင်းလင်းတင်ပြခြင်းအခမ်းအနားကို မေ ၃၀ ရက် နံနက် ၉နာရီက ပြင်ဦးလွင်မြို့တော်ခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် ပြင်ဦးလွင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လတ်က အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမြင့်က လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြကာ စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်တင်က စည်ပင်သာယာရေးလုပ်ငန်းအရပ်ရပ်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာသော ပရိသတ်များက အကြံပြုဆွေးနွေး တင်ပြခဲ့ကြကြောင်း သိရသည်။ **ချစ်ဆွေ(ပြင်ဦးလွင်)**

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ကမ္ဘာ့ကျန်းမာရေးညီလာခံ တက်ရောက်ခဲ့

နေပြည်တော် ဇွန် ၁

(၆၇)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံနှင့် (၁၃၅)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အလုပ်အမှုဆောင်ဘုတ်အဖွဲ့အစည်းအဝေးကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂအဖွဲ့ရုံး၌ မေ ၁၉ ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့ရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၁၉ ရက် နံနက် ၉ နာရီတွင် ကုလသမဂ္ဂအဖွဲ့ရုံး အစည်းအဝေးခန်းမကြီး၌ ပြုလုပ်သည့် ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်သည်။ အစည်းအဝေးနေ့လယ်ပိုင်း အစီအစဉ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အဖွဲ့ဝင်နိုင်ငံများ၏ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များက သဘာဝပတ်ဝန်းကျင်၏ ကျန်းမာရေးအပေါ် အပြန်အလှန် အကျိုးသက်ရောက်မှုများနှင့် စပ်လျဉ်း၍ Country Statement များ ပြောကြားခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် နေ့လယ်ပိုင်းတွင် ကျင်းပသော အရှေ့တောင်အာရှ ဒေသဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဝင်နိုင်ငံများ၏ ညှိနှိုင်းအစည်းအဝေး (SEARO) နှင့် ကော်မတီ (A) အစည်းအဝေးသို့လည်း တက်ရောက်ခဲ့သည်။ နည်းပညာရပ်ဆိုင်ရာကိစ္စရပ်များ ဆွေးနွေးမည့် ကော်မတီ (A) အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ဒုတိယသဘာပတိအဖြစ် ရွေးချယ်တင်မြှောက်ခဲ့ပြီး မေ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် အလှည့်ကျသဘာပတိအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။

မေ ၁၈ ရက်တွင် ဂျီနီဗာမြို့၌ အမေရိကန်နိုင်ငံ ဟားဗတ်တက္ကသိုလ်က ကျင်းပသည့် ကျန်းမာရေးဝန်ကြီးများဆွေးနွေးပွဲသို့ တက်ရောက်၍ မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ၊ အာဟာရ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ကျန်းမာရေးဆိုင်ရာ ထောင်စုနှစ်ရည်မှန်းချက်များ ပြည့်မီရေး ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားခဲ့သည်။

မေ ၂၀ ရက်တွင် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့၌ ကျင်းပသည့် ကာကွယ်ဆေးထိုး လုပ်ငန်းများ အဆင့်မြှင့်တင်ရေးဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးသို့ တက်ရောက်၍ ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးရေး အစီအစဉ်များ တိုးမြှင့်ဆောင်ရွက်ရေးနှင့် ကာကွယ်ဆေးသစ်များ ထည့်သွင်း ထိုးနှံရေး ကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးခဲ့သည်။

မေ ၂၅ ရက်မှ ၂၇ ရက်အထိ ပြည်ထောင်စုဝန်ကြီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ပြင်သစ်နိုင်ငံ ပဲရစ်မြို့၌ ပြင်သစ်နိုင်ငံ ကျန်းမာရေးနှင့် လူမှုရေးဝန်ကြီး Mrs. Marisol Touraine နှင့် တွေ့ဆုံ၍ မြန်မာ-ပြင်သစ် နှစ်နိုင်ငံ ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သွားရေးနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ပြင်သစ်ဖွံ့ဖြိုးမှုဆိုင်ရာ အေဂျင်စီ၊ ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးဆိုင်ရာ သံအမတ်ကြီးနှင့် အခြားလူမှုရေးအဖွဲ့အစည်းများဖြစ်သော Pasteur Institute၊ Foundation Merieux၊ Sanofil Pasteur တို့နှင့် တွေ့ဆုံညှိနှိုင်း ဆွေးနွေးခဲ့ပြီး မေ ၂၉ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။

(သတင်းစဉ်)

ခရိုင်သစ်တောအရာရှိများ စီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဆင်း

နေပြည်တော် ဇွန် ၁

ခရိုင်သစ်တောအရာရှိများစီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည်မြင့်မားရေး သင်တန်းကို သစ်တောသုတေသနဌာန(ရေဆင်း)တွင် ၁၂ ရက်ကြာ သစ်တောစီမံအုပ်ချုပ်မှုများနှင့် လက်တွေ့ကွင်းဆင်းလေ့လာမှုများ ပေါင်းစပ်လျက် ပို့ချခဲ့ပြီးနောက် မေ ၃၀ ရက်တွင် သင်တန်းဆင်းပွဲ အခမ်းအနားကို ကျင်းပခဲ့သည်။

အဆိုပါသင်တန်းဆင်းပွဲအခမ်းအနားသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအေးမြင့်မောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ သစ်တောတက္ကသိုလ်ပါမောက္ခချုပ်၊ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အရာထမ်းများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ သင်တန်းဆရာနှင့် သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။

ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် ခရိုင်သစ်တောအရာရှိများသည် ဝန်ကြီးဌာန၏ အဓိကစွမ်းဆောင်ရည်ရှိသော ဝန်ထမ်းအဆင့်များဖြစ်ကြပြီး ဌာန၏ Key player များဖြစ်ကြသည့်အတွက် မိမိဌာန စွမ်းဆောင်ရည်မြင့်မားစွာဖြင့် ကြိုးစားစည်းရုံးကွပ်ကဲ ဆောင်ရွက်သွားရန်လိုကြောင်း၊ သင်တန်းတွင်ပို့ချသော သစ်တောစီမံအုပ်ချုပ်မှု၊ တရားစီရင်မှု၊ အဂတိလိုက်စားမှုတားမြစ်ရေး၊ စာရင်းစစ်ဆေးခြင်း၊ စာရင်းစစ် အစီရင်ခံစာသုံးသပ်ချက်များစသည့် အကြောင်းအရာများကို မိမိသာမက မြို့နယ်အဆင့်များ ထိရောက်အောင် ဆောင်ရွက်နိုင်ကြရမည်ဖြစ်ကြောင်း၊ သစ်တောသစ်ပင်များနှင့် ပတ်သက်၍ အဓိကတာဝန်ယူနေရသည့် မိမိတို့ သစ်တောသမားများသည် အတ္တကြီးမားသော ဝိသမလောဘသားတို့၏ ဖျက်ဆီးခြင်းရန်မှ ကာကွယ်ရမည်ဖြစ်ကြောင်း၊ ထိုသို့ကာကွယ်ထိန်းသိမ်းရေးအပိုင်းများတွင် မိမိတို့၏ ဝန်ထမ်းအင်အား တစ်ခုတည်းဖြင့် ဆောင်ရွက်နိုင်မည်မဟုတ်သည့်အတွက် ဒေသခံပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုရရှိမှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ သစ်တောထွက်ပစ္စည်းများ တရားမဝင် ပိုမိုထုတ်ယူသုံးစွဲလာခြင်း၊ သစ်တောမြေများကို အခြားမြေအဖြစ်ပြောင်းလဲအသုံးချမှုများမှ ကာကွယ်ရန်လိုအပ်ကြောင်း၊ ယနေ့ကာလသစ်တောစီမံအုပ်ချုပ်မှုများတွင် ပြည်သူလူထု၏ပူးပေါင်းဆောင်ရွက်မှုပါဝင်သော လူမှုသစ်တော (Social Forestry) အဖြစ် အကောင်အထည်ဖော်နိုင်သည့် (Social Forester) များအဖြစ် ပြောင်းလဲဆောင်ရွက်နိုင်ရမည်ဖြစ်ကြောင်း၊ ယခုသင်တန်းသည် ခရိုင်သစ်တောအရာရှိများ၏ စွမ်းဆောင်ရည်မြင့်မားလာစေရန် အတိုင်းအတာတစ်ခုအထိ အကျိုးဖြစ်ထွန်းနိုင်မည်ဟု ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ငါးရစ်ငါးသန်ရာသီ ငါးဖမ်းကိရိယာဖြင့် ငါးဖမ်းဆီးခြင်းမပြုလုပ်ကြရန် ဟောပြော

ပန်းတနော် ဇွန် ၁

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသယံဇာတ မပြုန်းတီးစေရေး၊ ငါးမျိုးစိတ်များ တိုးပွားလာစေရေးနှင့် ပြည်သူများ သား၊ ငါး ရိက္ခာဖူလုံစေရေးကို ရှေးရှုလျက် အသိပညာပေး ဟောပြောပွဲကို မေ ၃၀ ရက် နံနက် ၁၀ နာရီက ပန်းတနော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးကိုတင့်က အမှာစကားပြောကြားပြီး မြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးသိန်းသန်းက ယခုအချိန်အခါသည် မြစ်ချောင်း၊ အင်းအိုင်၊ ဆည်တာတမံ၊ မြောင်းများတွင် ဥများနှင့် ပြည့်ဝနေသော မျိုးငါးမကြီးများနှင့် မျိုးရည်ပြည့်နေသော ငါးထီးများသည် ငါးရစ်တက်လျက် ရေပြင်အနှံ့အပြားတွင် မျိုးဥများ၊ သားပေါက်ငယ်များ ပျံ့နှံ့နေပြီဖြစ်ကြောင်း၊ ငါးလုပ်ငန်းဦးစီးဌာနမှ ငါးရစ်၊ ငါးသန်ချိန်ဖြစ်သော မေ၊ ဇွန်၊ ဇူလိုင်လများတွင် ငါး၊ ပုစွန်များကို ဖမ်းဆီးသတ်ဖြတ်ခြင်းမပြုလုပ်ရန် ရေဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေအမှတ် (၂/၂၀၁၂)ဖြင့် ထုတ်ပြန် တားမြစ်ထားပြီးဖြစ်ကြောင်း၊ ထို့အပြင် ငါးမျိုးပြုန်းတီးမှုကို ဖြစ်ပေါ်စေသည့် ဘက်ထရီရှော့ခ်တိုက် ငါးဖမ်းဆီးခြင်း၊ ဆေးချငါးဖမ်းဆီးခြင်း၊ အခြားခွင့်မပြုသည့် ငါးဖမ်းနည်းများဖြင့် ငါးဖမ်းဆီးခြင်း မပြုလုပ်ကြရန်နှင့် လိုက်နာဆောင်ရွက်ကြရန်တို့ကို ဟောပြောခဲ့သည်။

ခင်မောင်ဇော်မြင့်

ငါးရစ် ငါးသန်ဘေးမဲ့ချန်
ပုံမှန်စားသုံး မျိုးမသုဉ်း

မန္တလေးတိုင်းဒေသကြီး မြန်မာ့ရိုးရာလက်ဝှေ့လူရွေးချယ်ပြီးစီး

မန္တလေး ဇွန် ၁

တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ကရင်ပြည်နယ် ဘားအံမြို့တွင် သွားရောက်ယှဉ်ပြိုင်နိုင်ရန် မန္တလေးတိုင်းဒေသကြီးမှ မြန်မာ့ရိုးရာလက်ဝှေ့လူရွေးပွဲပြီးစီး၍ အပြီးသတ်လူစာရင်းကို မန္တလေးတိုင်းဒေသကြီး မြန်မာ့ရိုးရာလက်ဝှေ့ကော်မတီမှ ထုတ်ပြန်ထားသည်ဟု သိရသည်။ အဆိုပါ ပြိုင်ပွဲဝင်ရန် စာရင်းတွင်ပါရှိသူများကို လေ့ကျင့်ပေးလျက်ရှိသည်။

ရွေးချယ်ထားသည့် မြန်မာ့ရိုးရာလက်ဝှေ့ မန္တလေးတိုင်းဒေသကြီး လူစာရင်းမှာ-

- ၄၈ ကီလိုတန်း (မျိုးဆက်သစ်)တွင် စိန်လုံးချော(မတ္တရာ)၊
- ၄၈ ကီလိုတန်း(အလွတ်တန်း)တွင် ညီညီထွန်း(SKK)၊
- ၅၁ ကီလိုတန်းတွင် နွေဦး(စဉ့်ကိုင်)၊
- ၅၄ ကီလိုတန်း(မျိုးဆက်သစ်)တွင် မင်းနိုင်ထွန်း (SKK)၊
- ၅၄ ကီလိုတန်း(အလွတ်တန်း)တွင် ဇော်ချစ်အောင်(SKK)၊
- ၆၀ ကီလို(လူသစ်တန်း) တွင် ဖြိုးကြီး(အမရပူရ)
- ၆၀ ကီလို(အလွတ်တန်း) တွင် သားကြီး(မတ္တရာ)၊
- ၆၇ ဒသမ ၄ ကီလို(လူသစ်တန်း)တွင် စောလူမင်း (SKK)၊
- ၆၇ ဒသမ ၄ ကီလို(အလွတ်တန်း)တွင် သားအသဲတစ်ပွင့်(မတ္တရာ)

တို့ကို ရွေးချယ်ထားသည်ဟု သိရသည်။ အဆိုပါ မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု ရွေးချယ်ထားသူများသည် ဇွန် ၈ ရက်တွင် ကရင်ပြည်နယ် ဘားအံမြို့တွင် ကျင်းပမည့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရမည်ဟု သိရသည်။

အဆိုပါ တိုင်းဒေသကြီး/ပြည်နယ် အဆင့်ပြိုင်ပွဲ ကရင်ပြည်နယ် ဘားအံသို့ ဆရာဦးမောင်မောင်(အုပ်ချုပ်သူ)၊ နည်းပြများအဖြစ် ဆရာဦးမိုးလေး၊ ဆရာဦးသောင်းကျော်(မတ္တရာ)၊ ဦးသူရရဲအောင်တို့ လိုက်ပါသွားမည်ဟု သိရသည်။ အဆိုပါပြိုင်ပွဲရက်မှာ တစ်ပတ်ခန့်ကြာမြင့်မည်ဖြစ်သည်။

ခင်ခင်ဝင်း(ပညာရေး)

စလင်းမြို့တွင် ပြန်လည်စွန့်လွှတ်မြေများ သက်ဆိုင်ရာက တောင်သူများထံပေးအပ်

စလင်း ဇွန် ၁

မကွေးတိုင်းဒေသကြီး စလင်းမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံး အစည်းအဝေးခန်းမ၌ မေ ၃၁ ရက် နံနက် ၉ နာရီက စလင်းတပ်နယ်ခလရ(၂၅၃)မှ ပြန်လည်စွန့်လွှတ်သည့် ဖောင်းလင်းကွင်းရှိ ကွင်းအမှတ် (၆၅၂/၆၅၃/၆၅၄) တို့မှ ဦးပိုင်လုပ်ကွက် ၂၉ ကွက်၊ မြေလွတ်မြေရိုင်း ဧရိယာ ၁၂၅ ဒသမ ၅၄ ဧကကို မူလပိုင်ရှင်များဖြစ်သည့် ဖောင်းလင်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ တောင်သူ ၂၇ ဦးတို့ထံ ယာယီလုပ်ကိုင်ခွင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကျင်းပခဲ့သည်။ အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးအောင်နိုင်က ယာယီလုပ်ပိုင်ခွင့်ပုံစံ(၃)ကို ပေးအပ်ခဲ့ရာ တောင်သူများကိုယ်စား ဖောင်းလင်းကျေးရွာအုပ်စု၊ ငွေတောင်ကျေးရွာနေ တောင်သူဦးကျော်မြင့်က လက်ခံယူခဲ့ကြောင်း၊ အဆိုပါပေးအပ်ပွဲသို့ တိုင်းမြေစာရင်းဦးစီးမှူး ဦးတင့်နိုင်ထွန်း၊ ခရိုင်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်မြင့်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ တောင်သူများ တက်ရောက်ခဲ့ကြသည်။

ကျော်ဇေယျ(မကွေး)

တောင်ငူတွင် အခွန်ဆိုင်ရာဥပဒေပြုပြင်ပြောင်းလဲရေးရှင်းလင်း

တောင်ငူ ဇွန် ၁

တောင်ငူမြို့တွင် တည်ဆဲအခွန်ဆိုင်ရာဥပဒေများကို ပြင်ဆင်ပြဋ္ဌာန်းချက်များနှင့် ၂၀၁၄ခုနှစ် အခွန်ကောက်ဥပဒေတို့ ရှင်းလင်းပွဲကို မေ ၃၁ ရက် နံနက် ၉ နာရီက တောင်ငူမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် တောင်ငူမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဝင်းက အခွန်ကောက်ခံရခြင်းရည်ရွယ်ချက်မှာ ပြည်သူတစ်ရပ်လုံးအတွက် ကျန်းမာရေး၊ပညာရေး၊လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးစသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အစိုးရမှ ကျခံသုံးစွဲနိုင်ရန်အတွက် အသုံးစရိတ်များ ရရှိရန် အခွန်ကောက်ခံခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် တောင်ငူမြို့နယ် အခွန်ဦးစီးဌာနမှူး ဒေါ်ချိုလေးမာက ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ၊ တံဆိပ်ခေါင်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေတို့ကို ရှင်းလင်းပြီး ၎င်းဥပဒေများသည် ၂၀၁၄-၂၀၁၅ ဝင်ငွေနှစ်မှစတင်၍ အကျိုးဝင်မည်ဖြစ်ကြောင်း သိရသည်။

သူရ(တောင်ငူ)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

စားအုန်းဆီဈေးနှုန်းများ လေးလတာအတွင်း အနိမ့်ဆုံးဈေးအထိ ကျဆင်းလာ

ရန်ကုန် ဇွန် ၁

ရန်ကုန်ဆီဈေးကွက်၏ မေ ၃၁ ရက် စားအုန်းဆီဈေးနှုန်းသည် ယခုနှစ်လေးလတာအတွင်း အနိမ့်ဆုံးဖြစ်နေသကဲ့သို့ ယခင်နှစ် ကာလတူဈေးနှုန်းထက်လည်း နိမ့်နေကြောင်း ဆီရောင်းဝယ်သူတစ်ဦးက ဆိုသည်။

မေ ၃၁ ရက်တွင် ရန်ကုန်စားအုန်းဆီလက်ကား လက်ငင်း တစ်ပိဿာ၁၄၉၅ကျပ်နှုန်း၊ ယူဇနကန်ဆီငွေကျပ် ၁၄၉၀ နှုန်းရှိပြီး မေ ၃၀ ရက်တွင် မလေးရှား FOB တစ်တန်လျှင် ၈၄၅ ဒေါ်လာ၊ ပို့ကုန် ရငွေ ငွေလဲနှုန်း ၉၆၈ ကျပ်ဖြင့် ဆိပ်ကမ်းရောက်တစ်ပိဿာ အရင်းဈေး ၁၅၃၄ကျပ်ရှိကြောင်း၊ ယခင်နှစ်ကာလတူဖြစ်သော ၂၀၁၃ မေ ၃၁ ရက်တွင် FOB တစ်တန် ဒေါ်လာ ၈၄၀၊ ငွေလဲနှုန်း ၉၄၂ ကျပ်ဖြင့် တစ်ပိဿာ အရင်းဈေး ၁၅၄၁ ကျပ်နှုန်းရှိပြီး ရန်ကုန်ဆီဈေးကွက်လက်ကားတစ်ပိဿာ ရောင်းဈေးမှာ ၁၅၀၅ ကျပ်ရှိခဲ့သည်ဟု ဆီဈေးနှုန်းဟောင်းများအရ သိရသည်။

၂၀၁၄ ဇန်နဝါရီ ၉ ရက်မှ ၃၀ ရက်အထိ ပြည်တွင်းဆီဈေးကွက်တွင် စားအုန်းဆီလက်ကား တစ်ပိဿာ ရောင်းဈေး ငွေကျပ် ၁၅၀၀အထိသာရှိပြီး ဇန်နဝါရီ ၃၁ ရက်တွင် ၁၅၀၅ ကျပ်သို့ စတင်မြင့်တက်ကာ မတ် ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ၁၇၃၅ ကျပ်နှုန်းအထိ အမြင့်ဆုံးဈေး မြင့်တက်ခဲ့ပြီး ဈေးပြန်ကျလာခြင်းဖြစ်ကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

မတ် ၁၂ ရက်တွင် မလေးရှား FOB တစ်တန် ၉၆၅ ဒေါ်လာ၊ ငွေလဲနှုန်း ၉၆၅ ကျပ်ဖြင့် တစ်ပိဿာ အရင်းဈေး ၁၇၄၁ ကျပ်ရှိခဲ့ရာ မတ်လဆန်းတွင် စားအုန်းဆီ ပြည်တွင်းပြည်ပ ဈေးနှုန်းအမြင့်ဆုံးဖြစ်ခဲ့ပြီး နှစ်လကျော်အကြာတွင် ပြည်ပ FOB ဈေးနှုန်း တစ်တန်လျှင် ဒေါ်လာ ၁၂၀၊ ပြည်တွင်း တစ်ပိဿာရောင်းဈေးငွေကျပ် ၂၄၀ ဈေးကျခဲ့သည်ဟု ဆီအဝယ်တော်တစ်ဦးကဆိုသည်။

ဖေဖော်ဝါရီလနှင့် မတ်လဆန်းရက်ပေါင်း ၄၀ အတွင်း စားအုန်းဆီပြည်တွင်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၂၀၀ကျော် ဈေးမြင့်တက်ချိန်တွင် စားအုန်းဆီ လက်ဝယ်ရှိသူများ အကျိုးအမြတ်များစွာရရှိခဲ့ကြောင်း ကုန်သည်များက ပြောသည်။

သင်္ကြန်ပတ်ဝန်းကျင်နှစ်လကျော်ကာလတွင်မူ တစ်ပိဿာ ငွေကျပ် ၂၀၀ ကျော်ဈေးပြန်ကျ၍ အရှုံးများ ရှိခဲ့သည်ဟု ဆီကုန်သည်တစ်ဦးက သူ့အတွေ့အကြုံကို ပြန်လည်ပြောကြားသည်။

ယခင်နှစ် ၂၀၁၃ မေလကုန်တွင် မြေပဲဆီလက်ကား ဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၃၉၀၀ ရှိပြီး ယခုနှစ် ၂၀၁၄ မေလကုန်တွင် ငွေကျပ် ၃၂၀၀သာရှိခဲ့သည့်အတွက် ယခင်နှစ်ကထက် ဈေးနှုန်းများ နိမ့်ကျနေခဲ့သည်။

မေလကုန် စားသုံးဆီဈေးနှုန်းများသည် ယခင်နှစ်ကာလတူ စားသုံးဆီဈေးနှုန်းများထက် နိမ့်နေရာ စားသုံးသူများ စားသုံးဆီဝယ်ယူမှုတွင် ငွေကြေးသက်သာမှု ရှိလာသည်ဟု ဆီရောင်းဝယ်သူတစ်ဦးကဆိုသည်။ **ခင်ဆိုင်**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂-၆-၂၀၁၄

ရွှေဈေးနှုန်း (အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၄၈၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၁၀၆၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၄၈၀၀၀

စက်သုံးဆီဈေးနှုန်း (ပုဂ္ဂလိကဆိုင်များ)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၄
ဒီဇယ်	တစ်လီတာ	ကျပ် ၉၅၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၉၄၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၁၁၀၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၅၀

သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၃၂၀၀-၃၅၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၂၈၀၀-၃၀၀၀
၃။	ငါးရံ့	တစ်ပိဿာ	၅၀၀၀-၈၀၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၇၀၀၀-၁၅၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၅၀၀၀-၉၀၀၀
၆။	ပုစွန်ထုပ်	တစ်ပိဿာ	၉၀၀၀-၁၅၅၀၀
၇။	ငါးသားလောက်	တစ်ပိဿာ	၇၀၀၀-၉၀၀၀
၈။	ကြက်	တစ်ပိဿာ	၅၅၀၀-၁၂၀၀၀
၉။	ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၆၀၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၉၀၀၀-၁၅၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၆၀၀၀-၈၅၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၆၀-၉၇၀
ဥရောပ	တစ်ယူရို	၁၃၃၀-၁၃၄၀
စင်ကာပူ	တစ်ဒေါ်လာ	၇၇၂-၇၈၀
ထိုင်း	တစ်ဘတ်	၃၀.၂-၃၂
အိန္ဒိယ	တစ်ရူပီး	၁၅.၄-၁၆
တရုတ်	တစ်ယွမ်	၁၅၅-၁၆၀
မလေးရှား	တစ်ရင်းဂစ်	၂၉၀-၃၀၀

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

မိုးဆန် (ဧည့်သည်အသစ်)	တစ်အိတ်	၃၂၀၀-၃၅၀၀
ပေါ်ကြွဲ (အသစ်)	တစ်အိတ်	၃၂၀၀-၃၅၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၃၂၀၀-၃၅၀၀
မြေပဲဆီ	တစ်ပိဿာ	၃၂၀၀-၃၅၀၀
စားအုန်းဆီ	တစ်ပိဿာ	၃၂၀၀-၃၅၀၀
ဆိပ်ဖြူကြက်သွန်ဖြူ	တစ်ပိဿာ	၃၂၀၀-၃၅၀၀
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၃၂၀၀-၃၅၀၀
ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၃၂၀၀-၃၅၀၀
အာလူး (ဆင်ဖြူကျွန်း)	တစ်ပိဿာ	၃၂၀၀-၃၅၀၀
ငရုတ်ရှည် (ပျော်ဘွယ်မိုး)	တစ်ပိဿာ	၃၂၀၀-၃၅၀၀
ငရုတ်ပွ (ဆင်ဖြူကျွန်း)	တစ်ပိဿာ	၃၂၀၀-၃၅၀၀
သကြား	တစ်ပိဿာ	ကျပ် ၆၇၅၅၀၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ စုစည်းသည်။ | ခင်ဆိုင် ဇေ့ငှတင်ပြသည်။

နိုင်ငံခြားဈေးကွက်ဝင် စိန်တလုံးသရက်သီးများ အထွက်နှုန်းကောင်းပြီး ဈေးကောင်းရ

မုံရွာ ဇွန် ၁

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်အတွင်းရှိ ဒီပဲယင်းကွဲကျေးရွာသည် လယ်ယာလုပ်ငန်းများ လုပ်ကိုင်ကြသကဲ့သို့ စိန်တလုံးသရက်ပင်များကို အဓိကစိုက်ပျိုးလျက်ရှိရာ အထွက်နှုန်းထက်ဝက်ခန့်မြင့်တက်သည့်အပြင် ဈေးကောင်းရလျက်ရှိသည်။

"စစ်ကိုင်းမြို့နယ် အရှေ့ခြမ်း၊ ရွာသစ်ကြီးကျေးရွာနှင့် မန္တလေးမြို့နယ်တွေမှာ လေပြင်းတိုက်တော့ သရက်သီးတွေကြွေကုန်တယ်။ ကျွန်တော်တို့ ဒီပဲယင်းကွဲကျေးရွာမှာ လေပြင်းမတိုက်တော့ ပျက်စီးမှုမရှိဘူး။ ဈေးနှုန်းက အသီး တစ်လုံး ၄၀၀ ဂရမ်ရှိတဲ့ အသီးတစ်တန်ကို ငွေကျပ် ၁၂ သိန်း၊ အသီးတစ်လုံး ၃၅၀မှ ၄၀၀ ဂရမ်ရှိတဲ့ အသီးတစ်တန်ကို ငွေကျပ် ၁၀ သိန်း၊ အသီးတစ်လုံး ၃၀၀ မှ ၃၅၀ ဂရမ်ရှိတဲ့ အသီးတစ်တန်ကို ငွေကျပ်ရှစ်သိန်း၊ အသီးတစ်လုံးကို ၂၀၀မှ ၃၀၀ဂ ရမ်ရှိတဲ့ အသီးတစ်တန်ကို ငွေကျပ် ခုနစ်သိန်းနှုန်းဈေးရတယ်။ ရန်ကုန်မှာ ကျင်းပခဲ့တဲ့ သစ်သီးဝလံပြပွဲမှာ သရက်သီးနဲ့ပတ်သက်ပြီး နည်းပညာတွေ၊ ဈေးကွက်တွေရခဲ့တယ်။ ကျွန်တော်တို့ ဒီဒေသတစ်ဝိုက်မှာ ဒီပဲယင်းကွဲ၊ ရွာသစ်၊ ရွာထောင်၊ ဂုံညင်းအုပ်၊ မေဂျာ၊ ပုံညာမထိရ၊ ညောင်ပင်ကန်၊ ညောင်ပင်သာ၊ ကင်းရွာ၊ ပေါက်ကားစတဲ့ ကျေးရွာတွေအားလုံးမှာ သရက်စိုက်ကြတယ်။ မနှစ်က ကျွန်တော့်ရဲ့ ဧက ၃၀၀ မှာ သရက်သီး တန် ၃၀၀၀ နီးပါးထွက်ပြီး ယခုနှစ်တန် ၄၀၀၀ ထွက်တယ်။ စိန်တလုံးသရက်သီးတွေက မေလအစပိုင်းမှာ ပိုမိုရောင်းရပြီး မေလကုန်ဆို အသီးအားလုံးကုန်တယ်" ဟု ဒီပဲယင်းကျေးရွာမှ သရက်သီးပင်စိုက်ခြံတောင်သူ ဦးကျော်မြင့်က ပြောကြားသည်။ စိန်တလုံးသရက်ပင်များကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကန့်ဘလူ၊ ကျွန်းလှ၊ စစ်ကိုင်း၊ မုံရွာ၊ ကနီ၊ မြင်းမူ၊ ရွှေဘို၊ ဝက်လက် စသည့်မြို့များတွင် စီးပွားဖြစ်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် စက်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက် လိုအပ်သော အောက်ဖော်ပြပါ စက်ပစ္စည်းများကို နိုင်ငံခြားသုံးငွေ (USD)ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

(က)	DVB-T2 Transmitter (USD)	67 Sets
(ခ)	Radio FM Transmitter(USD)	23 Sets

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၅-၆-၂၀၁၄ ရက်မှ ၂၀-၆-၂၀၁၄ ရက်အထိ နေ့စဉ် နံနက် ၉:၃၀ နာရီမှ ညနေ ၄:၃၀ နာရီအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၃-၆-၂၀၁၄ ရက် နံနက် ၉:၃၀ နာရီမှ ညနေ ၄:၃၀ နာရီအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော် (တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

စက်ပစ္စည်းများဝယ်ယူရေးကော်မတီ
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော်
ပြန်ကြားရေးဝန်ကြီးဌာန
ဖုန်း-၀၆၇-၇၉၄၈၃၊ ၀၆၇-၇၉၁၃၅၊ ၀၆၇-၇၉၄၁၁

ဖခင်အမည်မှန်

အထက(၂) မြောက်ဒဂုံ၊ ပဥ္စမတန်း (E) မှ မင်းခန့်နိုင်ဦး၏ ဖခင်အမည်မှန်မှာ ဦးသက်နိုင်ဦး ဖြစ်ပါသည်။



မွေးသက္ကရာဇ် အမှန်

၂၀၁၃-၂၀၁၄ ပညာသင်နှစ် အထက ဖရူဆို၊ ပဥ္စမတန်း (A) မှ မောင်ထွဋ်မြတ်စံ၏ မွေးသက္ကရာဇ်အမှန်မှာ ၄-၁-၂၀၀၃ ဖြစ်ပါသည်။

ချင်းပြည်နယ်၊ သစ်တောဦးစီးဌာနမှ ဖမ်းဆီးရမိသော နံ့သာနီတုံးများ လေလံတင်ရောင်းချရန် ကြေညာခြင်း

၁။ ချင်းပြည်နယ်၊ ဖလမ်းခရိုင်၊ တီးတိန်မြို့နယ် သစ်တောဦးစီးဌာနမှ ဖမ်းဆီးရမိထားသော နံ့သာနီတုံး ၁၇၇တုံး၊ ၁ဒသမ ၇၂၅၅တန်၊ ၂၈၂၉ပိဿာအား မျက်မြင်အခြေအနေအတိုင်း အောက်ပါအစီအစဉ်အရ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချပါမည်။

လေလံတင်ရောင်းချမည့်နေရာ - ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ ဟားခါးမြို့။
လေလံတင်ရောင်းချမည့်အချိန် - နံနက် ၁၀ နာရီ
လေလံတင်ရောင်းချမည့်ရက် - ၂၀၁၄ ဇွန် ၁၆ ရက်

၂။ လေလံဆွဲဝယ်လိုသူများသည် သိရှိလိုသောအချက်အလက်၊ စည်းကမ်းများနှင့် လျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၇-၆-၂၀၁၄ ရက်မှစတင်၍ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းဝယ်ယူနိုင်ပါသည်။

ညွှန်ကြားရေးမှူးရုံး
သစ်တောဦးစီးဌာန
ချင်းပြည်နယ်၊ ဟားခါးမြို့၊
ဖုန်း-၀၇၀-၂၁၁၀၇၊ ၀၇၀-၂၂၅၅၃

အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအစား	အရေအတွက်
က	အသုံးတူပစ္စည်း	(၁၂) မျိုး
ခ	ကျောင်းသုံးပစ္စည်း	(၈) မျိုး
ဂ	အဓိက အားကစားပစ္စည်း	(၁၂) မျိုး
ဃ	အားကစားနည်း(၂၅)နည်းအတွက် အထောက်အကူပြုပစ္စည်းများ	

တင်ဒါလျှောက်လွှာပိတ်မည့်ရက် - ၆-၆-၂၀၁၄ ရက်
တင်ဒါလျှောက်လွှာပိတ်မည့်အချိန် - ၁၆:၀၀ နာရီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်သိလိုသည့်အချက်အလက်များကို အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျိုက္ကဆံကွင်း၊ တာမွေမြို့နယ် ဖုန်း-၀၁-၄၀၀၀၃၇၊ ၀၁-၄၀၀၀၀၆ တို့သို့ ၂-၆-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းအဖွဲ့
အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၁/၂၀၁၄)

လမ်းဆောက်လုပ်ရေး၊ စီမံကိန်းအထူးအဖွဲ့(၅)မှ တာဝန်ယူဆောင်ရွက်သော မကွေးတိုင်းဒေသကြီးအတွင်းရှိ လမ်းများတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပြည်ထောင်စုတိုင်းဒေသကြီးရန်ပုံငွေဖြင့် လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သော ပူးတွဲဖော်ပြပါလမ်းခင်းပစ္စည်းများအား လမ်းအလိုက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

၁။ ခွဲကျောက်(ရွယ်စုံ)
၂။ အုတ်
၃။ သဲ

တင်ဒါပုံစံရောင်းချမည့်ရက် - ၂-၆-၂၀၁၄ ရက်မှ ၁၂-၆-၂၀၁၄ ရက် (ရုံးချိန်အတွင်း)
တင်ဒါပိတ်မည့်ရက် - ၁၃-၆-၂၀၁၄ ရက် နံနက် ၉ နာရီ
တင်ဒါဖွင့်မည့်ရက် - ၁၃-၆-၂၀၁၄ ရက် နံနက် ၁၀ နာရီ

အသေးစိတ်အချက်အလက်များကို လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၅) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ပျဉ်းမနားမြို့တွင် ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၆၇-၂၁၁၀၂၊
၀၉-၄၂၀၇၁၂၀၃၆၊ ၀၉-၄၂၁၀၄၉၂၆၅

ပြည်တွင်းသတင်းနှင့် ကော်ပြာ

ညသန်းခေါင်ယံယာဉ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်

ရန်ကုန် ဇွန် ၁

မေ ၃၀ ရက် ည ၁၂ နာရီခန့်က ကြည့်မြင်တိုင်မြို့နယ် သရက်တော (မြောက်)ရပ်ကွက် ကမ်းနားလမ်း ဗိုလ်စောပုလမ်းထိပ်၌ အလုံဘက်မှ ယာဉ်မောင်း ဦးဝင်းထွဋ် မောင်းနှင်လာပြီး ဘိလပ်မြေများ တင်ဆောင်လာသည့် ဟီးနိုး ၅/ ----နှင့် ကမာရွတ်ဘက်မှ ကြည့်မြင်တိုင်ဘက်သို့ ယာဉ်မောင်း (စုံစမ်းဆဲ) မောင်းနှင်လာသည့် လိုက်ထရပ် (Hijack) ၁ စ/----တို့ မျက်နှာချင်းဆိုင် တိုက်မိခဲ့ကြသည်။

အရှိန်ပြင်းစွာ တိုက်ခိုက်မိကြခြင်းကြောင့် လိုက်ထရပ်ကား၏ ရှေ့ဦးပိုင်းတစ်ခုလုံး လုံးဝပျက်စီးသွားပြီး ကားရှေ့ခန်းတွင် ပါလာသည့်လူနှစ်ဦးမှာ ဒဏ်ရာများပြင်းထန်စွာရရှိခဲ့ကြသည်။ ကားအတွင်း ညပ်နေသူ တစ်ဦးအား အနီးရှိတာဝန်သိ ပြည်သူများက ကနဦးကယ်ဆယ်ရေးရောက်လာသည့်အတွက် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

မေ ၃၁ ရက် နံနက် ၀၀ နာရီ ၁၀ မိနစ်ခန့်တွင် ကြည့်မြင်တိုင် မီးသတ်တပ်ဖွဲ့ဝင်များ ရောက်ရှိလာပြီး ကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့မှုကြောင့် ကားအတွင်းညပ်နေသူအား နံနက် ၁ နာရီကျော်ခန့်၌ ကယ်ထုတ်ပေးနိုင်ခဲ့သည်။ ဒဏ်ရာရသူနှစ်ဦးအား ယာဉ်ထိန်းရဲတပ်ဖွဲ့ လူနာတင်ယာဉ်ဖြင့် ရန်ကုန် ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြသည်။

သရက်တော(တောင်) ရပ်ကွက်မှ အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်က“ ကားတိုက်မှုက အရှိန်ပြင်းတဲ့အတွက် ကားလေးက မီးထလောင်တော့မယ့် အခြေအနေရောက်နေပါတယ်။ ဒါကို သရက်တော (တောင်)ရပ်ကွက်က အုပ်ချုပ်ရေးမှူး အပါအဝင် အနီးအနားရှိ လူများက မီးမလောင်အောင် ထိန်းထားပေးခဲ့ရတယ်။ အထဲက ညပ်နေတဲ့သူကို မီးသတ်ရောက္ခန်တော်တို့ပါ ခက်ခက်ခဲခဲကယ်ထုတ်ခဲ့ရတယ်” ဟု ရှင်းပြသည်။

ဘော်ဂါသွေး

စံပြရုပ်ရှင်ရုံထောင့်လမ်းဆုံ၌ ယာဉ်တိုက်မှုဖြစ်

ရန်ကုန် ဇွန် ၁

မေ ၃၁ ရက် နံနက် ၅ နာရီ ၁၅ မိနစ်ခန့်က ဘုန်းကြီးလမ်းအတိုင်း တောင်မှ မြောက်သို့ ယာဉ်မောင်း ဝင်းညွှန့် (၂၂ နှစ်) အရှိန်ဖြင့် မောင်းနှင်လာသော တိုယိုတာ တောင်းအေ့စ် အဖြူရောင် ယာဉ်အမှတ် ၃၈/--- သည် အနော်ရထာလမ်းအတိုင်း အရှေ့မှအနောက်သို့ မောင်းနှင်လာသော ယာဉ်မောင်း ကျော်မျိုးထွန်း၏အိမ်စီးယာဉ် အနက်ရောင် ဘောက်စ်ဝက်ဂွန် GTI ယာဉ်အမှတ် ၃ဃ/--- နှင့် မီးပွိုင့်လမ်းဆုံအဖြတ်တွင် တိုက်မိကြကြောင်း၊ အိမ်စီးယာဉ်၏ ဝဲဘက်ရှေ့ခန်းတံခါးဝန်းကျင်ကြေမွသွားပြီး တိုယိုတာ တောင်းအေ့စ်ယာဉ်မှာ နောက်ဘက်လှည့်သွားပြီး လမ်းဆုံတွင် တစောင်းအနေအထားလဲကျသွားကာ ယာဉ်ခေါင်းပိုင်း ကြေမွသွားသည်ကို မျက်မြင်တွေ့မြင်ခဲ့သူ၏ ပြောကြားချက်အရ သိရသည်။

ရန်ကုန်မြစ် တစ်ဖက်ကမ်းမှ ကူးတို့လှေများဖြင့် လာရောက်ပြီး အင်းစိန်လမ်းမပေါ်ရှိ ဘူတာမှတ်တိုင်အနီး ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ အလုပ်ဝင်ရန် သွားရောက်ကြမည့် အလုပ်သမားများကို တစ်ဦးလျှင်ကားခ ငွေကျပ် နှစ်ရာနှုန်းဖြင့် စဉ့်အိုးတန်းကမ်းနားမှ ခရီးသည် ၂၀ ဝန်းကျင် တင်ဆောင်လာသော အဆိုပါ တိုယိုတာတောင်းအေ့စ် ယာဉ်မှောက်မှုကြောင့် ယာဉ်မောင်းမှာ လက်တွင် ဒဏ်ရာရရှိပြီး အလုပ်သမား အမျိုးသားနှစ်ဦး၊ ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦး အပါအဝင် အမျိုးသမီးနှစ်ဦး ဒဏ်ရာရ၍ ဆေးရုံသို့တင်ပို့ရသည်ဟု ယာဉ်ပေါ်ပါ ဆောက်လုပ်ရေးလုပ်ငန်းခွင် ဝင်မည့် အလုပ်သမားတစ်ဦးက ဆိုသည်။

ခင်ဆိုင်

အပူပိုင်းဒေသစိမ်းစိုဖို့ သစ်တောသစ်ပင်တွေ ထိန်းသိမ်းစို့

လယ်ကွင်းထဲတွင် စပါးကြဲနေစဉ် မိုးကြိုးပစ်

နတ်တလင်း ဇွန် ၁

နတ်တလင်းမြို့ မြို့မရဲစခန်းတွင် တာဝန်မှူး ဒုရဲအုပ်ကျော်မိုး တာဝန်ထမ်းဆောင်နေစဉ် မေ ၃၀ ရက် ညနေ ၅ နာရီတွင် ကံသာအုပ်စု အုပ်ချုပ်ရေးမှူးက ကံသာကျေးရွာနေ ဦးသန်းဝင်း (၅၄ နှစ်) မိုးကြိုးပစ်ခံရကြောင်း သတင်းပို့သဖြင့် အခင်းဖြစ်နေရာသို့ ဒုရဲအုပ်ကျော်မိုးနှင့်အဖွဲ့သွားရောက်စစ်ဆေးရာ ရန်ကုန်-ပြည်ကားလမ်း အနောက်ဘက် စိုက်ပျိုးရေးကြီးကြပ်ရေးရုံးအနီး လယ်ကွင်းအမှတ် (၂၃၈-ဘီ)ဦးဟန်ရွှေပိုင်သော လယ်ကွင်း၌ မေ ၃၀ ရက် ညနေ ၄ နာရီ ၄၅ မိနစ်တွင် ဦးဟန်ရွှေ၊ ကိုသက်တို့က လယ်ထွန်နေပြီး ဦးသန်းဝင်းမှာ စပါးကြဲနေစဉ် မိုးရွာသွန်းပြီး မိုးကြိုးပစ်ခံရ၍ နေရာတွင် သေဆုံးသွားသဖြင့် အလောင်းကို နတ်တလင်းမြို့ ပြည်သူ့ဆေးရုံသို့တင်ပို့ခဲ့ကြောင်း၊ သေဆုံးမှုနှင့်ပတ်သက်၍ မြို့မရဲစခန်းက သေမှုသေခင်းဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။

တင်မြင့်(နတ်တလင်း)

လယ်ကွင်းအတွင်း နွားကျောင်းနေစဉ် မိုးကြိုးထိမှန်သေဆုံး

နေပြည်တော် ဇွန် ၁

မေ ၂၉ ရက် မွန်းလွဲ ၂ နာရီခွဲတွင် မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ရွာထောင်ကျေးရွာမြောက်ဘက်ရှိ လယ်ကွင်းတွင် လူတစ်ဦးမိုးကြိုးပစ်ခံရ၍ သေဆုံးသွားကြောင်း သတင်းရသဖြင့် သရက်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ၄င်းကျေးရွာနေ ဇော်နိုင် (၂၈ နှစ်)မှာ ခန္ဓာကိုယ်ညိုမည်း ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရသည်။ စစ်ဆေးချက်အရ ဇော်နိုင်မှာ လယ်ကွင်းအတွင်း နွားကျောင်းနေစဉ် မိုးကြိုးထိမှန်သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရပြီး သရက်မြို့မရဲစခန်းက သေမှုသေခင်းဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။

ရဲပြန်ကြား

ဆီဆိုင်၌ လေပြင်းတိုက်ခတ်ပြီးမိုးသည်းထန် နေအိမ်အချို့ပျက်စီး၊ သိန်းပေါင်း ၁၁၀ ခန့်ဆုံးရှုံး

ဆီဆိုင် ဇွန် ၁

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်တွင် မေ ၂၉ ရက် နံနက် ၃ နာရီခန့်က လေပြင်းတိုက်ခတ်၍ မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် ဆီဆိုင်မြို့နယ် ပါလောပါကယ်ကျေးရွာအုပ်စု ခြောက်လောင်းကျေးရွာတွင် အိမ်တစ်လုံး ပြိုကျခဲ့ပြီး သုံးလုံး အမိုးလန်၊ ကန့်ကော်ကျေးရွာတွင် အိမ်နှစ်လုံးအမိုးလန်၊ ဘုရားကျိန်ကျေးရွာတွင် အိမ်တစ်လုံးပြိုကျပြီး လေးလုံးမှာ အမိုးလန်၊ ကုံလောကျေးရွာတွင် အိမ်လေးလုံးမှာ ထရံကွာကျခဲ့ပြီး ရှစ်လုံးအမိုးလန်ခဲ့ရာ အိမ်ထောင်စု ၂၃ စုနှင့် လူဦးရေ ၉၁ ဦးရှိရာ စုစုပေါင်း ခြောက်ပေ သွပ် ၄၇၂ ချပ် ပျက်စီးဆုံးရှုံးခဲ့ပြီး ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ်သိန်းပေါင်း ၁၁၀ ခန့်ဖြစ်ကြောင်း သိရသည်။

လှူဒါန်းထောက်ပံ့

အဆိုပါ ပျက်စီးမှုများကို မေ ၃၀ ရက် နံနက် ၇ နာရီက ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခွန်ကျော်သိန်း၊ မြို့နယ်အထောက်အကူပြုဥက္ကဋ္ဌ ရပ်/ကျေးအုပ်ချုပ်ရေးမှူးနှင့် လူမှုရေးအသင်းအဖွဲ့တို့ သွားရောက်၍ နေထိုင်ရေးအတွက် ကျေးရွာလူထုနှင့် ပူးပေါင်းပြီး နေအိမ်များကို ပြန်လည်ပြုပြင်ပေးခြင်း၊ ဆန် နှစ်အိတ်၊ ဆီတစ်ပုံး လှူဒါန်းထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ခွန်ရဲထွေး(ဆီဆိုင်)

Certificate of Hair Design
- Basic Hair Cutting
- Basic Hair Perming
- Basic Hair Coloring
- Health & Safety
- Basic Barbering
- Basic Hair Styling
- Beauty Illustration
- Hair Science

ဆံကေသာအလှအပနှင့် ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာ အတတ်ပညာများ သင်ကြားရပါမည်။

Certificate of Beauty Therapy
- Basic Facial Treatment
- Basic Body Treatment
- Anatomy & Physiology
- Health & Safety
- Electrical Facial Treatment
- Hair Depilation
- Foot Reflexology
- Dermatology

မျက်နှာနှင့်ခန္ဓာကိုယ် ထိန်းသိမ်းစောင့်ရှောက်မှုနှင့် အလှအပဆိုင်ရာ အတတ်ပညာများကို သင်ကြားရပါမည်။

Early Bird 22% OFF
JULY INTAKE

STI MYANMAR UNIVERSITY
www.stiedu.net

SEO KYEONG UNIVERSITY
www.skuniv.ac.kr

- တောင်ကိုရီးယားနိုင်ငံ၏အလှအပနေရာအတွက်သာမက တစ်ကမ္ဘာလုံး၏အလှအပနေရာအတွက်ရည်ညွှန်းသော Beauty Art သင်တန်းကိုဆိုးလ်မြို့ရှိ SKU တက္ကသိုလ်နှင့်ပူးပေါင်း၍ဖွင့်လှစ်ပါသည်။
- SKU တက္ကသိုလ် သင်ရိုးညွှန်းတမ်း ပါမောက္ခများ Lab Facility များနှင့်သင်ကြားပေးပြီး 130 Credit ပြည့်ပါက Bachelor of Beauty Art ဘွဲ့ ရရှိနိုင်ပါသည်။
- သင်တန်းပြီးဆုံးပါက Beauty Saloon တစ်ခုကိုကိုယ်တိုင်ဖွင့်လှစ်၍ စီမံခန့်ခွဲနိုင်ခြင်း၊ အလှပြုပြင်ရေးဆိုင်ရာသင်တန်းသားများအား သင်ကြားပေးနိုင်ခြင်းတို့အပြင် အောင်မြင်သည့်အလှအပဆိုင်ရာပညာရှင်အဖြစ်လည်းကောင်း၊ အောင်မြင်သည့်အလှအပဆိုင်ရာလုပ်ငန်းရှင်အဖြစ်လည်းကောင်း ရပ်တည်နိုင်မည်ဖြစ်ပါသည်။
- SKU တက္ကသိုလ်သို့ (၇)ရက်ခန့် သွားရောက်၍လက်တွေ့လေ့လာသင်ယူနိုင်ပါသည်။

Certificate of Make-up
- Basic Make-up
- Advanced Make-up
- Art Make-up
- Make-up Illustration

မိတ်ကပ်နှင့်အလှပြုပြင်ခြင်းဆိုင်ရာ အတတ်ပညာများ သင်ကြားရမည်ဖြစ်ပါသည်။

NEW CAMPUS:
Building-10, MICT Park
Hlaing Campus, Yangon.
TEL: 377988, 507151/52
09250064451, 0931702299
09420254872

နိုင်ငံတကာအားကစားသတင်း

ကမ္ဘာ့ဖလားမှာ ဂိုးသွင်းစံချိန်ဘယ်သူချိုးမလဲ

■ မိုးမြင့်လင်းလက်

၂၀၁၄ ကမ္ဘာ့ဖလားပွဲတွေစတင်ဖို့ ၁၀ ရက်သာ လိုပါတော့တယ်။ ကမ္ဘာ့ဖလားပြိုင်ပွဲတိုင်းမှာ စိတ်ဝင်စားစရာအကောင်းဆုံးတွေထဲက ပရိသတ်တွေ အသိချင်ဆုံးအရာတစ်ခုက ဒီကမ္ဘာ့ဖလားပွဲမှာ ဘယ်သူများ ဂိုးအများဆုံးသွင်းယူနိုင်မလဲဆိုတာပါပဲ။ အဲဒီတိုက်စစ်မှူးဟာ ကမ္ဘာ့ဖလားသမိုင်းမှာ ဂိုးအများဆုံးသွင်းထားတဲ့ ဘရာဇီးတိုက်စစ်မှူး ရော်နယ်ဒိုရဲ့ သွင်းဂိုး ၁၅ ဂိုးကို ကျော်ဖြတ်နိုင်မလားဆိုတာတွေက စိတ်ဝင်စားစရာကောင်းနေပါတယ်။

ကမ္ဘာ့ဖလား သမိုင်းမှာတော့ ဘရာဇီးတိုက်စစ်မှူး ရော်နယ်ဒိုဟာ ကမ္ဘာ့ဖလားပြိုင်ပွဲတွေမှာ ပွဲစဉ်ပေါင်း ၁၉ ပွဲကစားခဲ့ပြီး စုစုပေါင်း ၁၅ ဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ ရော်နယ်ဒိုဟာ ၁၉၉၈ ခုနှစ် ၂၀၀၂ ခုနှစ်နှင့် ၂၀၀၆ ခုနှစ်တို့တွင် ကမ္ဘာ့ဖလားပြိုင်ပွဲတွေမှာ ပါဝင်ကစားခဲ့ပြီး သွင်းဂိုးအများဆုံး သွင်းယူထားခဲ့တဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။

ရော်နယ်ဒိုဟာ ကမ္ဘာကျော် ဂန္ထဝင်ဘောလုံးသမားဖြစ်တဲ့ ဘရာဇီးတိုက်စစ်မှူးပီလီရဲ့ ကမ္ဘာ့ဖလားပွဲစဉ်တွေမှာ သွင်းယူခဲ့တဲ့ သွင်းဂိုးထက် ပိုမိုသွင်းယူနိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီနှစ် ကမ္ဘာ့ဖလားဘောလုံးပွဲမှာတော့ ဂိုးအများဆုံး သွင်းယူနိုင်တဲ့ ဘောလုံးသမားဟာ ဘရာဇီးတိုက်စစ်မှူးတွေပဲ ဖြစ်မလား၊ ဒါမှမဟုတ် အခြားနိုင်ငံတွေက တိုက်စစ်မှူးတွေကပဲ ဂိုးအများဆုံး သွင်းယူနိုင်မလား ကြည့်ရမှာဖြစ်ပါတယ်။

၂၀၁၄ ကမ္ဘာ့ဖလားမှာ ဂိုးသွင်းအများဆုံးတိုက်စစ်မှူးအဖြစ် လောလောဆယ် ရေပန်းစားနေတာကတော့ ဘရာဇီးတိုက်စစ်မှူး နေမာ၊ အာဂျင်တီးနားတိုက်စစ်မှူး မက်ဆီ၊ ပေါ်တူဂီတိုက်စစ်မှူး စီရော်နယ်ဒို၊ ဂျာမနီတိုက်စစ်မှူး ကလိုဆေးစတဲ့ ကစားသမားတွေ ရေပန်းစားနေပါတယ်။

အဲဒီတိုက်စစ်မှူးတွေထဲမှာ ဘရာဇီးတိုက်စစ်မှူး ရော်နယ်ဒိုရဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲ သွင်းဂိုးစံချိန်ကို ချိုးဖျက်အနိုင်ဆုံး တိုက်စစ်မှူးကတော့ ဂျာမနီကဝါရင့်တိုက်စစ်မှူး ကလိုဆေးဖြစ်ပါတယ်။ ကလိုဆေးဟာ အသက် ၃၄ နှစ်အရွယ်ရှိပြီး ဒီနှစ်ကမ္ဘာ့ဖလားပွဲက သူ့ရဲ့ နောက်ဆုံးကမ္ဘာ့ဖလားပွဲလည်း ဖြစ်နိုင်ပါတယ်။

ဒါပေမယ့်လည်း ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းကို ကြည့်ရင် ကင်မရွန်းအသင်းက ကစားသမား ရော်ဂျာမီလာဟာ အသက် ၄၂ နှစ် တစ်လနဲ့ ၈ ရက်အထိ ကမ္ဘာ့ဖလားပွဲကို ပါဝင်ဆင်နွှဲခဲ့သူဖြစ်ပါတယ်။ ဒါကြောင့် ကျန်းမာရေးကောင်းပြီး တိုက်စစ်စွမ်းရည်ကောင်းနေဆဲဆိုရင်တော့ ကလိုဆေးလည်း မျှော်လင့်ချက်တွေ ရှင်သန်နိုင်ပါတယ်။

ကမ္ဘာ့ဖလားပြိုင်ပွဲတွေမှာ ဂိုးသွင်းနှုန်းတွေကိုကြည့်ရင် အကောင်းဆုံး ဂိုးသွင်းနှုန်းကောင်းသူအနေနဲ့ ၁၉၅၄ ခုနှစ် ကမ္ဘာ့ဖလားပွဲမှာ ငါးပွဲကစားပြီး ၁၁ ဂိုးသွင်းယူခဲ့တဲ့ ဟန်ဂေရီတိုက်စစ်မှူးကော့ဆစ် ဖြစ်ပါတယ်။ ပြိုင်ပွဲတစ်ခုတည်းမှာ ဂိုးအများဆုံး သွင်းယူနိုင်သူအဖြစ် မှတ်တမ်းတင်ထားတဲ့ တိုက်စစ်မှူးက ပြင်သစ်တိုက်စစ်မှူးဖွန်တာနီဖြစ်ပြီး ခြောက်ပွဲမှာ ၁၃ ဂိုးသွင်းခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အခု ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဘယ်သူတွေ ဂိုးသွင်း စံချိန်ချိုးမလဲ ကြည့်ရမှာဖြစ်ပါတယ်။

နိုင်ငံတကာ ခြေစမ်းပွဲနှင့် ဂိုးရလဒ်များ

သီဟ

နိုင်ငံတကာ ခြေစမ်းပွဲစဉ်များ ဇွန် ၂

ဟွန်ဒူးရပ်စ်	- အစ္စရေး	နံနက် ၆း၃၀

မေ ၃၁/ဇွန်၁ ဂိုးရလဒ်များ

နိုင်ငံတကာ ခြေစမ်းပွဲ ရလဒ်များ

ဥရုဂွေး	၁-၀	မြောက်အိုင်ယာလန်
ချီလီ	၃-၂	အီဂျစ်
ဘော့စ်နီးယား	၂-၁	အိုင်ဗရီကို့စ်
ဖင်လန်	၂-၀	အက်စ်တိုနီးယား
နော်ဝေ	၁-၁	ရုရှား
ခရိုအေးရှား	၂-၁	မာလီ
အယ်လ်ဂျီရီးယား	၃-၁	အာမေးနီးယား
ပေါ်တူဂီ	၀-၀	ဂရိ
နယ်သာလန်	၁-၀	ဂါနာ
အီတလီ	၀-၀	အိုင်ယာလန်
မက္ကဆီကို	၃-၁	အီကွေဒေါ
ကိုလံဘီယာ	၂-၂	ဆီနီဂေါ
လတ်ဗီးယား	၁-၀	လစ်သူယေးနီးယား
အယ်လ်ဘေးနီးယား	၀-၁	ရိုမေးနီးယား

ဘရာဇီး စီးရီးအေ ပွဲစဉ်(၉) ပွဲစဉ် ရလဒ်များ

ဆော်ပေါ်လို	၂-၁	အက်သလက်တီကို အမ်ဂျီ
ကိုရစ်တီဘာ	၃-၀	ဂိုးအော့စ်

နိုင်ငံတကာ ယူ၂၁ ဂိုးရလဒ်

အက်စ်တိုနီးယား U21	၁-၂	ရုရှား U21

ကားလ်ဖရော့ချ်က ဂရိုဗက်ကိုအလဲထိုးအနိုင်ယူ

ဗြိတိသျှလက်ဝှေ့သမားကားလ်ဖရော့ချ်နှင့် ဂျော့ဂရိုဗက်တို့ စိတ်မကျေပွဲအဖြစ် ဝင်ဘလေကွင်း၌ ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြရာ ကားလ်ဖရော့ချ်က ရှစ်ချီဖြင့် အလဲထိုးပြီး ၎င်း၏ ချန်ပီယံခါးပတ်များကို ပြန်လည်ရယူလိုက်သည်။

နော့တင်ဟမ်မြို့သား ဖရော့ချ်သည် ဂရိုဗက်အား အလဲထိုးပြီး IBF နှင့် WBA စူပါမစ်ဒယ်ဝိတ်တန်း ချန်ပီယံခါးပတ်များကို ပြန်လည်ရယူနိုင်ခဲ့သည်။ ကားလ်ဖရော့ချ်က ရှစ်ချီမြောက်တွင် ဂရိုဗက်အား ညာလက်သီးဖြင့် အလဲထိုးအနိုင်ယူခဲ့သည်။ အသက် ၃၆ နှစ်ရှိ ဖရော့ချ်သည် ပြီးခဲ့သည့် နိုဝင်ဘာလက မန်ချက်စတာ၌ ကိုးချီဖြင့် ထိုးသတ်အနိုင်ယူခဲ့သော်လည်း အငြင်းပွားဖွယ်ဖြစ်ခဲ့၍ ပြန်လည်ထိုးသတ်ခဲ့ကြသည်။ ပရိသတ် ၈၀၀၀၀ ကျော် လာရောက်ကြည့်ရှုသော ယင်းပြိုင်ပွဲတွင် ကားလ်ဖရော့ချ်က ပြတ်ပြတ်သားသား အလဲထိုးအနိုင်ယူခဲ့သည်။

ဖရော့ချ်က စိန်ခေါ်သူ ဂရိုဗက်အား ရှစ်ချီမြောက်ပြီးဆုံးချိန်တွင် ကြမ်းပြင်သို့ အလဲထိုးချနိုင်ခဲ့သည်။ ဒိုင်လူကြီးက အမှတ်ပြီးဆုံးတိုင်အောင် ရေတွက်သော်လည်း ပြန်မထနိုင်တော့သဖြင့် ဂရိုဗက် အလဲထိုးဖြင့် ရှုံးနိမ့်သွားသည်။

■ကောင်းမြတ်သူ-စုစည်းသည်

ပေါင်သန်း ၃၀ ပေးလျှင် ဖာဘရီဂတ်စ်ကို ရောင်းမည်

ဘာစီလိုနာက ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်ကို ပေါင်သန်း ၃၀ ပေးလျှင် ရောင်းထုတ်ရန်ပြင်ဆင်လျက်ရှိသည်။ ၎င်းသည် ပရီမီယာလိဂ်သို့ ပြန်လာဖွယ်ရှိသည်။ စပိန်လာလီဂါထိပ်သီးကလပ် ဘာစီလိုနာက အသက် ၂၇ နှစ်အရွယ်ရှိ ဖာဘရီဂတ်စ်အား ကမ္ဘာ့ဖလားအပြီး ရောင်းချဖွယ်ရှိသည်။

၎င်းသည် ၂၀၁၁ ခုနှစ် အာဆင်နယ်မှ ဘာစီလိုနာသို့ ပေါင် ၃၅ သန်းဖြင့် ပြောင်းရွှေ့လာခြင်းဖြစ်သည်။ ဖာဘရီဂတ်စ်သည် ၂၀၀၃ ခုနှစ်က ဘာစီလိုနာအသင်းတွင် အသက် ၁၅ နှစ်အထိ ကစားခဲ့ပြီး အာဆင်နယ်သို့ ပြောင်းရွှေ့ကစားခဲ့ရာ ၃၀၅ ပွဲတွင် ၅၉ ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ သို့သော် အာဆင်နယ်က ၎င်းအားပြန်ခေါ်ရန် စိတ်ဝင်စားကြောင်း ထုတ်ဖော်ပြောကြားခြင်း မရှိသေးပေ။

စုလျားရစ်ပတ်လက်ထပ်ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဦးခင်မောင်လတ်(ဒါရိုက်တာ၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်)-ဒေါ်ကြည်ကြည်မြင့် တို့၏သား

မောင်နေမျိုးလတ်
B.A(English)
Master (F.G), Myanmar Five Star Line

နှင့်

ရန်ကုန်မြို့နေ
ဦးရန်နိုင်ဦး (ညွှန်ကြားရေးမှူးချုပ်၊ အနုပညာဦးစီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန)-ဒေါ်ရွှေစင် တို့၏သမီး

ဒေါက်တာနီလာရန်နိုင်
M.B.,B.S(Ygn)

တို့၏ ၁၇-၅-၂၀၁၄ရက်တွင် Sedona Hotel (Grand Ballroom)၌ ကျင်းပပြုလုပ်သောစုလျားရစ်ပတ်လက်ထပ်ထိမ်းမြားမင်္ဂလာညစာ့ခံပွဲသို့ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မေတ္တာဖြင့် မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး(ငြိမ်း)နှင့်ဇနီး ဒေါ်မြမြစန်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ စုလျားရစ်ပတ်လက်ထပ်ထိမ်းမြား၍ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း(ငြိမ်း)နှင့်ဇနီး ဒေါ်မာလာတင့်၊ မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူနှင့်ဇနီး ပါမောက္ခဒေါက်တာ ဒေါ်ခင်ဆွေမြင့်၊ မင်္ဂလာညစာ့ခံပွဲသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဇနီးများ၊ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့်ဇနီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မေတ္တာဖြင့်မင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်ပေးပါသော ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦးနှင့်ဇနီး ဒေါ်ခင်သန်းဌေး၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ စစ်ဘက်နယ်ဘက်မှအရာရှိကြီးများနှင့်ဇနီးများ၊ ဂုဏ်သရေရှိ လူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ပါမောက္ခ ဒေါက်တာဦးညွန့်သိန်း၊ OTS (49) မှ သူငယ်ချင်းများနှင့် ဇနီးများ၊ တေဇ(၅)မှ သူငယ်ချင်းများနှင့် ဇနီးများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသောဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေး ပန်းအိဖြူ၊ မေတ္တာဖြင့် တေးသံသာများ သီဆိုညစာ့ခံပေးပါသော အလင်္ကာဝတ်ရည်ဦးမောင်မောင်အေးနှင့်အလင်္ကာဝတ်ရည်တေးဂီတအဖွဲ့၊ မင်္ဂလာပန်းကြဲအကယ်ဒမီစိုးပြည့်သဇင်၊ မင်္ဂလာပန်းကုံးကိုင်ဆောင်ပေးပါသော ဒေါက်တာလှဲ့ဝင်းသူနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော ဒေါက်တာအေးသီတာလတ်၊ မင်္ဂလာသတို့သားအရံ မောင်တင်မျိုးနိုင်၊ မောင်တိုးပြည့်စိန်၊ မင်္ဂလာသတို့သမီးအရံ ဒေါက်တာဝေမာသန်းအောင်၊ ဒေါက်တာကေကေခိုင်၊ မိတ်ကပ်ဆံပင်၊ ဒီဇင်ဘာနှင်းနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံချုပ်လုပ်ပေးပါသော ဒီဇိုင်နာမမဇူ(Zu Zu Collection)၊ ဒီဇိုင်နာ မင်းသက်စံ (Sweet & Smart Collection)၊ မေတ္တာဖြင့် ပိုးထည်များဆင်မြန်းပေးပါသော Karat Silk ပိုးထည်ဆိုင်၊ စုရတီပိုးထည်ဆိုင်၊ မေတ္တာဖြင့် မင်္ဂလာလက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော စကြာရွှေရည်စိန်ရွှေရတနာဆိုင်၊ Pang Mu Gems & Jewellery Co.,Ltd.၊ မေတ္တာဖြင့် မင်္ဂလာဖိနပ်များဆင်မြန်းပေးပါသော Royal Rose Sandals၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ပေးပါသော ကိုနိုင်နိုင်ထွန်း (Exposure Photo &Video) နှင့်အဖွဲ့၊ ပန်းအလှ ဆင်မြန်းပေးပါသော လင်းလင်းနှင့်အဖွဲ့၊ ဘောလုံးအလှဆင်ပေးပါသော Bo Bo နှင့်အဖွဲ့၊ မီးအလှဆင်ပေးပါသော မီးငယ်(Disco Light) နှင့်အဖွဲ့၊ မင်္ဂလာဖိတ်စာရိုက်နှိပ်ပေးပါသော Dagon Printing & Invitation Cards၊ Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ Kandawgyi Palace Hotel (Mingalar Ballroom) တွင် ပြုလုပ်သောမင်္ဂလာညစာစားပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော လူကြီးမင်းများ၊ Kandawgyi Palace Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ ဤမင်္ဂလာညစာ့ခံပွဲအား အစစအရာအရာ အဆင်ပြေချောမွေ့အောင် တာဝန်ယူစီစဉ်ပေးပါသော Signature Wedding & Events Planning၊ ဒေါက်တာသိန်းထွဋ်ဦးနှင့် ဒေါက်တာ ထက်ထက်ရင်မြင့်၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် အနုပညာဦးစီးဌာနမှ ဝန်ထမ်းများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော နှစ်ဖက်သောဆွေမျိုးမိတ်ဆွေသင်္ဂဟအားလုံးနှင့် ကျေးဇူးတင်ထိုက်သည့်ပုဂ္ဂိုလ်များအား လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်နေမျိုးလတ်-ဒေါက်တာနီလာရန်နိုင်

ဌာနဆိုင်ရာ

ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့်ပတ်သက်၍မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ

၁။ **ကျောက်ဖြူ-ကူမင်းရထားလမ်းနှင့်ပတ်သက်၍ ဆောင်ရွက်မည့် အစီအစဉ်များ သိရှိလိုပါကြောင်း မေးမြန်းချက်နှင့်ပတ်သက်၍** ကျောက်ဖြူ-ကူမင်းရထားလမ်းနှင့်ပတ်သက်၍ ယခင်အစိုးရလက်ထက်တွင် မူဆယ်-ကျောက်ဖြူရထားလမ်းကို နားလည်မှုစာချွန်လွှာ (MOU) သာ လက်မှတ်ရေးထိုးခဲ့ပါသည်။ မူဆယ်မြို့မှ ကျောက်ဖြူအထိ ခရီးမိုင် ၅၃၉ ဒသမ ၁၉ မိုင်ခန့် ရှိပါသည်။ ယခင်ကလျာထားလမ်းကြောင်းတွင် မလွတ်ကင်းသော ရှေးဟောင်းအဆောက်အအုံ၊ သာသနိကအဆောက်အအုံနှင့် အခြားအရေးကြီးမလွတ်ကင်းသောနေရာများကို မြေပြင်၌အဖွဲ့ဖြင့်စစ်ဆေးထားသော အဆင့်သာရှိပါသည်။ ယခုအခါ နိုင်ငံတကာစံနှုန်းများနှင့်အညီသာ ဆက်လက်ဆောင်ရွက်သွားရတော့မည်ဖြစ်၍ စီစဉ်ဆောင်ရွက်ဆဲဖြစ်ပါသည်။ ပွင့်လင်းမြင်သာမှုရှိစေရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၂။ **ကျောက်ဖြူမြို့သည် ခရိုင်မြို့ကြီးတစ်မြို့ဖြစ်သော်လည်း (ကညန)ရုံးမရှိပါ။ ယခင် ၁၀ နှစ်ခန့်အချိန်က ကျောက်ဖြူမြို့တွင် (ကညန)ကုန်းလမ်းပို့ဆောင်ရေးရုံး ဖွင့်လှစ်ထားရှိခဲ့ပါသော်လည်း ယခုအချိန်မရှိတော့ပါသဖြင့် ကားလိုင်စင်၊ ဆိုင်ကယ်လိုင်စင်ကိစ္စများ ဆောင်ရွက်ကြရာတွင် ပြည်သူများ၊ ယာဉ်မောင်းများ အခက်အခဲကြုံတွေ့ရပါသည်။ စစ်တွေမြို့မှ တစ်နှစ်မှာတစ်ကြိမ် နှစ်ကြိမ်ခန့် လာရောက်ပါသော်လည်း နှစ်ရက်သုံးရက်ခန့်သာ လိုင်စင်ပြုလုပ်ကာပြန်သွားခြင်းများကြောင့် လိုင်စင်မလုပ်ဘဲ ဆိုင်ကယ်များ အမြောက်အမြားရှိပါသဖြင့် နိုင်ငံတော်ဝင်ငွေအတွက်ပါ ဝင်ငွေနည်းပါးနေမည်ဖြစ်ပါသဖြင့် (ကညန)ရုံးခွဲတစ်ခုခန့် ကျောက်ဖြူမြို့တွင်ဖွင့်လှစ်ပြီး ကားလိုင်စင်၊ ဆိုင်ကယ်လိုင်စင်များကို ဆောင်ရွက်ပေးသင့်ကြောင်း ဖွင့်လှစ်နိုင်ခြင်းရှိ/မရှိ သိလိုပါသည်။ အကယ်၍ အမြဲတမ်းမဖွင့်နိုင်ပါကလည်း တစ်ကြိမ်လာရောက်လုပ်ကိုင်ပါက အနည်းဆုံးတစ်လခန့် ရုံးထိုင်ဖွင့်လှစ်ပေးသင့်ပါကြောင်း မေးမြန်းချက်နှင့်ပတ်သက်၍** ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင်တွင် မော်တော်ယာဉ် ၁၁၆ စီး၊ မော်တော်ဆိုင်ကယ် ၅၂၄၆ စီးနှင့် ယာဉ်မောင်းလိုင်စင်စောင်ရေ ၂၀၉၅ စောင်သာရှိပါသည်။ ကျောက်ဖြူခရိုင်ထက် ယာဉ်စီးရေပိုသော ခရိုင်များဖြစ်သည့် မော်တော်ယာဉ် ၂၇၃ စီး၊ မော်တော်ဆိုင်ကယ် ၃၀၀၉၉ စီးရှိသည့် မြောင်းမြခရိုင်မှလည်းကောင်း၊ မော်တော်ယာဉ် ၄၆၈ စီးနှင့် မော်တော်ဆိုင်ကယ် ၈၂၇၄ စီးရှိသည့် ကသာခရိုင်မှလည်းကောင်း ရုံးသစ်ဖွင့်လှစ်ရန် ညှိနှိုင်းတင်ပြခဲ့ဖူးပါသည်။ သို့ဖြစ်ပါ၍ ဤဦးစီးဌာနမှ ရုံးသစ်ဖွင့်လှစ်ရေးအစား နယ်လှည့်ယာဉ်စစ်ဆေးသည့် အကြိမ်ရေတိုး၍လုပ်ငန်းဆောင်ရွက်ပေးခြင်းဖြင့် အဆင်ပြေချောမွေ့စွာ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ကျောက်ဖြူခရိုင်အတွင်းတွင် ယာဉ်စီးရေနှင့်ယာဉ်မောင်းလိုင်စင် စောင်ရေနည်းပါးခြင်း၊ ဤဦးစီးဌာန၏ လက်ရှိဖွဲ့စည်းပုံအရ ရုံးသစ်တိုးချဲ့ဖွင့်လှစ်ရန်အတွက် လူအင်အားကန့်သတ်ချက်ရှိခြင်း၊ ယင်းဒေသသို့ လက်ရှိ ပြည်နယ်ရုံး (စစ်တွေ)မှ တစ်နှစ်လျှင်နှစ်ကြိမ် နယ်လှည့်မှတ်ပုံတင် ဆောင်ရွက်ပေးနေခြင်းအစား တစ်နှစ်လျှင်သုံးကြိမ်ဖြင့် အကြိမ်အရေအတွက်တိုး၍ တစ်ကြိမ်လျှင် ၅ ရက်မှ ၁၀ ရက်သို့ တိုးမြှင့်ဆောင်ရွက်ပေးမည်ဖြစ်ပါ၍ လက်ရှိအခြေအနေအရ ခရိုင်ရုံးဖွင့်လှစ်ပေးနိုင်ခြင်းမရှိပါကြောင်း ဖြေကြားအပ်ပါသည်။

၃။ **မြန်မာ့မီးရထားမှာ ကွမ်းတောင်-ကျောက်တော်အထိသာ ပြေးဆွဲနေမှုရှိသော်လည်း ဘုရားဖူးခရီးသွားများ ပိုမိုအဆင်ပြေစေရေး၊ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေးအတွက် စစ်တွေ-ပုဏ္ဏားကျွန်း-ကျောက်တော်-မြောက်ဦးခရီးစဉ် တိုးချဲ့ပြေးဆွဲနိုင်ရေး အမြန်ဆုံးဆောင်ရွက်ပေးနိုင်ပါရန်နှင့်ဘူတာရုံတိုင်းတွင် အများပြည်သူသုံးအိမ်သာများ ဆောက်လုပ်ပေးနိုင်ပါရန် မေးမြန်းချက်နှင့် ပတ်သက်၍** မင်းဘူး-အမ်း-စစ်တွေရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၏ ရခိုင်ပြည်နယ်ဘက်ခြမ်း ၂၀၇ ဒသမ ၂၅ မိုင်ကို ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ပြည်တော်သာ-ရေချမ်းပြင်လမ်းပိုင်း ၁၁ ဒသမ ၄၆ မိုင်ကို ၁၉-၄-၂၀၀၉ ရက်နေ့တွင်လည်းကောင်း၊ ကွမ်းတောင်-ယိုးတရုတ်လမ်းပိုင်း ၂၂ ဒသမ ၇၂ မိုင်ကို ၁၅-၅-၂၀၁၀ ရက်နေ့တွင်လည်းကောင်း ဖွင့်လှစ်ခဲ့ပြီး ယိုးတရုတ်-ကျောက်တော်လမ်းပိုင်း ၁၉ ဒသမ ၈၂ မိုင်ကို ၁၀-၄-၂၀၁၁ ရက်နေ့တွင်လည်းကောင်း ဖွင့်လှစ်ခဲ့ပြီး လူစီးရထား (RBE) ရထားများ ပြေးဆွဲခဲ့ပါသည်။ အဆိုပါလမ်းပိုင်းများအနက် ပြည်တော်သာ-ရေချမ်းပြင်လမ်းပိုင်းသည် ဒေသအခြေအနေကြောင့် ၁၀-၆-၂၀၁၂ ရက်နေ့မှစ၍ ရထားပြေးဆွဲမှုရပ်တန့်ထားခဲ့ပြီး ကွမ်းတောင်-ကျောက်တော်လမ်းပိုင်းကို ရထားတစ်ဆက်တစ်စပ်တည်း ပြေးဆွဲလျက်ရှိပါသည်။ စစ်တွေမှပုဏ္ဏားကျွန်းရထားတစ်ဆက်တစ်စပ်တည်းပြေးဆွဲနိုင်ရေးအတွက် ရေချမ်းပြင်-ကွမ်းတောင်လမ်းပိုင်း ၁၀ ဒသမ ၀၁ မိုင်ဖောက်လုပ်ပေးရမည်ဖြစ်ပြီး လက်ရှိအချိန်တွင် ရေချမ်းပြင်-ပါဒလိတ်လမ်းပိုင်း ၅ ဒသမ ၈၁ မိုင်ကို မြေသားလုပ်ငန်း တံတားကြီး/ငယ် တည်ဆောက်ခြင်းလုပ်ငန်းများအတွက် ပြီးစီး၍သံလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန် ၅ ဒသမ ၈၁ မိုင်ရှိသည့် အနက် ၄ မိုင်ဆောင်ရွက်ပြီးစီး၍ ၁ ဒသမ ၈၁ မိုင်ဆောင်ရွက်လျက်ရှိပါသည်။ ပါဒလိတ်-ကွမ်းတောင်လမ်းပိုင်း ၄ ဒသမ ၂၀ မိုင်ဖောက်လုပ်ရာတွင် မင်းချောင်းတံတားတည်ဆောက်ရမည်ဖြစ်ပြီး ရထားလမ်းတံတားအရှည်မှာ ပေ ၇၇၀၀ တည်ဆောက်ရန် လျာထားပါသည်။ အဆိုပါ တံတားတည်ဆောက်ရန်အတွက် ၃၁ ဘီလီယံကျော် ကုန်ကျမည်ဖြစ်ပါသည်။ အဆိုပါတံတား တည်ဆောက်ပြီးမှသာ စစ်တွေမှကျောက်တော်အထိ တစ်ဆက်တစ်စပ်တည်း ရထားဖြတ်သန်းသွားလာနိုင်မည်ဖြစ်ပါသည်။ ကျောက်တော်-မြောက်ဦးလမ်းပိုင်းဖောက်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပြီး မြေကြီးတာပေါင်ဖို့ခြင်းလုပ်ငန်း ၇၅ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီး၍ ပေ ၄၀ အောက်တံတား ၈၄ စင်း ဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်ပါသည်။ ကျန်တံတားကြီးသုံးစင်းမှာ ကစ္ဆပနဒီတံတားပေ ၇၇၀၀ နှင့် သရက်တပင်ချောင်းတံတား ပေ ၁၈၀၊ တိန်ညိုချောင်းတံတား ၄၂၇ ဒသမ ၅ ပေတို့ဖြစ်ပါသည်။ လက်ရှိအချိန် လမ္ဘတော်-မြောက်ဦးလမ်းပိုင်းမှာ ရှေးဟောင်းနယ်မြေအတွင်းဖြတ်သန်းသွားပါသဖြင့် ဒေသခံများ၏ ကန့်ကွက်မှုကြောင့် စီမံကိန်းလုပ်ငန်းများ ခေတ္တရပ်ဆိုင်းထားပါကြောင်း ပြန်လည်ရှင်းလင်းပြန်ကြားအပ်ပါသည်။ လက်ရှိရထားပြေးဆွဲလျက်ရှိသော ကွမ်းတောင်-ကျောက်တော်လမ်းပိုင်းတွင် ဘလောက်ဘူတာ ခုနစ်လုံးရှိပါသည်။ အဆိုပါဘူတာများအနက် ခရီးသည်အတက်အဆင်းများပြားသည့် ပုဏ္ဏားကျွန်းဘူတာ၊ ယိုးတရုတ်ဘူတာနှင့် ကျောက်တော်ဘူတာတို့တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း အများသုံးသန့်စင်ခန်းများ ဆောက်လုပ်ရန်လျာထားစီစဉ်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

ပြည်တွင်းသတင်းနှင့် ဓာတ်ပုံ

လူမှုဖူလုံရေးဥပဒေသစ်အရ ရွှေပြည်သာစက်မှုဇုန်၌ အကျိုးခံစားခွင့်ထောက်ပံ့

နေပြည်တော် ဇွန် ၁

လူမှုဖူလုံရေးအဖွဲ့တွင် အကျုံးဝင်မှတ်ပုံတင်ထားသည့် အလုပ်ဌာနများမှ လုပ်ငန်းခွင်ထိခိုက်မှုကြောင့် သေဆုံးသွားသည့် အလုပ်သမားများအတွက် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေသစ်အရ ကျန်ရစ်သူမိသားစုအား အကျိုးခံစားခွင့် ငွေလုံးငွေရင်းနှင့် နာရေးစရိတ်ထောက်ပံ့မှုအခမ်းအနားကို မေ ၂၉ ရက် မွန်းလွဲ၂ နာရီက ရွှေပြည်သာစက်မှုဇုန်ကနောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးယုလွင်အောင်က အမှာစကားပြောကြားပြီး လူမှုဖူလုံရေးအဖွဲ့၏ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များ၊ အာမခံအလုပ်သမားများ ခံစားခွင့်ရှိသည့် အကျိုးခံစားခွင့်ဆိုင်ရာများ၊ အလုပ်ရှင်များ၏ တာဝန်နှင့် အခွင့်အရေးများကို အသေးစိတ်ရှင်းလင်းဆွေးနွေးကာ လုပ်ငန်းခွင်ထိခိုက်မှုကြောင့် သေဆုံးခဲ့သည့် အာမခံ အလုပ်သမားသုံးဦးအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်နှင့် နာရေးစရိတ်ထောက်ပံ့ ငွေကျပ် ၅၂၀၈၀၀၀ ကို လည်းကောင်း၊ ကျန်းမာရေးကြောင့် သေဆုံးခဲ့သည့် အာမခံအလုပ်သမားသုံးဦးအတွက် နာရေးစရိတ်ထောက်ပံ့ငွေကျပ် ၁၈၇၀၀၀ ကိုလည်းကောင်း သက်ဆိုင်ရာ အာမခံအလုပ်သမားများ၏ မိသားစုဝင်များကို ထောက်ပံ့ခဲ့သည်။

အခမ်းအနားသို့ ရွှေပြည်သာစက်မှုဇုန်ကော်မတီမှ တာဝန်ရှိသူများ၊ စက်ရုံ၊ အလုပ်ရုံမှအလုပ်ရှင်/ အလုပ်သမား၊ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့ပေါ်ရပ်ကွက်နေ ပြည်သူများအား မေ ၂၈ ရက်က စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှုကူညီရေးအဖွဲ့က အခမဲ့ဆေးကုသပေးကာ အသိပညာပေးဟောပြောဆွေးနွေးစဉ်။

(မြို့နယ် ပြန်/ဆက်)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းဆောင်ရွက်မည့် ကျေးလက်ကတ္တရာလမ်း (၇)လမ်း (၄၀/၇)မိုင်၊ ကျောက်ချောလမ်း (၈၁) လမ်း (၂၀၉/၄.၉၉)မိုင်၊ မြေသားလမ်း (၆၄)လမ်း (၁၈၃/၄.၆၁)မိုင်၊ တံတား(၅၀)စင်း၊ ရေပြွန် (၈၃)ဝင်း၊ ရေကျော် (၆)စင်း၊ ကျေးလက်ယင်လုံအိမ်သာ အလုံး ၂၀၊ ရေပေးရေးလုပ်ငန်း ၃၇၈ခု၊ ကျေးလက်မီးလင်းရေး (ဆိုလာ) (၈၅)ရွာ၊ ကျေးလက်မီးလင်းရေး(လျှပ်စစ်)(၆)ရွာ၊ ကျေးလက်တန်ဖိုးနည်းအိမ်ရာ (၁၅)လုံးတို့အား တည်ဆောက်ရန်ရှိပါ၍ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို မန္တလေးတိုင်းဒေသကြီး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် ရယူ၍ အောက်ပါအစီအစဉ်အတိုင်း တင်ဒါတင်သွင်းနိုင်ပါသည်-

(က) **တင်ဒါလျှောက်လွှာရယူမည့်နေ့ရက်** - ၃၀-၅-၂၀၁၄ရက်မှ ၂၉-၆-၂၀၁၄ရက်အထိ

(ခ) **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်နှင့် အချိန်** - ၃၀-၆-၂၀၁၄ရက် (၁၆:၀၀)နာရီ

၂။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက မန္တလေးတိုင်းဒေသကြီး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အမရပူရမြို့ ဖုန်း-၀၂-၇၀၄၃၁၊ ၀၂-၇၀၅၉၇တို့ကို ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့

အားကစားနှင့်ကာယပညာဦးစီးဌာန မန္တလေးတိုင်းဒေသကြီး တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အားကစားနှင့် ကာယပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်းရှစ်မြို့နယ်တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ တင်ဒါခေါ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၉-၅-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက် - ၂၇-၆-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၆:၃၀ နာရီ

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။(ငွေစာရင်းဌာန၊ မန္တလေးတိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာန၊ ဗထူးအားကစားကွင်း၊ ဖုန်း-၀၂-၃၃၆၁၉၊ ၀၂-၆၀၂၆၃)

တင်ဒါခေါ်ယူရေးနှင့် တင်ဒါစိစစ်ရေးကော်မတီ
တိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာန
မန္တလေးတိုင်းဒေသကြီး

ဖခင်အမည်မှန် ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး ၁၀ နေ မောင်ရဲရင့်ကျော်နှင့် မောင်အောင်ရဲကျော်တို့၏ ဖခင်အမည်မှန်မှာ ဦးသန်းတင့် ၉/မမန(နိုင်)၀၂၅၂၃၈ ဖြစ်ပါသည်။ **ဦးသန်းတင့်**

တစ်ဦးတည်းဖြစ်ကြောင်း ခင်ဦးမြို့၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ဦးအောင်ဘ၏သား (လုပ်သား)ဦးဝင်းမိုလ် ၅/ခဥန(နိုင်)၀၆၃၉၄၇နှင့် ဦးဝင်းမြင့်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးဝင်းမိုလ်(ခ)ဦးဝင်းမြင့်**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၂ယ/၄၂၅၆၉၊ Luojia 110 ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝါဝါမြင့် ၉/အမဇ(နိုင်)၀၄၂၈၄၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၃၀၈၆၆၊ Honda C90 H Custom, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကံထူး ၉/အမရ(နိုင်)၀၆၆၄၂၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/၅၀၂၂၃ Kenbo 110,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့်ဦး ၉/မရမ(နိုင်)၀၀၂၈၃၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ည/၃၃၂၇ Tun(TT-004) Truck(8×4) R T/S ယာဉ်လက်ဝယ်ရှိသူ ဦးသန်းနိုင် ၉/ပကခ(နိုင်)၀၀၈၂၁၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ခ/၈၂၈၄ Suzuki Carry DA 21 T, PU(4×2)L ယာဉ်လက်ဝယ်ရှိသူ ဦးနေထွန်းဝင်း ၉/မနမ(နိုင်)၀၃၂၄၇၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၈ယ/၆၁၃၁၁၊ Zong Shen 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇင်သက် ၈/ဂဂန(နိုင်)၀၈၉၈၇၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါ သည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ကန်ရေကျေးရွာ ကျေးလက်မြေသားမိုးရေလှောင်ကန်ပြန်လည်တူးဖော်ရန်စီစဉ်

မင်းဘူး ဇွန် ၁

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကန်ရေကျေးရွာအုပ်စု ကျေးလက်မြေသားမိုးရေလှောင်ကန်သည် ရှေးနှစ်ပေါင်းများစွာက ကျေးလက်နေပြည်သူများ သောက်သုံးရေအတွက် အားထားမှီခိုနေရသော မြေသားကန်တစ်ခုဖြစ်ခဲ့ပြီး နှစ်ကာလကြာမြင့်လာသည်နှင့်အမျှ ကန်ရေလှောင်နိုင်မှုမရှိဘဲ မြေသားကန်ကောလာသဖြင့် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြန်လည်တူးဖော်နိုင်ရန်အတွက် ဒေါ်ရီရီအေးခိုင်(ဦးစီးအရာရှိ-နည်းပညာ)နှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေး၍ ကန်မျက်နှာပြင် တူးဖော်ရန်နှင့် မြေသားပေါင်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် တိုင်းတာလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

သူရထွန်း(မကွေး)

(၅၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တည်းခိုနေထိုင်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇွန် ၁

၂၀၁၄ ခုနှစ် ဇွန် ၂၄ ရက်မှ ဇူလိုင် ၆ ရက်အထိ နေပြည်တော်၌ ကျင်းပမည့် (၅၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကာလတွင် ပြည်တွင်း ပြည်ပရတနာ ကုန်သည်များ တည်းခိုနေထိုင်မှု အဆင်ပြေစေရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၁၄ ခုနှစ် မေ ၂၉ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ ကောင်းကင်နန်းတော် ဟိုတယ်အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဇော်ဝင်းက ပြပွဲကာလတွင် နိုင်ငံခြားသား ရတနာကုန်သည်များအား ဟိုတယ်များတွင်သာ တည်းခိုစေပြီး လူနေအိမ်များ၌ တည်းခိုခွင့်မပြုသဖြင့် ကျောက်မျက်ရတနာအကျိုးဆောင်ကုမ္ပဏီများအနေဖြင့် မိမိတို့၏ဧည့်သည်များကို အသိပေးထားရန်နှင့် ဟိုတယ်များတွင်သာ တည်းခိုရေးဆောင်ရွက်ရန်၊ ဟိုတယ်များအနေဖြင့်လည်း အခန်းခဈေးနှုန်းများကို မိမိတို့ပေးနိုင်သည့် ဝန်ဆောင်မှုနှင့်အညီ သင့်တော်သည့်ဈေးနှုန်းကို ရယူရန်၊ ဧည့်သည်များတည်းခိုစဉ် လုံခြုံရေးကို အထူးဂရုပြုရန်၊ အစားအသောက်များ ဘေးအန္တရာယ်မဖြစ်စေရေးဂရုပြုဆောင်ရွက်ရန် တို့နှင့်ပတ်သက်၍ ဆွေးနွေးမှာကြားသည်။

အဆိုပါ အစည်းအဝေးသို့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းတို့မှ တာဝန်ရှိသူများ၊ နေပြည်တော်ဟိုတယ်ဇုန်ရှိဟိုတယ်များမှ အထွေထွေမန်နေဂျာများ၊ ကျောက်မျက်ရတနာအကျိုးဆောင်ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

စာအုပ် စာပေ လူ့မိတ်ဆွေ

ပြည်သူလူထုအခြေပြုတီဘီရောဂါ တိုက်ဖျက်ရေးကြီးကြပ်သူအဆင့် သင်တန်းဖွင့်

နေပြည်တော် ဇွန် ၁

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကကြီးမှူး၍ ကျန်းမာရေးဦးစီးဌာန အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံချက်နှင့် ပူးပေါင်းဖွင့်လှစ်သည့် "ပြည်သူလူထုအခြေပြု တီဘီရောဂါတိုက်ဖျက်ရေးကြီးကြပ်သူအဆင့်" သင်တန်းဖွင့်ပွဲကို မေ ၃၀ ရက် နံနက် ၉ နာရီက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သင်တန်းခန်းမ၌ ကျင်းပသည်။ အဆိုပါ သင်တန်းသို့ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့မှ တိုင်းဒေသကြီးနှင့်ပြည်နယ် အဆင့်နှင့် ခရိုင်အဆင့်တို့မှ တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းကြီးကြပ်သူအမျိုးသမီးရေးရာအဖွဲ့ဝင် ၂၆ဦး တက်ရောက်ကြကာ ကျန်းမာရေးဦးစီးဌာနညွှန်ကြားရေးမှူး(ငြိမ်း) ကမ္ဘာ့ကျန်းမာရေးအဖွဲ့နည်းပညာအရာရှိ ဒေါက်တာဝင်းမောင်နှင့် လက်ထောက်ညွှန်ကြားရေးမှူး(တီဘီ) ဒေါက်တာချိုချိုစန်းတို့က သင်တန်းပို့ချမည်ဖြစ်ပြီး သင်တန်းကာလမှာ နှစ်ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ကိုရီးယားသမ္မတနိုင်ငံ Know How လုပ်ငန်းစဉ်နှင့် နှစ်နိုင်ငံပူးတွဲ မူးယစ်ဆေးဝါးအသိပညာပေးဟောပြော

ကလေး ဇွန် ၁

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ကိုရီးယားသမ္မတနိုင်ငံ Know How လုပ်ငန်းစဉ်နှင့် နှစ်နိုင်ငံအတွေ့အကြုံများ ဖလှယ်၍ ပြည်သူလူထု အသိပညာပေးလှုပ်ရှားမှု မူးယစ်ဆေးဝါးအသိပညာပေး ဟောပြောပွဲကို မေ ၃၀ ရက် နံနက် ၉ နာရီ၌ မြို့တော်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ကလေးခရိုင်သည် အိန္ဒိယနယ်စပ် တမူးခရိုင်နှင့် ဖလမ်းခရိုင်တို့နှင့် နယ်စပ်ချင်း ထိစပ်နေတာဖြစ်သည့်အတွက် နယ်စပ်ဒေသများမှ ဝင်ရောက်လာသည့် မူးယစ်ဆေးဝါးသယ်ဆောင်ရာလမ်းကြောင်းတွင် တည်ရှိနေရာ ၂၀၁၃ ခုနှစ်အတွင်း ဘိန်းဖြူ ၆၈ မှု၊ ဘိန်းစိမ်း ၆၆ မှု၊ စိတ်ကြွရူးသွပ်ဆေးပြားကိုးမှု၊ ဆူဒိုအက်ဖီဒရင်းခုနစ်မှု၊ ဆေးခြောက်နှစ်မှု၊ ခပ်ပုံ ၁၁ မှုတို့ကို ဖမ်းဆီးနိုင်ခဲ့ပြီး ပြစ်မှုကျူးလွန်သူ ၂၄၂ ဦးကို အရေးယူနိုင်ခဲ့ပြီး ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှ ယခုအချိန်အထိ ဘိန်းဖြူ ၁၅ မှု၊ ဘိန်းစိမ်းလေးမှု၊ စိတ်ကြွရူးသွပ်ဆေးပြားတစ်မှု၊ ဆူဒိုအက်ဖီဒရင်းခုနစ်မှု၊ ခပ်ပုံတစ်မှုတို့ကို ဖမ်းဆီးအရေးယူနိုင်ခဲ့ပြီး ပြစ်မှုကျူးလွန်သူ ၄၁ ဦးကို ဖမ်းဆီးနိုင်ခဲ့ကြောင်း ကလေးခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး သိန်းဝင်းက အဆိုပါအခမ်းအနားတွင် ပြောကြားသည်။

မြန်မာနိုင်ငံအတွင်း ခေတ်အဆက်ဆက် မူးယစ်ဆေးဝါးပပျောက်ဖို့ နည်းလမ်းပေါင်းစုံနှင့် ဖြေရှင်းဆောင်ရွက်ခဲ့ကြကြောင်း ၁၉၉၉-၂၀၀၀ ဘဏ္ဍာနှစ်မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အထိ ၁၅ နှစ်စီမံကိန်း ချမှတ်ပြီး အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဘက်စုံထောင့်စုံမှဆောင်ရွက်ခဲ့ကြကြောင်း၊ နယ်စပ်ဒေသများမှာလည်း တိုင်းရင်းသားလူမျိုးတွေဖွံ့ဖြိုးတိုးတက်ရန်၊ ဘိန်းစိုက်ပျိုးမှုတွေပပျောက်ရန်၊ထုတ်လုပ်မှုတွေပပျောက်ဖို့နှင့် သုံးစွဲမှုတွေပပျောက်သွားစေဖို့ ဆောင်ရွက်ခဲ့ကြကြောင်းကို တာဝန်ရှိသူတစ်ဦးက ရှင်းလင်းသည်။

အဆိုပါ အခမ်းအနားသို့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့တပ်ဖွဲ့မှူး ရဲမှူးချုပ်ကျော်ဝင်း၊ MANA (ဗဟို) ဒုတိယဥက္ကဋ္ဌ ဦးစောငွေ၊ ရုပ်ရှင်သရုပ်ဆောင် အသံတုရဲမြင့်လေးတို့ တက်ရောက်ပြီး မူးယစ်ဆေးဝါးကြောင့် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များကို ဟောပြောပေးခဲ့ကြကြောင်း သိရသည်။

သျှင်နေမင်း

လဲချားမြို့နယ်တွင် စီမံကိန်းတာဝန်ပေးအပ်ပွဲကျင်းပ

လဲချား ဇွန် ၁

လဲချားမြို့နယ်၏ ၂၀၁၃-၂၀၁၅ ခုနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားကို မေ ၃၀ ရက် မွန်းတည့် ၁၂ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်သာမြက အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းဦးစီးအရာရှိ ဒေါ်မူမူထွေးက သက်ဆိုင်ရာဌာနများအနေဖြင့် မြို့နယ်စီမံကိန်းဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် စီမံကိန်းဦးစီးအရာရှိတို့က ဌာနဆိုင်ရာများနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ နှစ်စဉ်စီမံကိန်းတာဝန်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

နန်းမေစုအောင်

ဖခင်အမည်မှန်

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ စည်ပင်ကြီး အထက အမှတ်(၆၀) အဋ္ဌမတန်းမှ မောင်ရဲသူနှင့် ဆဋ္ဌမတန်း(A)မှ မရွှေလိုင်မိုးတို့၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်မြင့် ၉/ပမန(နိုင်)၁၃၉၂၁၀ ဖြစ်ပါကြောင်း။

ဦးခင်မောင်မြင့်

အမည်ပြောင်း

ဦးညွန့်ဝေ၏သမီး နေပြည်တော် CAE ကိုယ်ပိုင်ထက်တန်းကျောင်း နဝမတန်းတွင် ပညာသင်ယူနေသောမချစ်စုသွယ်အား ယနေ့မှစ၍ မမေသရဖူအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မမေသရဖူအောင်

အမည်ပြောင်းနှင့် ဖခင်အမည်မှန်

ဦးဝင်းမင်းထွန်း၏သား အမက(၁၃) စမ်းချောင်း၊ပထမတန်း(A)မှ မောင်သွင်ဌေးအောင်အား မောင်သိန်းမင်းထွန်းဟု ပြောင်းလဲခေါ်ပါရန်နှင့် ဖခင်အမည်မှန်မှာ ဦးဝင်းမင်းထွန်း ဖြစ်ပါကြောင်း။

အမည်ပြောင်း

ဦးဆန်းဝင်း၏သား အထက(ခွဲ)၊ အလက(၃)၊ ဆဋ္ဌမတန်း(A)မှ မောင်ပိုင်ဖြိုးအား မောင်ပိုင်စိုးဟု ပြောင်းလဲခေါ်ဆိုပါရန်။

အမည် ပြောင်း

ဦးသန်းလွင်-ဒေါ်ကျင်စိုး၏သား မောင်ကျော်ဇေယျအောင် ၁၂/ဒဂမ(နိုင်)၀၁၃၄၁၄ အား ယနေ့မှစ၍ မောင်ကျော်ဇေယျာအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ကျော်ဇေယျာအောင်

တစ်ဦးတည်းဖြစ်ပါကြောင်း

လယ်ဝေးမြို့၊ ဇလော အထက (၅)၊ နဝမတန်း(C)မှ မကေဇင်ဦး၏ ဖခင် ဦးကျော်စိုး (ခ) ဦးအောင်ကျော်စိုး ၉/လဝန(နိုင်) ၁၄၁၄၁၂မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း

မတွယ်တာ၏ဖခင် ဦးယူနွတ် (ခ) ဦးကောင်းမြတ်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးယူနွတ် (ခ) ဦးကောင်းမြတ်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်မြို့မဈေး၊ ပွဲရုံဆိုင်ခန်းအမှတ်(ပ-၉၆) အား အမှတ် (၁၂/က)၊ စားသောက်ဆိုင်တန်း၊ နေပြည်တော်မြို့မဈေးနေ ဒေါ်အေးအေးပိုင် ၇/မညန(နိုင်)၀၆၉၃၉၉ အမည်ပေါက်ပိုင်ဆိုင်ပြီး အိမ်အမှတ်(၁/၅၈)၊ ဗိုလ်တောက်ထိန်လမ်း၊ မင်္ဂလာရပ်၊ ပျဉ်းမနားမြို့နေ ဒေါ်လှလှ ၉/ပမန(နိုင်)၀၀၂၉၉၈သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဈေးများဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဖခင်အမည်မှန်

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၊ အထက (၉)၊ စတုတ္ထတန်း(ခ)မှ မလွင်မေအေး၏ ဖခင်အမည်မှန်မှာ ဦးတင်ဦး ၁၀/ဘလန(နိုင်)၀၅၂၄၀၁ ဖြစ်ပါသည်။

ဦးတင်ဦး

အမည်ပြောင်း

ညောင်ရွှေမြို့နယ်၊ အလက မိုင်းပျိုး၊ ဆဋ္ဌမတန်းမှ မောင်ကျော်ကျော်သန့်အား ယနေ့မှစ၍ မောင်ဘုန်းမြတ်မင်းဟု ပြောင်းလဲခေါ်ပါရန်။ **ဘုန်းမြတ်မင်း**



ဖခင်အမည်မှန်

ရေစကြိုမြို့နယ်၊ဆင်ခြေယာကျေးရွာနေ ရွှေလုံကျေးရွာ အထက(ခွဲ) အဋ္ဌမတန်းမှ မောင်မင်းထက်ကိုနှင့် ဆင်ခြေယာကျေးရွာ မူလတန်းလွန်ကျောင်းပဉ္စမတန်းမှမောင်ခန့်စည်သူတို့၏ဖခင်အမည်မှန်မှာ ဦးအောင်နိုင်ထွန်း ၈/ရစက(နိုင်)၁၁၉၆၀၅ဖြစ်ပါကြောင်း။ **ဦးအောင်နိုင်ထွန်း**

ဖခင်အမည်မှန်

မိတ္ထီလာမြို့၊ ဝှမ်းတဲ အထက(၅)၊ စတုတ္ထတန်း(B)မှ မခိုင်နှင်းဝေ(ခ)မခင်မာသန်း၏ ဖခင်အမည်မှန်မှာ ဦးဇော်မျိုးထွန်း ဖြစ်ပါကြောင်း။

ဦးဇော်မျိုးထွန်း ၉/မထလ(နိုင်)၂၃၉၃၁၃

ဖခင်အမည်မှန်

နေပြည်တော် လယ်ဝေးမြို့နယ်၊ အထက (၃) သပြေပင်မှ အဋ္ဌမတန်းအောင်မြင်ပြီး နဝမတန်းတက်ရောက်မည့် မောင်ပြည့်စွမ်းအောင်၏ ဖခင်အမည်မှန်မှာ ဦးဌေးသိန်း ၉/လဝန(နိုင်)၀၆၈၈၂၉ ဖြစ်ပါသည်။

ဦးဌေးသိန်း

ဖခင်အမည်မှန်

လဲချားမြို့၊ အထက၊ ဆဋ္ဌမတန်းမှ နန်းတွမ်းလီနှင့် စတုတ္ထတန်းမှ စိုင်းမိန်းလီတို့၏ ဖခင်အမည်မှန်မှာ ဦးစိုင်းမိုင်းဇင် ၁၃/လခန(နိုင်)၀၂၁၀၉၃ဖြစ်ပါသည်။

ဦးစိုင်းမိုင်းဇင်

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၂၇ယ/၁၁၂၅၆၊ JLM 110 ယာဉ်လက်ဝယ်ရှိသူ ဇာနည်ထွန်း ၁၃/ဟပန(နိုင်)၀၆၄၅၂၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး(တောင်ကြီး)

တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော် အထက(၁၉)တက္ကသိုလ်ဝင်တန်းမှ မောင်အောင်ထက်သူ၏ဖခင် ဦးအေးချို(ခ) ဦးဖိုးချို ၉/ပမန(နိုင်)၁၀၁၅၉၇မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၁ယ/၇၇၅၅၇ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်လှ ၉/ပမန(နိုင်)၁၅၀၅၀၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရမည်းသင်း)

မွေးနေ့သက္ကရာဇ်နှင့်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နယ်၊ အိုးဘိုကျေးရွာနေ ဦးတင့်ဇော်ဦး-ဒေါ်အေးအေးမြင့်တို့၏သမီး အမည်မှန်မှာ မထက်ထက်သီရိဇော် (ခ) မထက်သီရိဇော်ဖြစ်ပြီး မွေးနေ့သက္ကရာဇ်အမှန်မှာ ၂၁-၉-၁၉၉၃ ဖြစ်ပါကြောင်း။

မထက်ထက်သီရိဇော်(ခ)
မထက်သီရိဇော်

ပျောက်ဆုံးခြင်း

ကျွန်တော် ဇော်နိုင်ဦး ၁၃/တကန(နိုင်)၃၂၂၁၂၀၏ နိုင်ငံကူးလက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။

ဇော်နိုင်ဦး

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၁၄ယ/၆၉၂၅၈၊ Dream Supercup ယာဉ်လက်ဝယ်ရှိသူ ဦးဘသန်း ၁၃/တကန(နိုင်)၀၉၄၀၀၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ပြည်နယ်ရုံး(တောင်ကြီး)**

ပျောက်ဆုံးခြင်း

ကျွန်တော် မောင်သန်းမျိုးဝင်း ၁၃/ညရန(နိုင်)၀၆၁၇၂၇၏ နိုင်ငံကူးလက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၁၃၄၂၅၂

စာအုပ်စာပေ လူ့မိတ်ဆွေ

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းခရီးစဉ်တွင် လှူဒါန်းခဲ့သော အလှူငွေ ကျပ်သိန်း ၁၀၀ လွှဲပြောင်းပေးအပ်ပွဲကို သံတွဲခရိုင် ပြည်သူ့ဆေးရုံ၌ ကျင်းပ

သံတွဲ ဇွန် ၁

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ သံတွဲခရီးစဉ်တွင် သံတွဲခရိုင် ပြည်သူ့ဆေးရုံသို့ Advanced Myanmar Co., Ltd. နှင့် Ave CO, Ltd. တို့က လှူဒါန်းခဲ့သည့် အလှူငွေကျပ် သိန်း ၁၀၀ အား လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မေ ၂၈ ရက် မွန်းလွဲ ၂ နာရီက သံတွဲခရိုင်ပြည်သူ့ဆေးရုံကြီး၌ ကျင်းပရာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ရခိုင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးလှဟန် တက်ရောက်အမှာစကားပြောကြားပြီး အလှူရှင်ကုမ္ပဏီများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ရာ ကုမ္ပဏီမှ တာဝန်ရှိသူများက လက်ခံရယူသည်။

ဆက်လက်၍ သံတွဲခရိုင် အုပ်ချုပ်ရေးမှူး ဦးလှမျိုးက အလှူငွေကျပ် သိန်း ၁၀၀ ကို လွှဲပြောင်းပေးအပ်ရာ ခရိုင်ဆရာဝန်ကြီး ဒေါက်တာမြတ်မြတ်မိုးက လက်ခံရယူပြီး ခရိုင်ဆရာဝန်ကြီးက ယခုလှူဒါန်းခဲ့သည့် အလှူငွေဖြင့် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ လမ်းညွှန်မှုအရ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို တင်ပြရှင်းလင်းဆွေးနွေးရာ ပြည်နယ် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးလှဟန်နှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှမျိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ငြိမ်း၊ မြို့နယ်အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာစိုးမြင့်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးတင်လေးနှင့် စိတ်အထူးကုဆရာဝန် ဒေါက်တာကျော်အေးတို့က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ညှိနှိုင်းဆွေးနွေးကြသည်။

ဆောင်ရွက်ပေး

ပြီးနောက် ပြည်နယ်ဝန်ကြီးနှင့်အဖွဲ့သည် ဆေးရုံသစ်တိုးချဲ့ဆောက်လုပ်မှု အခြေအနေနှင့် ဆေးရုံတွင်း ရေအလုံအလောက်ရရှိရေး ဆောင်ရွက်မည့် အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ မြဝတီရပ်ကွက်တွင်းရှိ သူငယ်တန်းမှ ဒသမတန်းထိ ပညာသင်ကြားလျက်ရှိသော ကျောင်းသားကျောင်းသူ ၅၀ ကျော်အား ပညာရေးအထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို မေ ၂၉ ရက်က ကျင်းပရာ ငွေကျပ်ခုနစ်သိန်းကျော် တန်ဖိုးရှိ ကျောင်းသုံးပစ္စည်းများကို အလှူရှင် ဦးသောင်းထိုက်–မနီနီအောင် (မိဘမေတ္တာ) မိသားစုက ကျောင်းသား ကျောင်းသူများထံ ပေးအပ်လှူဒါန်းစဉ်။ (ဝ၂၁)

မြစိမ်းရောင်ကျေးရွာ စီမံကိန်းအကောင်အထည်ဖော်ရန် ကျေးရွာများ ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များ ရွေးချယ်

သာစည် ဇွန် ၁

မြစိမ်းရောင်ကျေးရွာ ရန်ပုံငွေကြီးကြပ်မှုကော်မတီရွေးချယ်ပွဲကို သာစည်မြို့နယ် ရွာပုလဲလေးကျေးရွာ၌ မေ ၂၅ ရက် မွန်းလွဲ ၂ နာရီက ကျေးရွာဓမ္မာရုံ၌ ကျင်းပရာ သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သောင်း၊ အတွင်းရေးမှူး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒေါက်တာလှမြင့်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင် ဦးဟန်ဌေးလင်းနှင့် ဦးမောင်မောင်စိုး၊ ရွာပုလဲလေးကျေးရွာရှိ ဒေသခံပြည်သူများ တက်ရောက်ကြသည်။ သာစည်မြို့နယ်တွင် မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရန် ကပ်ကျေးအင်း၊ ရွာပုလဲလေး၊ ကျောက်ပုံကုန်း၊ လူကုန်း၊ နတ်မြောင်းကျေးရွာများတွင် ကျေးရွာအဆင့် မြစိမ်းရောင် ရန်ပုံငွေကြီးကြပ်မှုကောက်မတီအဖွဲ့ဝင်များအား ရွေးချယ်ပြီးဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



ရန်ကုန် မေ ၃၁

ဆေးရုံသုံးပစ္စည်းများလှူဒါန်း

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ကို ပူးပေါင်း၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ဆေးရုံသုံးပစ္စည်းများလှူဒါန်းပွဲ အခမ်းအနားကို မေ ၃၀ ရက် မွန်းလွဲ ၂နာရီက ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်ခင်သက်ဌေး၊ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်သင်းသင်းမြ၊ ဒေါ်ခင်အေးနွယ်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမြတ်ကျော်ကျော်၊ ရန်ကုန်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာလှမြင့်နှင့် တာဝန်ရှိသူများ၊ ခရိုင်အမျိုးသမီးရေးရာ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေးက အမှာစကားပြောကြားပြီး အလှူရှင်များက ဆေးရုံပစ္စည်းများလှူဒါန်းရာ ရန်ကုန်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာလှမြင့်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။ ယင်းနောက် ဆေးရုံအုပ်ကြီး ဒေါက်တာလှမြင့်က ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ဆေးရုံသုံးပစ္စည်းများ၊ လှူဒါန်းငွေ စုစုပေါင်း တန်ဖိုးငွေကျပ် ၈၉၀၅၀၀၀ ဖြစ်ကြောင်း သိရသည်။ **မီးမီး(လှိုင်)**

ယဉ်ကျေးလိမ္မာသင်တန်း စနေနှင့်တနင်္ဂနွေရက်များ ဖွင့်မည်

ဇေယျာသီရိ ဇွန် ၁

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာ ရန်အောင်မြင်ကျောင်း၌ ဆရာတော် ဦးကုသလနှင့် ဦးဥက္ကဋ္ဌတို့ ဦးစီး၍ ဒုတိယအကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါသင်တန်းကို ဧပြီ ၂၀ ရက်မှ ယခုမေလကုန်အထိ သတ်မှတ်ထားသော်လည်း ကျောင်းဖွင့်ရက်များတွင် အပတ်စဉ် စနေနှင့် တနင်္ဂနွေနေ့များတွင် တက်ရောက်မည့်သူများကို ဆက်လက်ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်ကြောင်း ယခုလက်ရှိ သင်တန်းသား ၁၆၅ ဦးကျော်ကြောင်း၊ သင်တန်းသားများအတွက် စာရေးကိရိယာများကို ဆရာတော်နှင့် စေတနာရှင် အလှူရှင်များ လှူဒါန်းကြောင်း ဆရာတော် ဦးကုသလက မိန့်ကြားသည်။ **တင်မောင်လွင်**

စက်မှုဝန်ကြီးဌာန
အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းမှ အောက်ဖော်ပြပါ ပစ္စည်းအား CIF(Yangon) နိုင်ငံခြားငွေ(USD)ဖြင့် ဝယ်ယူလိုပါသည်-

စဉ် ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါအမှတ်
(က) Component Parts for Mini Excavator(E 35 M)	20 Units	02/No(1)HIE/2014-2015/CP

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူလိုသည့်ပစ္စည်းများ၏ (Technical Specification)များ၊ အသေးစိတ်အချက်အလက်များအား ၃-၆-၂၀၁၄ ရက်မှစတင်၍ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ တင်ဒါများ နောက်ဆုံးထားတင်သွင်းရမည့်ရက်မှာ ၁၃-၆-၂၀၁၄ ရက် ၁၆း၀၀ နာရီ ဖြစ်ပါသည်။

စီမံရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၅၀၅၃၊ ၀၆၇-၄၀၅၀၅၄

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
မြေတိုင်းဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြေတိုင်းဦးစီးဌာနတွင် အင်တာနက်တပ်ဆင်ခြင်းလုပ်ငန်းများအား အောက်ပါအတိုင်း ဆောင်ရွက်လိုပါသည်။

စဉ်	လုပ်ငန်းအမျိုးအမည်	အရေအတွက်
(က)	Tender No. 05/Internet/SD/2014-2015 မြေတိုင်းဦးစီးဌာန(နေပြည်တော်)ရှိ ဌာနခွဲများတွင် အင်တာနက်တပ်ဆင်ခြင်း	ကွန်ရက် (၁)ခု
(ခ)	Tender No. 06/Internet/SD/2014-2015 မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့ရှိ မြေတိုင်းဌာနခွဲတွင် အင်တာနက်တပ်ဆင်ခြင်း	ကွန်ရက် (၁)ခု

၂။ အိတ်ဖွင့်တင်ဒါများအား ၂၀-၆-၂၀၁၄ရက် ၁၂း၀၀နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပြီး ၁၄း၀၀နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရယူနိုင်ပါသည်။

လုပ်ငန်းသုံးပစ္စည်းများဝယ်ယူမှု စိစစ်ရေးအဖွဲ့
မြေတိုင်းဦးစီးဌာန
မြို့ပတ်လမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၃၀၇၃၊ ၀၆၇-၄၁၃၅၈၅

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
မြေတိုင်းဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြေတိုင်းဦးစီးဌာနတွင် အသုံးပြုရန်အတွက် အောက်ပါကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများအား ဌာနအရောက်တန်ဖိုး (D.D.P)နေပြည်တော် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	Tender No.07/Computer/SD/2014-2015 Personal Computer with UPS Brand: Dell	(12) Sets
(ခ)	Tender No.08/Printer/SD/ 2014-2015 Laser Jet Colour Printer with Scanner(A4)	(6) sets

၂။ အိတ်ဖွင့်တင်ဒါများအား ၂၀-၆-၂၀၁၄ ရက် ၁၂း၀၀ နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပြီး ၁၄း၀၀ နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရယူနိုင်ပါသည်။

လုပ်ငန်းသုံးပစ္စည်းများဝယ်ယူမှုစိစစ်ရေးအဖွဲ့
မြေတိုင်းဦးစီးဌာန
မြို့ပတ်လမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၃၀၇၃၊ ၀၆၇-၄၁၃၅၈၅

တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်တိုးချဲ့ (၁)ရပ်ကွက်၊ အမှတ် ၂၅၁နေ ဦးသန်းစိုးအောင် ၁၂/လကန(နိုင်)၂၀၂၃၆၅ ၏သမီး မသီရိဇင်(ခ) သီရိအောင်သည် တစ်ဦးတည်းဖြစ်ကြောင်းနှင့် သား မောင်မျိုးခန့်ဇင်အောင် (ခ)ခန့်ဇင်သော်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဈ/၁၇၅၉၊ Kyaw Thitsar Super L/T,1 TON, P/U(4×2)R ယာဉ်လက်ဝယ်ရှိသူ ဦးမိုးအောင် ၁၂/အစန(နိုင်)၂၀၆၂၃၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊အင်းစိန်

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဂ/၈၃၀၄ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ခ/၇၁၉၈ Mitsubishi Fuso MS726N Bus(4x2)R ယာဉ်လက်ဝယ်ရှိသူဦးဝင်းနိုင် ၁၂/ဒဂတ(နိုင်)၀၃၇၈၄၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ဘအ/၁၁၉၆၆၊ Yamaha Drag Star ယာဉ်လက်ဝယ်ရှိသူ ဦးအေးချို အောင်က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန(ခရိုင်ရုံး)၊ မြဝတီမြို့

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5A/3356 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

သင်နဲ့မိုးကြိုးမုန်တိုင်း ဘယ်လောက်ဝေးသလဲ

ဦးကျော်ဇော(လှသိပ္ပံ၊ ရွှေဘို)

မကြာမီ မြန်မာပြည်ကို မိုးဦးလေဦးဝင်တော့မှာ ဖြစ်ပါတယ်။ ကောင်းကင်ထက်မှာ ဖြစ်လာတတ်တဲ့ မိုးကြိုးမုန်တိုင်းတွေဟာလည်း အထူးသဖြင့် မိုးဦးလေဦးမှာ ပိုများလေ့ရှိပါတယ်။ ကမ္ဘာနဲ့အဝန်း တစ်နှစ်တစ်နှစ်မှာ မိုးကြိုးပစ်ခံရလို့ အသက်ဆုံးရှုံးသွားရတဲ့လူတွေဟာ မနည်းလှပါဘူး။ သိပ္ပံပညာကလည်း မိုးကြိုးမပစ်အောင် ဘယ်တော့မှ စွမ်းဆောင်နိုင်မှာ မဟုတ်ပါဘူး။ မိုးကြိုးပစ်တယ်ဆိုတာ မြေပြင်အထက် မိုးကောင်းကင်မှာ အဆမတန်များနေတဲ့ ဗို့အားသန်းထောင်ချီရှိနေတဲ့ Electronတွေ ကမ္ဘာမြေပေါ်ကို ကူးဝင်လာခြင်းလို့ပဲ အကြမ်းဖျင်းတင်ပြချင်ပါတယ်။

ကောင်းကင်ထက်မှာ Electron တွေ အဆမတန်များလာပြီဆိုရင် Potential Zero ရှိတဲ့ မဟာပထဝီမြေကြီးဆီကို ကူးစက်ဝင်ရောက်ဖို့ ဖြစ်လာပါတယ်။ အဲ့ဒီလိုဝင်ရောက်ဖို့ပြင်ဆင်တဲ့ မိုးကြိုးမုန်တိုင်းဟာ သူနဲ့အနီးစပ်ဆုံး လမ်းကြောင်းကနေပြီး မြေပြင်ထဲကို ဝင်ပါတယ်။ အဲဒါကိုပဲ မိုးကြိုးပစ်တယ်လို့ ခေါ်ပါတယ်။

အဆောက်အအုံမြင့်မြင့်တွေ၊ တာဝါတိုင်ကြီးတွေ၊ သစ်ပင်ကြီးတွေဟာ မြေပြင်အထက်ကို ထိုးထွက်နေတဲ့အတွက် မိုးကြိုးမုန်တိုင်းနဲ့ပိုပြီးနီးပါတယ်။ ဒါကြောင့် မိုးကြိုးလွှဲ(တစ်နည်းအားဖြင့် Electron စီးဆင်းဖို့ကိရိယာ) တပ်ဆင်မထားတဲ့အထပ်မြင့်တွေ၊ တာဝါတိုင်တွေ သစ်ပင်ကြီးတွေက မိုးကြိုးပိုပြီး အပစ်ခံရပါတယ်။

ဒါပေမယ့် ကွင်းပြင်ထဲမှာ မတ်တတ်သွားနေတဲ့ လူတစ်ယောက်အဖို့မှာတော့ မိမိဦးခေါင်းအထက် မိုးကြိုးမုန်တိုင်းရှိပြီဆိုရင် မိုးကြိုးပစ်ခံရဖို့ အခွင့်အလမ်း အလွန်များသွားပါပြီ၊ ဘာကြောင့်လဲဆိုတော့ မိမိကိုယ်တိုင်က ကွင်းပြင်ထဲမှာ အမြင့်ဆုံးဖြစ်နေလို့ပါပဲ။ ပေပေါင်းထောင်သောင်းချီပြီး ရှည်လျားတဲ့ တွန့်တွန့်လိပ်လိပ်လျှပ်စစ်မျှင်တန်းတွေ မိုးကောင်းကင်ကနေပြီး တစ်နေရာရာဆီကို ထိုးဆင်းသွားတာ မြင်ဖူးကြပါလိမ့်မယ်။ အဲ့ဒါကို အရပ်ခေါ်အရ မိုးကြိုးပစ်လိုက်တာပါပဲ။ ဆိုင်ကယ်ပလပ်တစ်ခုကို 0.5 cm လောက်မှာ မီးကူးဖို့အတွက် ဗို့အား သောင်းဂဏန်းထိ လိုတယ်ဆိုရင် ကောင်းကင်က မြေကြီးထိ ကူးစက်ဖို့ ဗို့အားသန်းဂဏန်းလောက် ရှိလိမ့်မယ်ဆိုတာ ခန့်မှန်းနိုင်ပါတယ်။ ဒါပေမယ့် ဆိုင်ကယ်ကထုတ်ပေးတဲ့ လျှပ်စစ်ပမာဏဟာ ဗို့အားမြင့်ပေမယ့် Ampere ကျတော့ အင်မတန်နည်းတဲ့အတွက် လူကို သေလောက်အောင်တော့ မဖြစ်ပါဘူး။ မိုးကြိုးပစ်တာကျတော့ Volt အားကလည်းမြင့်တယ်။ Ampere ကလည်း မသေးလှတဲ့အတွက် လူကိုအသက်ဆုံးရှုံးသည်ထိ ဖြစ်နိုင်ပါတယ်။

ဒီနေရာမှာ အလွယ်တကူ တွက်ချက်နည်းလေးတစ်ခုကို တင်ပြပေးချင်ပါတယ်။ မိုးကြိုးပစ်ပြီဆိုတဲ့အခါမှာ အလင်းရောင်နဲ့အသံဟာ တစ်ပြိုင်တည်းဖြစ်ပါတယ်။ ဒါပေမယ့် အလင်းရဲ့အလျင်ဟာ အသံရဲ့အလျင်ထက် အဆမတန်များပြားနေတဲ့အတွက် အလင်းကိုအရင်မြင်ပြီးမှ အသံကို အနီးအဝေးပေါ်မူတည်ပြီး အချိန်အနည်းအများနဲ့ ကြားရတာပါ။

အသံရဲ့အလျင်ဟာ 1100 ft/sec ဖြစ်ပြီး အလင်းရဲ့အလျင်က 186000 miles/sec ဖြစ်တဲ့အတွက် မြေပြင်အထက် ကောင်းကင်တစ်မိုင်ကွာမှာရှိတဲ့ မိုးကြိုးမုန်တိုင်းရဲ့ လျှပ်စီးလက်မှု (အလင်း)ကို တစ်စက္ကန့်ရဲ့ $\frac{1}{186000}$ sec အတွင်းမှာ မြင်လိုက်ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ အလွန်အင်မတန်မှ တိုတောင်းလွန်းလှတဲ့အချိန်ဖြစ်လို့ အဲ့ဒီအချိန်အတိုင်းအတာပမာဏကို Neglect လုပ်ပြီး မိုးကြိုးပစ်တဲ့အချိန်ကို အလင်းရောင်မြင်ရတဲ့အချိန်လို့ သတ်မှတ်နိုင်ပါတယ်။ မိုးကြိုးပစ်မှုနဲ့ တစ်ပြိုင်တည်းဖြစ်တဲ့အသံကတော့ မိုးကြိုးပစ်တဲ့နေရာကနေပြီး လူဆီကို တစ်စက္ကန့်မှာ 1100 ft နှုန်းနဲ့လာနေရမှာပါ။ တစ်မိုင်အကွာမှာရှိတဲ့ အတွက် ၅၂၈၀ ပေ ÷၁၁၀၀= ၄. ၈ စက္ကန့်ကြာမှ အသံကြားရမှာဖြစ်ပါတယ်။

ဒါဆိုရင် မိုးကြိုးမုန်တိုင်းဟာ မိမိရဲ့ အထက်ကောင်းကင်ပြင် ပေမည်မျှအကွာအဝေးမှာရှိနေပြီဆိုတာ ခန့်မှန်းလို့ရပါပြီ။ အလင်းရောင်မြင်တဲ့အချိန်ကစပြီး တစ်ထောင့်တစ်၊ တစ်ထောင့်နှစ် စသည်ဖြင့် ခပ်မှန်မှန်လေး ရေတွက်ပါ။ (တစ်ထောင့်တစ် = တစ်စက္ကန့်၊ တစ်ထောင့်နှစ်=နှစ်စက္ကန့် ဖြစ်ပါတယ်) တစ်ထောင့်ငါးမှာမှ အသံကြားရတယ်ဆိုရင် 1100 – 5 = 5500 ft အကွာအဝေးမှာ မိုးကြိုးမုန်တိုင်းရှိနေပြီဆိုတာ အနီးစပ်ဆုံး ခန့်မှန်းနိုင်ပြီဖြစ်ပါတယ်။ ပိုလွယ်ကူချင်တယ်ဆိုရင်တော့ အချိန်စက္ကန့်ကို ၁၀၀၀ နဲ့သာ မြှောက်ပြီးတွက်ပါ။ အနည်းငယ်ကွဲပေမယ့် မိမိအတွက်တော့ ပိုပြီးအသုံးတဲ့ပါတယ်။

ဒါပေမယ့် လင်းခနဲလည်းမြင်လိုက်ရော ဒင်းခနဲ အသံဆက်တိုက်ကြားလိုက်ရပြီဆိုရင်ဖြင့် မိမိခေါင်းထက်မှာ ကပ်လျက်ရှိနေပြီဆိုတာ သတိရှိပေတော့ပေါ့။ သေချာတာတစ်ခုကတော့ အလင်းဖြစ်တာနဲ့တစ်ပြိုင်တည်း မိုးကြိုးပစ်ပြီဖြစ်တဲ့အတွက် အလင်းရောင်ကို မိမိကိုယ်တိုင်မြင်ပြီးပြီဆိုရင် အဲ့ဒီမိုးကြိုးက မိမိနဲ့လွဲဖယ်သွားပြီဆိုတာပါပဲ။

မြန်မာပြည်သူပြည်သားများနှင့် မြန်မာ့ကျေးဇူးရှင်တောင်သူဦးကြီး၊ အဒေါ်များ မိုးကြိုးအန္တရာယ်မှ ကင်းဝေးကြပါစေ။

သတင်းတိုများ

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး အချုပ်ခန်းများစစ်ဆေး

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဦးလှအေးသည် ရန်ကုန်တောင်ပိုင်းခရိုင် တရားသူကြီးဒေါ်စုငယ်လိုက်ပါလျက် မေ ၃၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် တရားရုံးပုံမှန်ရုံး စစ်ဆေးခြင်းနှင့် သုံးခွမြို့မရဲစခန်းအချုပ်ခန်းကို သွားရောက်စစ်ဆေးရာ သုံးခွမြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူးအောင်သင်းဦး၊ သုံးခွမြို့မရဲစခန်းမှူး ဒုရဲမှူးစောဝင်းတို့က ကြိုဆိုကြပြီး တိုင်းဒေသကြီး၊ တရားလွှတ်တော်တရားသူကြီးက အချုပ်ခန်းများ၌ အချုပ်သားများ၏ နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေပါ အခွင့်အရေးများ ရရှိမှုနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိ မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။ **ချစ်စရာ(သုံးခွ)**

တန်ဖိုးနည်းမိုဘိုင်းဖုန်းများကံစမ်းမဲဖွင့်

နိုင်ငံအနှံ့အပြားရှိ အမြို့မြို့အနယ်နယ်တွင် တန်းဖိုးနည်း မိုဘိုင်းဖုန်းများကို ခွဲတန်းချရောင်ချပေးလျက်ရှိပြီး ၂၀၁၄ ခုနှစ် မေလအတွက် ပဥ္စမအကြိမ်မြောက် တန်ဖိုးနည်း မိုဘိုင်းဖုန်းများကို ရောင်းချပေးနိုင်ရေး တာဝန်ရှိသူများက ဆောင်ရွက်လျက်မြစ်ကြီးနားမြို့တွင် မေ ၃၀ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ တန်းဖိုးနည်းမိုဘိုင်းဖုန်းကံစမ်းမဲဖွင့်လှစ်ခြင်း အခမ်းအနားကို ကျင်းပခဲ့သည်။ ပဥ္စမအကြိမ်မြောက် တန်းဖိုးနည်းမိုဘိုင်းဖုန်း ဖွင့်လှစ်ခြင်းတွင် မြစ်ကြီးနားမြို့နယ်၌ အငြိမ်းစားဌာနဆိုင်ရာ ဝန်ထမ်းများအတွက် WCDMA အလုံး ၁၃၀၀၊ ဌာနဆိုင်ရာ ဝန်ထမ်းများအတွက် GSM အလုံး ၁၅၀ ၊ ဒေသခံပြည်သူများအတွက် GSM အလုံး ၃၀၀ ကို မြစ်ကြီးနားမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီဝင်များ၊ မြို့နယ်လုံခြုံရေး၊ တည်ငြိမ်အေးချမ်းနှင့် တရားဥပဒေ စိုးမိုးရေးကော်မတီများ၊ ဌာနဆိုင်ရာဝန်ထမ်းများ ကြီးကြပ်ကာ တက်ရောက်လာသော ကလေးငယ်များက ကံစမ်းမဲနှိုက်ပေးကြသည်။ **မိုးဃံးကျ(မြစ်ကြီးနား)**

မန်စီမြို့နယ် သံတံတားပြုပြင်တည်ဆောက်ပြီးစီး ပြည်သူများ သွားလာမှုအဆင်ပြေ

မန်စီ ဇွန် ၁

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့နယ် သံတံတားကျေးရွာတွင် နမ့်မဲချောင်းဖြတ်၍ ကျေးရွာချင်းဆက် တံတားကို နိုင်ငံတော်အစိုးရက ဆောက်လုပ်ပေးခဲ့ရာ ၂၀၁၁ ခုနှစ်တွင် ပျက်စီးခဲ့၍ မော်တော်ယာဉ်များ၊ ပြည်သူများ ဖြတ်သန်းသွားလာနိုင်မှု မရှိခဲ့ပေ။

နိုင်ငံတော်အစိုးရက လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေး၊ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်စေရေး၊ ပြည်သူများသွားလာမှု အဆင်ပြေစေရေးတို့အတွက် သံတံတားကို ပြုပြင်ဆောက်လုပ်ရန် ခွင့်ပြုခဲ့သည်။ အဆိုပါ သံတံတားသည် ဗန်းမော်-မံသာ-စီကော်-စီအူလမ်း တံတားအမှတ်(၁/၄၀) (သံတံတား) H_20 တံတားဖြစ်၍ အရှည် ၁၁၂ ပေ ခြောက်လက်မ၊ အကျယ် ၁၂ ပေရှိပြီး ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် သာမန်ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၂၀ ဖြင့် ဗန်းမော်ခရိုင် ဆောက်လုပ်ရေးအင်ဂျင်နီယာနှင့်အဖွဲ့က ဆောက်လုပ်ခဲ့ရာ မတ် ၂၇ ရက်က ပြီးစီးခဲ့သဖြင့် ယခုအခါ ပြည်သူများ၊ မော်တော်ယာဉ်များ၊ ဆိုင်ကယ်များသွားလာမှု အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **နန်းရီ(ဆီမီးခုံ)**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်
တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများကို ဗိသုကာပုံစံနှင့်အညီ ဆောင်ရွက်လိုပါသည်-

စဉ် လုပ်ငန်းအမျိုးအမည်

(က) ရုံးအမှတ် (၅၅)၊ အထောက်အကူပြုဝင်းအတွင်း Steel Structure ကားရပ်နားဆောင် တည်ဆောက်ခြင်း၊ (၁၀၀'×၂၀'×၁၅') (ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်)

(ခ) ရုံးအမှတ်(၅၅)၊ အထောက်အကူပြုဝင်းအတွင်း (၃၀'×၂၀'×၁၅') (Steel Structure) ပစ္စည်းသိုလှောင်ရုံ လေးလုံးတည်ဆောက်ခြင်း၊ (အတွင်းလျှပ်စစ်လုပ်ငန်း၊ ပြင်ပ လျှပ်စစ်လုပ်ငန်းနှင့် အဆောက်အအုံပတ်လည် ရေမြောင်းအပါအဝင်)(ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်)

(ဂ) ရုံးအမှတ်(၅၅)၊ အထောက်အကူပြုဝင်းအတွင်း (၆၀'×၇.၅'×၄') ရေဆေးဆီလိုက်ခုံ တစ်ခုနှင့် (၆'×၆'×၇.၅') Pump House(၁)ခု တည်ဆောက်ခြင်း၊ (အဝီစိတွင်းပြုပြင်ခြင်း၊ Submersible pump၊ လျှပ်စစ်မီးလိုင်းသွယ်တန်းခြင်း၊ ရေလိုင်းသွယ်တန်းခြင်းလုပ်ငန်းများအပါအဝင်) (ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်)

(ဃ) ပန်းဆိုးတန်းလမ်း ဘဏ်ရိပ်သာ အကြီးစားမွမ်းမံခြင်း(အမိုး၊ နံရံဆေးသုတ်၊ ရေပိုက်လိုင်းများပြင်ဆင်ခြင်း၊ မီးပိုက်လိုင်းများပြင်ဆင်ခြင်း၊ မျက်နှာကြက်ပြတင်းတံခါးများပြင်ဆင်ခြင်း။) (ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့)

(င) ရန်ကုန်ဘဏ်ခွဲ၊ ဗဟိုဘဏ် ဆဋ္ဌမထပ် ခေါင်မိုးပိုင်း (ဒိုင်းမျှားအပါအဝင်)နှင့် မျက်နှာကြက်များ ပြုပြင်မွမ်းမံခြင်း၊ (၃၆၈' ×၉၅')(ရန်ကင်းမြို့နယ်၊ ရန်ကုန်)

(စ) ရန်ကုန်ဘဏ်ခွဲ၊ ဗဟိုဘဏ် ပင်မအဆောက်အအုံ ၆ ထပ် (၃၆၈'×၉၅')နှင့် Conference Hall(၂)ထပ် (၂၁၆'×၉၂')အပြင်ဘက်နံရံများအား ဆေးသုတ်ခြင်း။ (ရန်ကင်းမြို့နယ်၊ ရန်ကုန်)

(ဆ) ရန်ကုန်ဘဏ်ခွဲ၊ အထောက်အကူပြုဝင်းအတွင်း လက်ရှိအသုံးပြုလျက်ရှိသော ယိုယွင်းနေသည့်ဂါလန် ၈၀၀ဆံ့ရေစင်အစား ဂါလန်၁၀၀၀ဆံ့ သံရေစင်အသစ်တည်ဆောက်ခြင်း။ (ရန်ကင်းမြို့နယ်၊ ရန်ကုန်)

(ဇ) ရန်ကုန်ဘဏ်ခွဲ၊ အထောက်အကူပြုဝင်းအတွင်း ကားရပ်နားရန် Steel Structure Open Shed တည်ဆောက်ခြင်း၊ (၁၆၀' ×၃၆'×၁၅') (အောက်ခံ Concrete ကြမ်းခင်းအပါအဝင်) (ရန်ကင်းမြို့နယ်၊ ရန်ကုန်)

၂။ တင်ဒါစည်းကမ်းချက်များ ပါဝင်သောအိတ်ဖွင့်တင်ဒါပုံစံကို ၂-၆-၂၀၁၄ရက်မှ ၆-၆-၂၀၁၄ရက်အထိ နေ့စဉ်နံနက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအထိ ရုံးဖွင့်ရက်များအတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရုံးအမှတ် (၅၅)၊ စီမံခန့်ခွဲမှုနှင့်နည်းပညာဌာန၊ မြို့ပြအင်ဂျင်နီယာဌာနစိတ်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၃-၆-၂၀၁၄ရက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ရုံးအမှတ် (၅၅)၊ စီမံခန့်ခွဲမှုနှင့်နည်းပညာဌာနတွင် တင်ဒါခေါ်ယူစစ်ဆေးရေးအဖွဲ့ရှေ့မှောက်တွင် တင်သွင်းရန်ဖြစ်ပါသည်။(သတ်မှတ်ကာလထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။)

၄။ အသေးစိတ်သိရှိလိုသောအချက်များရှိပါက ဖုန်း-၀၆၇-၄၁၈၂၄၃နှင့် ၀၆၇-၄၁၈၂၆၀ တို့သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့်လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော လမ်းခင်းကျောက်ရွယ်စုံ၊ တောသစ်ခွဲသားရွယ်စုံ၊ သံချောင်းရွယ်စုံ၊ ဘိလပ်မြေ၊ အုတ်၊ သဲ၊ ချောင်းကျောက်စရစ်၊ မြေနီကျောက်စရစ်စသည့်ပစ္စည်းများအား လမ်းအပိုင်းအလိုက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါရန် ကြေညာအပ်ပါသည်။

၁။ **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၃၀-၅-၂၀၁၄ ရက်
၂။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၂-၆-၂၀၁၄ ရက် ၁၂း၀၀ နာရီ
၃။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၃-၆-၂၀၁၄ ရက် ၀၉း၀၀ နာရီ
၄။ **တင်ဒါတင်သွင်းစိစစ်ရွေးချယ်မည့်နေရာ** - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့
၅။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၂-၅၀၀၂၈ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

ဖခင်အမည်မှန်

ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ရွှေကူမြို့၊ အမှတ်(၂)၊ အခြေခံပညာအထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(C)တွင် ပညာသင်ကြားနေသော မောင်အေးချမ်းလင်း၏ ဖခင်အမည်မှန်မှာ ဦးမင်းသိန်းတင့် ၁/ရကန (နိုင်)၀၄၇၆၄၉ ဖြစ်ပါကြောင်း။

အမည်ပြောင်း

ကန်ကြီးထောင့်မြို့နယ်၊ ကန်ရွာကျေးရွာ၊ အထက(ခွဲ) GRATE(9)မှ ဦးသန်းထိုက်၏သား မောင်သူရထွန်းအား မောင်သူရိန်လင်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်သူရိန်လင်း

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လေယာဉ်ကွင်းတည်ဆောက်ရေးတွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ ပစ္စည်းအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

ပစ္စည်းအမျိုးအမည်	အရေအတွက်
လေယာဉ်ပြေးလမ်းသုံးကတ္တရာ	၁၆၅၁.၁၂၅ တန်

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းနှင့် လျှောက်လွှာပုံစံများအား ၄-၆-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ၁၂-၆-၂၀၁၄ ရက် ၁၅း၀၀ နာရီတွင် တင်ဒါပိတ်မည်ဖြစ်ပါသည်။ တင်ဒါအချက်အလက်များနှင့် ပတ်သက်၍ မေးမြန်းစုံစမ်းလိုပါက အောက်ဖော်ပြပါ လိပ်စာအတိုင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ညွှန်ကြားရေးမှူး
အုပ်ချုပ်ရေးနှင့်စီမံရေးဌာနခွဲ
လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၅၃၃၀၀၆၊ ၀၁-၅၃၃၀၃၀-လိုင်းခွဲ ၅၀၆

အတွေးအမြင်

မိဘ၊ ဆရာ၊ ကျောင်းသား ပူးပေါင်းကာလက်တွဲထား

"ပန်းကလေးများပွင့်တော့မည် ဖူးတံဝင့်လို့ချီ၊ နေခြည်မှာရွှေရည် လောင်း ငါတို့စာသင်ကျောင်း" ဆိုသည့် စာသင်ကျောင်းများဆီသို့ သမီးငယ်၊ သားငယ်တို့ ဖူးသစ်စပန်းကလေးများ မာန်တဝင့်ဝင့်၊ ဟန်တဝင့်ဝင့်ဖြင့် ချီတက်ကြပေတော့မည်။

သာမန်အားဖြင့်ဆိုလျှင် ယခုအချိန်သည် မိဘတိုင်းက သားသမီးများ၏ ပညာရေးအတွက်သာ စိုးရိမ်ရသည် မဟုတ်၊ ကျောင်းစာအုပ်စရိတ်၊ ဝတ်စားဆင်ယင်မှုစရိတ်နှင့် ကျောင်းမုန့်ဖိုးစသည့် စရိတ်များအတွက်ပါ ဇယားချကာ စတင်ရင်ပူကြရသည့်အချိန် ဖြစ်သည်။ သို့သော် ယခုနှစ်တွင်မူ မူလတန်း အခမဲ့ပညာရေးမှ အလယ်တန်း အခမဲ့ပညာရေးအထိ အဆင့်တိုးကာ ခွင့်ပြုလိုက်သောအခါ ကျောင်းသားမိဘတိုင်းဝမ်းသာပီတိ ဂွမ်းဆီထိကြရပေတော့သည်။

သို့တင်မက ပညာရေးတွင်လည်း ထိရောက်သော ပညာရေးစနစ်ဖြစ်စေရန် သင်ရိုးညွှန်းတမ်းများ ပြင်သင့်သည်ကိုပြင်၊ လျှော့သင့်သည်ကို လျှော့ကာ သင်ကြားပေးတော့မည် ဖြစ်သဖြင့် ပို၍ပို၍ ဝမ်းသာကြရသည်။ မိဘတိုင်း၏ ရင်ထဲတွင် "ငါ့သားသမီးငါ့ထက်တော်စေ၊ တတ်စေရမည်၊ ငါတို့ထက် သာလွန်ကောင်းမွန်သောဘဝများ ပိုင်ဆိုင်စေရမည်" ဟူသော စိတ်နှလုံးများ ရှိကြသည်။ သို့သော် အချို့သော မိဘများတွင်မူ သားသမီးကများ၊ ဝင်ငွေက ပုံမှန်မရှိ တော်စေ တတ်စေချင်သော်လည်း အားမရှိကြရှာ။ ထိုအဖြစ်မျိုးများကြောင့် လူငယ်များ ကျောင်းမနေနိုင်ဖြစ်ကြမည့် အရေးမှာ ကင်းဝေးစေရန် အလယ်တန်းအဆင့်ထိ အခမဲ့ပညာသင်ယူနိုင်ရန် နိုင်ငံတော်က စီစဉ်ပေးခဲ့လေပြီ။ မိဘများ၏ ရင်ဝယ်ဝမ်းသာကျေနပ်အားရမိကြရသည်။

ဝေးလံခေါင်ဖျား ဒေသများမှ ကလေးငယ်များ၏ပညာရေး အလှမ်းမဝေးစေရန်လည်း နေ့စားလပေး ဆရာဆရာမများ ခန့်ထားကာ ကျောင်းနေအရွယ်တိုင်း ပညာသင်ကြားနိုင်ကြစေရန် တစ်ဖက်တစ်လမ်းမှ ပံ့ပိုးပေးလျက်ရှိရာ အနာဂတ်နိုင်ငံတော်ကို ပညာစွမ်းအားများဖြင့် တည်ဆောက်နိုင်ရန် အရင်းအနှီး ပြုနေခြင်းဟု ဆိုရပါမည်။

တစ်ဖက်တွင်လည်း ကျောင်းသား ကျောင်းသူ ကလေးသူငယ်များ ပညာရေး ကောင်းမွန်ထူးချွန်ရေးအတွက် မိဘနှင့်ဆရာများက ပူးပေါင်းလက်တွဲဆောင်ရွက်ကြရပေမည်။ သို့မှသာ ထူးချွန်ထက်မြက် လိမ္မာတတ်သိသော လူငယ်လူရွယ်များ ပေါ်ထွန်းလာမည်ဖြစ်သည်။ ပညာတတ်ပေါများလာသည်နှင့်အမျှ နိုင်ငံကို ပညာဖြင့် တည်ဆောက်လာနိုင်မည်ဖြစ်ပြီး သယံဇာတ ထုတ်ကုန်အပေါ် မှီခိုအားထားနေရသည့် အခြေအနေမှ လွန်မြောက်နိုင်မည် ဖြစ်ပါသည်။

အင်ကြင်းမွှေး

လွှတ်တော်ကိုယ်စားလှယ်လွှတ်တော် အတွေ့အကြုံရှင်းလင်း

မကွေး ဇွန် ၁

မကွေးတိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဟန်မောင်နှင့် မကွေးမြို့နယ် ပြည်ခိုင်ဖြိုးပါတီအတွင်းရေးမှူး ဦးအောင်သိန်းကျော်နှင့် ပါတီဝင်များသည် မေ ၂၈ ရက် နံနက် ၉ နာရီခွဲက မကွေးမြို့နယ် မြင်ကွန်းကျေးရွာအုပ်စု သာယာကုန်းကျေးရွာတွင် ဒေသခံရွာသူ ရွာသား ၁၀၀ ခန့်နှင့်တွေ့ဆုံ၍ လွှတ်တော်အတွေ့အကြုံရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။

ထိုတွေ့ဆုံပွဲတွင် တိုင်းဒေသကြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဟန်မောင်က မကွေးတိုင်းဒေသကြီး လွှတ်တော်၏ ဥပဒေများ ပြဋ္ဌာန်းမှု၊ လွှတ်တော်အတွင်း မေးခွန်းများ၊ အဆိုများ တင်သွင်းနိုင်မှုကို တက်ရောက်လာကြသည့် ဒေသခံများ နားလည်သဘောပေါက်ရန် ရှင်းလင်းပြောကြားခြင်း၊ လက်ရှိနိုင်ငံတော်အစိုးရ၏ ဆောင်ရွက်မှုများ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုလွှတ်တော် လက်ရှိဆောင်ရွက်နေမှုများအား ရှင်းလင်းပြောကြားခဲ့ကြောင်း၊ ထို့နောက် တက်ရောက်လာကြသည့် ဒေသခံပြည်သူတစ်ဦးက မကွေး-တောင်တွင်းလမ်းမနှင့် မြင်ကွန်းကျေးရွာ ဆက်သွယ်သောလမ်းခုနစ်မိုင်ကို ရာသီမရွေးသွားလာနိုင်ရေး ပြုပြင်ဆောင်ရွက်ပေးစေလိုကြောင်း၊ မြင်ကွန်းကျေးရွာအုပ်စုမှ မြေယာမှတ်ပုံတင် ပုံစံ(၇) မရှိသေးကြောင်း၊ ကျေးရွာမီးလင်းရေး ကိစ္စနှင့်ပတ်သက်၍ ကူညီဆောင်ရွက်ပေးစေလိုကြောင်း တင်ပြခဲ့ရာ မြို့နယ်ပြည်ခိုင်ဖြိုးပါတီ အတွင်းရေးမှူး ဦးအောင်သိန်းကျော်က ထိုလမ်းမှာ ခုနစ်မိုင်ကွာဝေးသဖြင့် တိုင်းဒေသကြီး အစိုးရအနေဖြင့် ဘတ်ဂျက်အရ နှစ်စဉ်ဆောင်ရွက်နေကြောင်း၊ ထိုလမ်းမှာငွေကုန်ကြေးကျများနေသည့်အတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ဆောင်ရွက်ရန် မလုံလောက်သည့်အတွက် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားပြီးဖြစ်ကြောင်း၊ မြေယာမှတ်ပုံတင် မရရှိသေးသည့်ကျေးရွာများတွင်လည်း သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပြီးအမြန်ဆုံး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကျေးရွာမီးလင်းရေးကိစ္စနှင့် ပတ်သက်၍ သက်ဆိုင်ရာဌာနနှင့် ပေါင်းစပ်ပြီး မူဘောင်အတွင်းမှ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ကျော်ဇေယျာ(မကွေး)

သတင်းတိုများ

ကျောင်းကျန်းမာရေးသင်တန်း တပ်ကုန်းမြို့တွင် ဖွင့်လှစ်

ကျောင်းကျန်းမာရေး မွမ်းမံသင်တန်းကို နေပြည်တော် တပ်ကုန်းမြို့နယ် အထက(၁)တွင် မေ ၂၈ ရက်၊ ၂၉၊ ၃၀ ရက်များတွင် ကျင်းပရာ သင်တန်းတွင် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန နေပြည်တော်မှ ဒုတိယညွှန်ကြားရေးမှူး (ကျောင်းကျန်းမာ) ဒေါက်တာကြည်လွင်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးစီးအရာရှိများ ပါဝင်သောအဖွဲ့က ဦးဆောင်ပို့ချပြီး တပ်ကုန်းမြို့နယ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာ ဆရာမကြီးများ စုစုပေါင်း ၁၅၀ နှင့် အခြေခံသင်တန်းတွင် ကျောင်းကျန်းမာရေးအကြောင်း၊ ကျောင်းကျန်းမာရေးအဆင့်မြှင့် ကျောင်းထူထောင်ရေးလုပ်ငန်းစဉ် (၉)ရပ်ကို ရှင်းလင်းပြီး တက်ရောက်လာသော သင်တန်းသားများက အုပ်စုဖွဲ့၍ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ကျောင်းကျန်းမာရေး အဆင့်မြှင့် ကျောင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေး ဆွေးနွေး၍ လိုအပ်ချက်များ ပူးပေါင်းညှိနှိုင်းခဲ့ကြောင်း သိရသည်။ **(လ/၀၃၆)**

အခြေခံပညာ အလယ်တန်းကျောင်းအဆင့်တိုးမြှင့်ဖွင့်

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် ဆူးဝင်းကျေးရွာအုပ်စု ဆူးဝင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်ပွဲကို မေ ၂၇ရက် နံနက် ၉ နာရီက ယင်းကျောင်းရှေ့၌ ဖွင့်လှစ်သည်။ အဆိုပါဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲလင်းအောင်၊ မြို့နယ်ပညာရေးမှူးဦးကြည်ဝင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်ခင်နှင့် ရပ်မိရပ်ဖ ဦးဝင်းမြိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဆူးဝင်းကျေးရွာအခြေခံပညာ အလယ်တန်းကျောင်းအဆင့် တိုးမြှင့်ဆိုင်းဘုတ်ကို ပခုက္ကူခရိုင် အုပ်ချုပ်ရေးမှူး ဦးသန်းဆွေက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူးနှင့်ဇနီးတို့က ကျောင်းနေရန် အခက်အခဲရှိသည့် ဆင်းရဲသော ကျောင်းသား ကျောင်းသူ ခြောက်ဦးကို ကျောင်းသုံးစာရေးကိရိယာနှင့် ကျောင်းဝတ်စုံများထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **(၁၃၅)**

တပ်ကုန်းမြို့တွင် ကျောင်းအပ်နှံရေးနေ့ကျင်းပ

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် အောင်ဇေယျရပ်ကွက် အမက (၄)တွင် ကျောင်းအပ်နှံရေးနေ့ကျင်းပရာ မြို့နယ်အမျိုးသမီး ရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဆွေဦးနှင့် အဖွဲ့ဝင်များ ကျောင်းအုပ်ဆရာမကြီးနှင့်ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်သည်။ ရှေးဦးစွာ အမျိုးသမီးရေးရာအသင်းဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီးနှင့်အတူ ကျောင်းသား ကျောင်းသူများကို ဗလာစာအုပ်၊ ထီးနှင့်ကျောင်းဝတ်စုံအဖြူအစိမ်းတို့ တန်ဖိုးငွေကျပ် ၁၁၀၀၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(လ/၀၃၆)**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရုံးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ရုံးသုံးစက်ပစ္စည်း ၃၉ မျိုးအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါစည်းကမ်းချက်များပါဝင်သော အိတ်ဖွင့်တင်ဒါပုံစံကို ၂-၆-၂၀၁၄ ရက်မှ ၆-၆-၂၀၁၄ ရက်အထိ နေ့စဉ် နံနက် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီ အထိ ရုံးဖွင့်ရက်များအတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရုံးအမှတ် ၅၅၊ စီမံခန့်ခွဲမှုနှင့် နည်းပညာဌာန၊ စက်မှုအင်ဂျင်နီယာဌာနစိတ်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၃-၆-၂၀၁၄ ရက်၊ ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ရုံးအမှတ် ၅၅၊ စီမံခန့်ခွဲမှုနှင့် နည်းပညာဌာန၌ တင်ဒါခေါ်ယူစစ်ဆေးရေးအဖွဲ့ ရှေ့မှောက်တွင် တင်သွင်းရန်ဖြစ်ပါသည်။(သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။)

၄။ အသေးစိတ်သိရှိလိုသောအချက်များရှိပါက ဖုန်း-၀၆၇-၄၁၈၂၄၃ နှင့် ၀၆၇-၄၁၈၂၉၃ တို့သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့တွင် ခရိုင်(၄)ခရိုင်အတွင်းရှိ ဓာတ်အားလိုင်း၊ ခွဲရုံများတည်ဆောက်ခြင်းလုပ်ငန်း၊ အရန်မီးစက်ဌာနအတွက် လိုအပ်သောပစ္စည်းများနှင့် အုပ်ချုပ်မှုသုံးယာဉ်နှင့် လုပ်ငန်းသုံးယာဉ်များတွင် အသုံးပြုရန်အတွက်လိုအပ်သော တာယာမျိုးစုံနှင့် ဘက်ထရီမျိုးစုံကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

တင်ဒါပိတ်မည့်ရက် - ၁၈-၆-၂၀၁၄ ရက်

တင်ဒါပိတ်မည့်အချိန် - ၁၂း၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

တင်ဒါကြီးကြပ်ရေးအဖွဲ့

ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့

ပစ္စည်းထောက်ပံ့ရေးဌာန၊ ရန်ကုန်မြို့

အမှတ် ၁၉၇၊ ၁၉၉၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်၊

ဖုန်း-၀၁-၂၂၀၈၁၆

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ရုံးသုံးပရိဘောဂပစ္စည်းများ ဝယ်ယူရန်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အတွက် ရုံးသုံးပရိဘောဂပစ္စည်း (၁၉)မျိုးအား ဝယ်ယူလိုပါသည်။

၂။ တင်ဒါစည်းကမ်းချက်များပါဝင်သော အိတ်ဖွင့်တင်ဒါပုံစံကို ၂-၆-၂၀၁၄ရက်မှ ၆-၆-၂၀၁၄ရက်အထိ နေ့စဉ် ၉း၃၀နာရီမှ ၁၆း၃၀နာရီအထိ ရုံးဖွင့်ရက်အတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရုံးအမှတ် (၅၅)၊ စီမံခန့်ခွဲမှုနှင့်နည်းပညာဌာန၊ ပစ္စည်း(၁) ဌာနစိတ်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၃-၆-၂၀၁၄ရက်၊ ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ရုံးအမှတ် (၅၅)၊ စီမံခန့်ခွဲမှုနှင့်နည်းပညာဌာန၌ တင်ဒါခေါ်ယူစစ်ဆေးရေးအဖွဲ့ ရှေ့မှောက်တွင် တင်သွင်းရန်ဖြစ်ပါသည်။ (သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။)

၄။ အသေးစိတ်သိရှိလိုသောအချက်များရှိပါက ဖုန်း-၀၆၇-၄၁၈၂၄၃နှင့် ၀၆၇-၄၁၈၃၆၈တို့သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

အမည်ပြောင်းလဲခေါ်ပါရန်

ဧရာဝတီတိုင်းဒေသကြီး၊ သာပေါင်းမြို့နယ်၊ ဘုရားကုန်းကျေးရွာ အမှတ်(၃) ရပ်ကွက်နေ ဦးမင်းဇော်ဦး-ဒေါ်ယဉ်မင်းဌေးတို့၏သား ကျောင်းကုန်းမြို့ အထက တက္ကသိုလ်ဝင်တန်းတွင် ပညာသင်ယူမည့် မောင်ကောင်းမင်းဆက်အား မောင်ကောင်းမင်းထက်ဟု ယနေ့မှစ၍ ပြောင်းလဲခေါ်ပါရန်။

မောင်ကောင်းမင်းထက်

ဖောင်းကြွပျောက်

လျှောက်ထားခြင်း

ယာဉ်အမှတ် ၈က/၁၀၁၆၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ဟင်္သာတမြို့)

အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အလက(၁)လှိုင်၊ အဋ္ဌမတန်း(ဂ)မှ ဦးစိုးမိုးသိန်း၏သမီး မမိုးပပအား မမေမြတ်ချယ်ဟု ပြောင်းလဲခေါ်ပါရန်။

မမေမြတ်ချယ်

အမည်ပြောင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့နယ်၊ အထက(အိုးဘိုးကုန်း) သတ္တမတန်း(က)မှ ဦးဇော်လွင်၏သား မောင်ကောင်းပြည့်ဇော်လွင်အား မောင်ကောင်းပြည့်မင်းဟုပြောင်းလဲခေါ်ပါရန်။

မောင်ကောင်းပြည့်မင်း

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၁ယ/၅၃၃၄ HONBO 110၊ ယာဉ်လက်ဝယ်ရှိသူ ဦးညီထွေး ၁၃/တကန(နိုင်)၁၃၇၁၉၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန(တောင်ကြီး)

ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ရွှေဘိုမြို့၊ ရန်ကြီးအောင်ကွက်သစ်၌ လက်ရှိနေထိုင်လျက်ရှိသော ကျွန်တော်၏ဇနီး ဒေါ်နန်းလှလှမြိုင်သည် ကျွန်တော့်အား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်ပြီး နေအိမ်မှဆင်းသွားပါသဖြင့် ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း။

ဦးငွေသိန်း

မှုခင်းသတင်းနှင့်ကြော်ငြာ

ဆိုင်ကယ်မောင်းလာသူ အမျိုးသမီးကို ရိုက်ပြီး ဆိုင်ကယ်လုယူထွက်ပြေး

မော်လူး ဇွန် ၁

အင်းတော်မြို့နယ် မော်လူးရဲစခန်းပိုင်နယ်မြေအတွင်း မေ ၁၈ ရက်က ဆိုင်ကယ်မောင်းနှင်လာသူ အမျိုးသမီးကို ရိုက်နှက်ကာ ဆိုင်ကယ်လုယူထွက်ပြေးခဲ့ပြီး ညီဖြစ်သူကို ဖမ်းဆီးရမိသော်လည်း အဓိကပြစ်မှုကျူးလွန်သူ အစ်ကိုဖြစ်သူ ထွက်ပြေးတိမ်းရှောင်နေရာမှ အသိတရားရပြီး အမှားကိုဝန်ခံ မော်လူးရဲစခန်းသို့ လာရောက်အဖမ်းခံခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၈ ရက် နံနက် ၇ နာရီတွင် အင်းတော်မြို့နယ် မော်လူးနယ်မြေရဲစခန်းပိုင်နယ်မြေအတွင်းရှိ ပင်ဝယ်ရဲကင်းအနီး ဗျူဟာကားလမ်း တုံးလုံ့ရွာထိပ်ဗျူဟာလမ်းမပေါ်တွင် ပင်ဝယ်ဘက်မှ တုံးလုံ့ရွာဘက်သို့ 125-Kenbo ဆိုင်ကယ်အမျိုးအစား နီ/နက်ကျား စီးလာသူ တုံးလုံ့ရွာနေ မမင်းခိုင်(၃၅ နှစ်)ကို လူတစ်ဦးသည် ဆိုင်ကယ်ရှေ့မှ ပိတ်ပြီး တုတ်နှင့်သုံးချက်ရိုက်နှက်ပြီး ဆိုင်ကယ်ကို လုယူသွားခဲ့၍ မမင်းခိုင်၏ခင်ပွန်း ကိုမောင်ကြိုင်မှ တမရားလိုပြုလုပ် တိုင်တန်းခဲ့သဖြင့် မော်လူးရဲစခန်းက အမှုဖွင့်ဆောင်ရွက်ခဲ့ပြီး စခန်းမှူးနှင့် တပ်ဖွဲ့ဝင်များက လိုက်လံစုံစမ်းခဲ့ရာ ပြစ်မှုကျူးလွန်သူမှာ မော်လူးကျေးရွာအုပ်စု ပဲခူးရွာနေ ဇေယျာလင်း(၂၈နှစ်)နှင့် ကေဇာလင်း(၂၅ နှစ်)တို့ ညီအစ်ကိုနှစ်ဦးဖြစ်ကြောင်း စုံစမ်းဖော်ထုတ်သိရှိရပြီး မေ ၂၃ ရက်တွင် ကေဇာလင်းကို သက်သေခံပစ္စည်းဆိုင်ကယ်နှင့်အတူ မော်လူးရဲစခန်းအနောက် ၁၈မိုင်ခန့်ရှိ သရက်မှော်ထဲတွင် ဖမ်းဆီးရမိခဲ့သည်။

ဇေယျာလင်းမှာ ထွက်ပြေးတိမ်းရှောင်နေ၍ ဆက်လက်လိုက်လံစုံစမ်းဖမ်းဆီးခဲ့သည်။ မေ ၂၇ ရက် ည ၈ နာရီခန့်တွင် အစ်ကိုဖြစ်သူ ဇေယျာလင်းမှာ မော်လူးရဲတပ်ဖွဲ့စခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်အောင်အောင်သန်းနှင့်အဖွဲ့မှ ရှာဖွေလျက်ရှိကြောင်းသိရပြီး ပြစ်မှုကျူးလွန်သူမှာ ဆက်လက်ရှောင်တိမ်းမနေတော့ဘဲ မိမိအမှားအတွက် နောင်တအသိတရားရကာ မော်လူးရဲစခန်းသို့ မိမိသဘောအရ လာရောက် ဖြောင့်ချက်ပေးကာ အဖမ်းခံခဲ့ကြောင်း သိရသည်။

(၁၄၉)

မန်တုံမြို့မှ အမျိုးသမီးငယ်လေးများအား ဘီယာဆိုင်နှင့်ကာရာအိုကေဆိုင်တွင် အလုပ်ရမည်ဟု လိမ်လည်စည်းရုံးပြီးအနှိပ်ခန်းပို့ဆောင်ရန် ကြံစည်သူများအား အရေးယူ

မန်တုံ ဇွန် ၁

ရှမ်းပြည်နယ် မန်တုံမြို့နယ် ----ကျေးရွာမှ အမျိုးသမီးငယ်သုံးဦးကို လားရှိုးမြို့ မန်ဆူကားဝင်းရှိ စားသောက်ဆိုင်နှင့် ကာရာအိုကေဆိုင်တွင် အလုပ်လုပ်ရမည်ဟု သွေးဆောင်စည်းရုံးပြီး ကာမရယူသော အနှိပ်ခန်းသို့ပို့ဆောင်၍ အကျိုးအမြတ်ရယူရန် ကြံစည်ခဲ့ကြသူများကို မေ ၂၈ ရက်က လားရှိုးမြို့မရဲစခန်းမှ လူကုန်ကူးမှုဖြင့် အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၇ ရက်က မန်တုံမြို့နယ်-----ကျေးရွာ သူကြီးအဖွဲ့မှ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု လားရှိုးသို့လာရောက် ပို့အပ်လာသူ အမျိုးသမီးငယ်သုံးဦးကို သက်သေများရှေ့ တွေ့ဆုံမေးမြန်းခဲ့ရာ မေ ၁၅ ရက်က ----ရွာသို့ လက်သမား၊ ပန်းရန် လာရောက်လုပ်ကိုင်သူ အောင်ကျော်ဦး(ခ)ကျော်ဦး (၂၃နှစ်) သတလ(၁)ရပ်ကွက် နမ္မတူမြို့နယ်နေသူက (၁၆နှစ်)နှင့် (၁၈ နှစ်)အရွယ်ရှိ ညီအစ်မနှစ်ဦးအပါအဝင် အမျိုးသမီးငယ်သုံးဦးကို လားရှိုးမြို့ မန်ဆူကားဝင်းရှိ စားသောက်ဆိုင်နှင့် ကာရာအိုကေဆိုင်များတွင် အလုပ်လုပ်ရမည်။ တစ်လစရိတ်ငြိမ်း ငွေကျပ် ၈၀၀၀၀ ရမည်။ ကြိုတင်တစ်လစာ ထုတ်ပေးမည်။ လမ်းစရိတ်၊ စားစရိတ်များ အကုန်အကျခံကာ၊ ပို့ဆောင်ပေးမည်ဟု ပြောဆိုစည်းရုံးခဲ့ရာ အမျိုးသမီးငယ်သုံးဦးက သဘောတူသဖြင့် မေ ၂၅ ရက် နံနက် ၇ နာရီခန့်တွင် -------ရွာမှ နမ္မတူသို့ အောင်ကျော်ဦးက ဆိုင်ကယ်ဖြင့် ခေါ်ဆောင်ခဲ့ကြောင်း၊ နမ္မတူတွင် ကြည်လင်း(ခ) ကြည်လင်းထွန်းက လာရောက်ကြိုပြီး အမျိုးသမီးငယ်သုံးဦးကို ဆိုင်ကယ်နှစ်စီးဖြင့် လားရှိုးသို့ ဆက်လက်ခေါ်ဆောင်သွားကြောင်း၊ ယင်းနေ့ မွန်းလွဲ ၁ နာရီခန့်က လားရှိုးမြို့ နမ္မတူကားဂိတ်အနီးတွင် အောင်ကျော်ဦးက ကြည်လင်းကို အလုပ်ရှင်ဟု ဖုန်းနံပါတ်ပါသော စာရွက်ပိုင်းတစ်ခု ပေးခဲ့ကြောင်း၊ အောင်ကျော်ဦးက အမျိုးသမီးငယ်တစ်ဦးအား အလုပ်လုပ်မည့်နေရာသို့ ပို့ပေးမည်ဟုဆိုကာ မန်ဆူကားဝင်းရှေ့ရှိ စိမ်းလဲ့ညိုတည်းခိုခန်းသို့ ခေါ်ဆောင်သွားကြောင်း၊ ကာရာအိုကေနှင့် ဘီယာဆိုင်အမည်ခံကာ ဖွင့်လှစ်ထားသော ၎င်းနှင့်ခင်မင်သည့် မသဇင်ပိုင်သည့် အနှိပ်ခန်းတွင် လုပ်ရန်ပြောဆိုကာ သားမယားအဖြစ် အလိုမတူဘဲ ပြုကျင့်ခဲ့ကြောင်း၊ ကျန်အမျိုးသမီးငယ်နှစ်ဦးကိုလည်း တစ်ချိန်တည်းမှာပင် ကြည်လင်းက ရွှေစံပယ်တည်းခိုခန်းသို့ ခေါ်ဆောင်သွားပြီး ၎င်းနှင့်အတူအိပ်ရန်ပြောဆိုကာ သဘောမတူဘဲ ရွာသို့ပြန်ပို့ခိုင်းရာမှ ထိုနေ့တွင်ပင် နမ္မတူသို့ ချက်ချင်းပြန်ပို့ပေးခဲ့ကြောင်း၊ မေ ၂၆ ရက်တွင် ညီအစ်မနှစ်ဦး၏ ပထွေးဖြစ်သူမှ သမီးနှစ်ဦးပျောက်နေ၍ လားရှိုးသို့ သွားရောက်ရှာဖွေရာမှ တည်းခိုခန်း၌ အောင်ကျော်ဦးနှင့် မ----တို့အား တွေ့ရှိကာ ပြန်လည်ခေါ်ဆောင်သွားခဲ့ပြီး ယခုကဲ့သို့ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု လားရှိုးသို့ သွားရောက်တိုင်တန်းခြင်းဖြစ်ကြောင်း သိရသည်။

စစ်ဆေးပေါ်ပေါက်ချက်များအရ မန်တုံမြို့နယ် ----ရွာမှ အမျိုးသမီးငယ်သုံးဦးကို ကားဝင်းရှိ စားသောက်ဆိုင်နှင့် ကာရာအိုကေဆိုင်တွင် အလုပ်ရမည်ဟု လိမ်လည်စည်းရုံးခေါ်ဆောင်ကာ ကာမရယူပြီး ကာရာအိုကေနှင့် ဘီယာဆိုင်အမည်သုံးပြီး ဖွင့်လှစ်ထားသည့် အနှိပ်ခန်းသို့ ပို့ဆောင်၍ အကျိုးအမြတ်ရယူရန် ကြံစည်ခဲ့ကြသော အောင်ကျော်ဦး၊ ကြည်လင်းထွန်း၊ မသဇင်တို့ကို အရေးယူပေးရန် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု လားရှိုးမှ တရားလိုပြုလုပ် တိုင်တန်းသဖြင့် မေ ၂၈ ရက်က လားရှိုးမြို့မရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ကောလင်းမြို့နယ်တွင် ဘိန်းမည်းများသိမ်းဆည်းရမိ

ကသာ ဇွန် ၁

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ် ချောင်းနားရဲကင်းစခန်းအပိုင်တွင် ဘိန်းမည်းများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၃၀ ရက် နံနက် ၈ နာရီက ရဲအုပ်ဇော်ဝင်းသည် ချောင်းနားရဲကင်းစခန်းမှူးတာဝန်ဆောင်ရွက်နေစဉ် ကောလင်းမြို့နယ် လယ်ရင်းတဲကျေးရွာ ပြည်သူ့စစ်များဖြစ်ကြသော ဦးအုန်းကျော်၊ ဦးမောင်ဝင်း၊ ဦးဖိုးဇော်တို့မှ ရဲကိုကိုနှင့် မဝင်းဌေးတို့ကို ဘိန်းမည်းဟုယူဆရသော အမည်းရောင်အစေး ၁၆ ဂရမ်(ထုပ်ပိုးခွံပါ)၊ ကာလတန်ဖိုး ငွေကျပ် ၄၈၀၀၀နှင့်အတူ ရဲကင်းစခန်းသို့ လာရောက်ပို့အပ်ခဲ့သည်။ ရဲအုပ်ဇော်ဝင်းမှ သက်သေများရှေ့၌ စစ်ဆေးရာ ရဲကိုကိုကို မသက်ာဖွယ်ရာတွေ့၍ ရဲစခန်းသို့ပို့ဆောင်မည်ပြုစဉ် ၎င်းသုံးစွဲရန် ဝယ်ထားသော ဘိန်းမည်းထုပ်ကို တည်းခိုနေသည့် အိမ်ရှင် မဝင်းဌေးထံပေးအပ်ထား၍ တောင်းယူပြီးပေးရန်ပြောသဖြင့် ရဲကိုကိုနှင့် ဝင်းဌေးတို့ကို သက်သေခံပစ္စည်းဘိန်းမည်းထုပ်နှင့်အတူ ရဲစခန်းသို့လာရောက်အပ်နှံ အရေးယူတိုင်တန်းခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးဝါး ဘိန်းမည်းနှင့်အတူတွေ့ရှိသူ ရဲကိုကို(၂၀ နှစ်)ဆင်ဦးစီးလှည်းပွဲရွာ ကောလင်းမြို့နယ်နှင့် မဝင်းဌေး (၂၇ နှစ်) လယ်ရင်းတဲရွာ ကောလင်းမြို့နယ်နေသူတို့ကို အရေးယူပေးရန် ရဲအုပ်ဇော်ဝင်းမှ တိုင်ကြားခဲ့ရာ ကောလင်းမြို့မရဲစခန်းက စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ဦးရဲ(ကသာ)**

စစ်ကိုင်းနှင့် မန္တလေးတို့တွင် တရားမဝင်သစ်များဖမ်းဆီးရမိ

စစ်ကိုင်း ဇွန် ၁

မြန်မာနိုင်ငံသည် အဖိုးတန်သယံဇာတများဖြင့် ပေါကြွယ်ဝလျက်ရှိသော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး နိုင်ငံနှင့်ပြည်သူလူထု ဖွံ့ဖြိုးတိုးတက်ရေးများအတွက် အဆိုပါသယံဇာတများအား ထိရောက်စွာအသုံးချ၍ ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ နိုင်ငံတော်၏ အဖိုးတန်သယံဇာတများဖြစ်သော သစ်နှင့် သစ်တောထွက်ပစ္စည်းများကို ဝိသမလောဘသားများ၏ ခိုးထုတ်သယ်ယူနေခြင်းများမှ စဉ်ဆက်မပြတ် ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၁၄ ခုနှစ် မေ ၂ ရက်မှ ၁၁ ရက်အထိ ရှမ်းပြည်နယ်(လားရှိုး) သစ်တောဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဆောင်ပြီး တမူးခရိုင် သစ်တောဦးစီး ဌာန လက်ထောက်ညွှန်ကြားရေးမှူး ပါဝင်သော ပူးပေါင်းရှင်းလင်းဖော်ထုတ်ဖမ်းဆီးရေးအဖွဲ့သည် ထီးချိုင့်မြို့နယ် ထွန်းဦးစခန်းအခြေပြု၍ ထီးချိုင့်မြို့နယ်နှင့် သပိတ်ကျင်းမြို့နယ်တို့တွင် တရားမဝင်သစ်များ ရှာဖွေဖော်ထုတ်ဖမ်းဆီးခဲ့ရာ တရားမဝင်ကျွန်းသစ် ၀ ဒသမ ၄၉၈ တန်၊ ပိတောက်သစ်လုံး၊ တိုင်၊ခွဲသား ၄၀ ဒသမ ၁၁၇၈ တန်၊ ပျဉ်းကတိုး သစ်လုံး၊ တိုင် ၅ ဒသမ ၃၄၆ တန်၊ တမလန်းသစ်လုံး၊ တိုင်၊ ခွဲသား ၁ ဒသမ ၆၉၉၆ တန်၊ အင်ကြင်းသစ်လုံး ၀ ဒသမ ၄၀၈ တန် စုစုပေါင်း ၄၈ ဒသမ ၀၆၉၄ တန်နှင့် ချိန်းဆောသုံးလက်ကို ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသားတစ်ဦး မိုးကြိုးထိမှန် ငါးနှစ်သမီး ကြောက်လန့်သေဆုံး

တပ်ကုန်း ဇွန် ၁

မေ ၂၉ ရက် ညနေ ၄ နာရီ ၁၅ မိနစ်ခန့်က တပ်ကုန်းမြို့နယ်အတွင်း မိုးရွာသွန်းခဲ့ပြီး မကျီးပင်ကျေးရွာအုပ်စု ကြို့ပင်သာကျေးရွာနေ ဦးသိန်းလွင်(၄၇နှစ်)သည် ကွင်းအမှတ် (၁၃၀၀) နွေစပါးစိုက်ခင်းအနီးရှိ ၎င်း၏နွားများရှိရာသို့သွားစဉ် မိုးကြိုးပစ်ခံရ၍ သေဆုံးခဲ့သည်။ ထို့အပြင် မေ ၂၉ ရက် ညနေ ၄ နာရီ ၁၅ မိနစ်ခန့်တွင်လည်း ရွှေးစုကျေးရွာအုပ်စု ရွှေးစုကျေးရွာနေ ဦးထွန်းမြင့်-ဒေါ်ကျင်တို့၏ နေအိမ်ခေါင်တိုင်အား မိုးကြိုးပစ်ခဲ့သဖြင့် အိမ်ခေါင်တိုင်မှာ ကွဲအက်ခဲ့ပြီး အိမ်နီးချင်းနေ ဦးဇော်လင်း-ဒေါ်ကြူကြူဝင်းတို့၏ သမီးဖြစ်သူ မမေကဗျာ (ငါးနှစ်)သည် အဆိုပါ မိုးကြိုးပစ်သံကြောင့် ကြောက်လန့်၍ မေ့မြောသေဆုံးခဲ့ကြောင်း သိရသည်။ **တင်စိုးလွင်**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ဈေးနှုန်းအဆိုပြုလွှာခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းနိုင်ကြောင်း အကြောင်းကြားပါသည်။
(က) Digital Multifunction Copier - 5 Nos
(ခ) Computer - 6 Sets
(ဂ) Lascr Printer - 6 Nos

၂။ ဈေးနှုန်းအဆိုပြုလွှာပုံစံများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နေပြည်တော်ရှိ ရုံးအမှတ်(၁၄)တွင် ၂-၆-၂၀၁၄ ရက်မှစ၍ ဝယ်ယူနိုင်ပြီး ၁၈-၆-၂၀၁၄ ရက် ၁၂း၀၀ နာရီနောက်ဆုံးထား၍ အဆိုပြုလွှာများပေးပို့ပါရန်နှင့် အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၉၀၂၉ နှင့် ၀၆၇-၄၀၉၂၁၅ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ဖောင်းကြွပျောက်
လျှောက်ထားခြင်း

ယာဉ်အမှတ် ၃ခ/၈၆၇၄၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)

ယာဉ်မှတ်ပုံတင်စာအုပ်
မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁က/၃၂၅၅၊ တိုယိုတာ ကိုရိုလာKE74 ၊စတေရှင်ဝက်ဂွန်(4 ×2) R ယာဉ်လက်ဝယ်ရှိသူဒေါ်ချိုကြာရွှေ ၁၃/လရန(နိုင်)၀၅၆၁၉၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တွဲဖက်ပြည်နယ်ရုံး(လားရှိုး)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အားကစားဝန်ကြီးဌာန
အားကစားနှင့်ကာယပညာဦးစီးဌာန
နေပြည်တော်
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အားကစားဝန်ကြီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့၌ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် အောက်ဖော်ပြပါလုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။
(က) နေပြည်တော် ဝဏ္ဏသိဒ္ဓိ (Sport Complex)
အားကစားတက္ကသိုလ်(၁)ခု တည်ဆောက်ခြင်း RC(သုံးထပ်) (၁၁၀၀၀၀ စ/ပေ)၊
(ခ) အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)
(၁) လေ့ကျင့်ရေးသေနတ်ပစ် အဆင့်မြင့်တည်ဆောက်ခြင်း
(ကက) (10 M) သေနတ်ပစ်ကွင်းတည်ဆောက်ခြင်း
(ခခ) (50 M) သေနတ်ပစ်ကွင်းတည်ဆောက်ခြင်း
(ဂဂ) လက်နက်တိုက်တည်ဆောက်ခြင်း(၃၀'×၂၀')
(၂) အမျိုးသား(၃)ထပ်အိပ်ဆောင် RC(၁၈၄'×၄၀') (၁)ဆောင်တည်ဆောက်ခြင်း
(၃) လေ့ကျင့်ရေးအားကစားခန်းမ (၁၂၀'×၆၀') (၂)လုံး (၂)ထပ်ကြမ်းခင်းခြင်း၊ (၃"×၃") Ruber Bush & Nut (1') C/C ထည့်သွင်း၍ ပျဉ်တော့ဆက် (၁)ထပ်၊ လျှာထိုး(၁)ထပ်ခင်းခြင်း
(ဂ) အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)
(၁) ပြေခုန်းပစ်လေ့ကျင့်ရေးကွင်းပြေးလမ်းအား Synthetic Surface ခင်းခြင်း (44464 SFT)
(ကက) (၆")ထုကွန်ကရစ်ခင်းခြင်း
(ခခ) (44464 SFT) AC ကတ္တရာ (၃")ထု ခင်းခြင်း
(ဂဂ) (44464 SFT) (13.4mm) ရာဘာပြေးလမ်းခင်းခြင်း
(ဃဃ) ပြေးခုန်ပစ်လေ့ကျင့်ရေးမီတာ ၄၀၀ ကွင်းအတွင်းပတ်လမ်းရေနုတ်မြောင်း(၁၅၂၀') ဆောင်ရွက်ခြင်း
(ငင) ပြေးခုန်ပစ်လေ့ကျင့်ရေးမီတာ (၄၀၀)ကွင်းပြေးလမ်းအပြင် ကတ်တုံး (၁၇၂၀') ဘေးတွင် (၃') အကျယ်ပလက်ဖောင်းခင်းခြင်း
(၂) လက်ရွေးစင်အားကစားသမားများ လေ့ကျင့်ရေးအားကစားခန်းမ (၁၂၀'×၆၀') (၃) လုံးအား (၂)ထပ်ကြမ်းခင်းခြင်း၊ (၃"×၃")Ruber Bush & Nut (1') C/C ထည့်သွင်း၍ ပျဉ်တော့ဆက်(၁)ထပ်၊ လျှာထိုး(၁)ထပ်ခင်းခြင်း
(၃) အားကစားသမားအိပ်ဆောင် (၃)ထပ် RC (၁)လုံး ဆောက်လုပ်ခြင်း (၁၇၀'×၄၀')

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂-၆-၂၀၁၄ ရက်မှ ၃၀-၆-၂၀၁၄ ရက်ထိ နေ့စဉ် နံနက် ၀၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း အားကစားဝန်ကြီးဌာန၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ ဂိတ် (E)၊ D(23)၊ အားကစားကွင်း/အားကစားရုံဌာနခွဲတွင် တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကို လာရောက်ဆက်သွယ်စုံစမ်းထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၃၀-၆-၂၀၁၄ ရက် နံနက် ၀၉း၃၀နာရီမှ ၁၆း၃၀ နာရီအတွင်း ရုံးအမှတ်(၃၁)၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလကျော်လွန်သော တင်ဒါများကို စဉ်းစားမည် မဟုတ်ပါ။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ဖုန်း-၀၆၇-၄၁၃၈၃၄

အမည်ပြောင်း

ဦးစိုင်းဆမ် ၁၃/နခန(နိုင်)၀၀၄၇၆၆ နှင့် ဒေါ်နန်းခမ်းဟွမ် ၁၃/သနန(နိုင်)၀၂၆၆၄၀ တို့၏သား သိန်းနီမြို့ အခြေခံပညာအထက်တန်းကျောင်း ဒုတိယတန်းမှ စိုင်းစိုင်းဆိုင်မိန်းအား စိုင်းပြည့်ဟိန်းအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန် **စိုင်းပြည့်ဟိန်းအောင်**

အမည်ပြောင်း

ဦးကျော်လွင်နှင့်နန်းစောအုံတို့၏သမီး သိန်းနီမြို့၊ အခြေခံပညာအလယ်တန်းကျောင်း အဋ္ဌမတန်းမှ နန်းယိင်းနွမ်လောဝ်နွဲ့ ၁၃/သနန(နိုင်)၀၅၀၁၈၇ အား နန်းနွမ်လောဝ်နွဲ့ဟု ပြောင်းလဲခေါ်ဆိုပါရန်။
နန်းနွမ်လောဝ်နွဲ့

ရွှေ့ပြောင်းသွားလာ
အလုပ်လုပ်ကိုင်ရာ
ကြိုတင်လေ့လာ
ဘေးကင်းကွာ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ အောက်ဖော်ပြပါအတိုင်း တည်ဆောက်ရေးလုပ်ငန်းများအား ဆောင်ရွက်မည်ဖြစ်ပါ၍ သက်ဆိုင်ရာမြန်မာနိုင်ငံသားပိုင် ဆောက်လုပ်ရေးလိုင်စင်ရကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

စဉ်	တည်နေရာ	ဆောင်ရွက်မည့်လုပ်ငန်း	
၁။	စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၊ ပြည်သူ့ဆေးရုံကြီး	(၁)	-(၂)ထပ်လူနာဆောင်(၁)ဆောင် -ဆက်စပ်လုပ်ငန်းများ
		(၂)	-(၄)ခန်းတွဲ(၄)ထပ်ဝန်ထမ်းအိမ်ရာ -ဆက်စပ်လုပ်ငန်းများ
		(၃)	-(၆)ခန်းတွဲ(၄)ထပ်ဝန်ထမ်းအိမ်ရာ -ဆက်စပ်လုပ်ငန်းများ
၂။	စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်၊ ပြည်သူ့ဆေးရုံကြီး	(၄)	-(၂)ထပ်လူနာဆောင်(၁)ဆောင် -ဆက်စပ်လုပ်ငန်းများ
		(၅)	-(၄)ခန်းတွဲ(၄)ထပ်ဝန်ထမ်းအိမ်ရာ -ဆက်စပ်လုပ်ငန်းများ
		(၆)	-(၆)ခန်းတွဲ(၄)ထပ်ဝန်ထမ်းအိမ်ရာ -ဆက်စပ်လုပ်ငန်းများ
၃။	ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ ပြည်သူ့ဆေးရုံကြီး	(၇)	-(၂)ထပ်လူနာဆောင်(၁)ဆောင် -ဆက်စပ်လုပ်ငန်းများ
		(၈)	-(၄)ခန်းတွဲ(၄)ထပ်ဝန်ထမ်းအိမ်ရာ -ဆက်စပ်လုပ်ငန်းများ
		(၉)	-(၆)ခန်းတွဲ(၄)ထပ်ဝန်ထမ်းအိမ်ရာ -ဆက်စပ်လုပ်ငန်းများ
၄။	ပဲခူးတိုင်းဒေသကြီး၊ နတ္တလင်းမြို့နယ်၊ ပြည်သူ့ဆေးရုံကြီး	(၁၀)	-(၂)ထပ်လူနာဆောင်(၁)ဆောင် -ဆက်စပ်လုပ်ငန်းများ
		(၁၁)	-(၄)ခန်းတွဲ(၄)ထပ်ဝန်ထမ်းအိမ်ရာ -ဆက်စပ်လုပ်ငန်းများ
		(၁၂)	-(၆)ခန်းတွဲ(၄)ထပ်ဝန်ထမ်းအိမ်ရာ -ဆက်စပ်လုပ်ငန်းများ
၅။	ပဲခူးတိုင်းဒေသကြီး၊ ဇီးကုန်းမြို့နယ်၊ ပြည်သူ့ဆေးရုံကြီး	(၁၃)	-(၂)ထပ်လူနာဆောင်(၁)ဆောင် -ဆက်စပ်လုပ်ငန်းများ
		(၁၄)	-ဆေးရုံအုပ်ကြီးနေအိမ် -(၄)ခန်းတွဲ(၄)ထပ်ဝန်ထမ်းအိမ်ရာ -ဆက်စပ်လုပ်ငန်းများ
		(၁၅)	-(၆)ခန်းတွဲ(၄)ထပ် ဝန်ထမ်းအိမ်ရာ -ဆက်စပ်လုပ်ငန်းများ
၆။	မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ပြည်သူ့ဆေးရုံကြီး	(၁၆)	-(၂)ထပ်လူနာဆောင် (၁)ဆောင် -ဆက်စပ်လုပ်ငန်းများ
		(၁၇)	-(၂)ထပ် Imaging Complex (၁)ဆောင် -ဆက်စပ်လုပ်ငန်းများ
၇။	မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ပြည်သူ့ဆေးရုံကြီး	(၁၈)	-ဆေးရုံအုပ်ကြီးနေအိမ် -(၄)ခန်းတွဲ(၄)ထပ်ဝန်ထမ်းအိမ်ရာ -ဆက်စပ်လုပ်ငန်းများ
		(၁၉)	-(၆)ခန်းတွဲ(၄)ထပ်ဝန်ထမ်းအိမ်ရာ -ဆက်စပ်လုပ်ငန်းများ
၈။	နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ခုတင် (၂၀၀)ဆံ့ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများဆေးရုံကြီး	(၂၀)	-(၄)ခန်းတွဲ(၄)ထပ်ဝန်ထမ်းအိမ်ရာ -ဆက်စပ်လုပ်ငန်းများ
		(၂၁)	-(၆)ခန်းတွဲ(၄)ထပ်ဝန်ထမ်းအိမ်ရာ -ဆက်စပ်လုပ်ငန်းများ
၉။	နေပြည်တော်၊ ကျန်းမာရေးဦးစီးဌာန	(၂၂)	-ဆေးသိုလှောင်ရုံ -ဆက်စပ်လုပ်ငန်းများ
၁၀။	ရခိုင်ပြည်နယ်၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာန	(၂၃)	-ပြည်နယ်ကျန်းမာရေးဦးစီးဌာန မှူးရုံး၊ -ဆက်စပ်လုပ်ငန်းများ
		(၂၄)	-(၄)ခန်းတွဲ(၄)ထပ်ဝန်ထမ်းအိမ်ရာ -ဆက်စပ်လုပ်ငန်းများ
		(၂၅)	-(၆)ခန်းတွဲ(၄)ထပ်ဝန်ထမ်းအိမ်ရာ -ဆက်စပ်လုပ်ငန်းများ
၁၁။	ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ခုတင်(၂၀၀)ဆံ့ပြည်သူ့ဆေးရုံကြီး	(၂၆)	- OPD & ED နှင့် လူနာဆောင် (၂)ထပ်ဆောင်(၁)ဆောင် -ဆက်စပ်လုပ်ငန်းများ
၁၂။	ရန်ကုန်တိုင်းဒေသကြီး၊ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန	(၂၇)	-တိုင်းဒေသကြီး ကျန်းမာရေးဦးစီး ဌာနမှူးရုံး -ဆက်စပ်လုပ်ငန်းများ
		(၂၈)	-(၄)ခန်းတွဲ(၄)ထပ်ဝန်ထမ်းအိမ်ရာ -ဆက်စပ်လုပ်ငန်းများ
		(၂၉)	-(၆)ခန်းတွဲ(၄)ထပ်ဝန်ထမ်းအိမ်ရာ -ဆက်စပ်လုပ်ငန်းများ
၁၃။	ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ခုတင်(၂၀၀)ဆံ့ပြည်သူ့ဆေးရုံကြီး	(၃၀)	- OPD & ED နှင့် လူနာဆောင် -(၂)ထပ်ဆောင်(၁)ဆောင် (၂)ထပ် OT Complex (၁)ဆောင် -ဆက်စပ်လုပ်ငန်းများ
		(၃၁)	-(၂)ထပ် Imaging Complex (၁)ဆောင် -(၂)ထပ်လူနာဆောင်(၁)ဆောင် -ဆက်စပ်လုပ်ငန်းများ
		(၃၂)	-ဆေးရုံအုပ်ကြီးနေအိမ် -(၄)ခန်းတွဲ(၄)ထပ်ဝန်ထမ်းအိမ်ရာ -ဆက်စပ်လုပ်ငန်းများ
		(၃၃)	-(၆)ခန်းတွဲ(၄)ထပ်ဝန်ထမ်းအိမ်ရာ -ဆက်စပ်လုပ်ငန်းများ
၁၄။	ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ် ပြည်သူ့ဆေးရုံကြီး	(၃၄)	- OPD & ED နှင့် လူနာဆောင် -(၂)ထပ်ဆောင်(၁)ဆောင်
			-(၂)ထပ်လူနာဆောင်(၁)ဆောင် -ဆက်စပ်လုပ်ငန်းများ
၁၅။	ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်း စံပြပြည်သူ့ဆေးရုံကြီး	(၃၅)	-(၃)ထပ် OT Complex (၁)ဆောင် -ဆက်စပ်လုပ်ငန်းများ
၁၆။	ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ် ပြည်သူ့ဆေးရုံကြီး	(၃၆)	- OPD & ED (၁)ထပ်ဆောင် (၁)ဆောင် -(၂)ထပ်လူနာဆောင်(၁)ဆောင် -ဆက်စပ်လုပ်ငန်းများ
၁၇။	ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာ အထွေထွေရောဂါကုဆေးရုံကြီး	(၃၇)	-(၆)ထပ် OPD & ED ဆောင် (၁)ဆောင် -ဆက်စပ်လုပ်ငန်းများ
၁၈။	ရှမ်းပြည်နယ်၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာန	(၃၈)	-ပြည်နယ်ကျန်းမာရေးဦးစီးဌာန မှူးရုံး -ဆက်စပ်လုပ်ငန်းများ
		(၃၉)	-(၄)ခန်းတွဲ(၄)ထပ်ဝန်ထမ်းအိမ်ရာ -ဆက်စပ်လုပ်ငန်းများ
		(၄၀)	-(၆)ခန်းတွဲ(၄)ထပ်ဝန်ထမ်းအိမ်ရာ -ဆက်စပ်လုပ်ငန်းများ
၁၉။	ရှမ်းပြည်နယ်၊ လားရှိုးမြို့၊ တွဲဖက်ပြည်နယ် ပြည်သူ့ဆေးရုံကြီး	(၄၁)	-(၂)ထပ်လူနာဆောင်(၁)ဆောင် -ဆက်စပ်လုပ်ငန်းများ
		(၄၂)	-ဆေးရုံအုပ်ကြီးနေအိမ် -(၄)ခန်းတွဲ(၄)ထပ်ဝန်ထမ်းအိမ်ရာ -ဆက်စပ်လုပ်ငန်းများ
		(၄၃)	-(၆)ခန်းတွဲ(၄)ထပ်ဝန်ထမ်းအိမ်ရာ -ဆက်စပ်လုပ်ငန်းများ

၂။ အိတ်ဖွင့်တင်ဒါစည်းမျဉ်းစည်းကမ်းအသေးစိတ်နှင့်ပတ်သက်၍လည်းကောင်း၊ ဆောက်လုပ်မည့်အဆောက်အအုံများ၏ ဗိသုကာပုံစံ၊ ဆောင်ရွက်မည့်အတိုင်းအတာ၊ အသေးစိတ်အချက်အလက်များနှင့်ပတ်သက်၍လည်းကောင်း သိရှိလိုပါက နေပြည်တော်၊ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန(ရုံးအမှတ် -၄)၊ ဆောက်လုပ်ရေးဌာနစိတ်တွင် လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်း-၀၆၇-၄၁၁၅၁၁သို့ ဆက်သွယ်၍ဖြစ်စေ မေးမြန်းစုံစမ်းနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများအား အောက်ပါအတိုင်း ရောင်းချသွားမည်ဖြစ်ပါသည်။

အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက်	-	၃-၆-၂၀၁၄ရက် (အင်္ဂါနေ့)
အိတ်ဖွင့်တင်ဒါလက်ခံမည့်ရက်	-	၂၄-၆-၂၀၁၄ရက် (အင်္ဂါနေ့)မှ ၂-၇-၂၀၁၄ ရက် (အင်္ဂါနေ့) ညနေ ၄ နာရီအထိ
တင်ဒါတန်ဖိုး(တစ်စုံ)	-	၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ)
အိတ်ဖွင့်တင်ဒါရောင်းချမည့်နေရာ	-	ဆောက်လုပ်ရေးဌာနစိတ်၊ ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ် (၄)၊ နေပြည်တော်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်

စက်မှုဝန်ကြီးဌာန
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၊ အမှတ် (၁) ဆေးဝါးစက်ရုံ(ရန်ကုန်)၊ အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေးထုတ်လုပ်ရေးဌာနခွဲ အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ခွင့်ပြုငွေပါ အောက်ဖော်ပြပါပစ္စည်းများအား (CIF, YGN) နိုင်ငံခြားငွေ(US$) (သို့မဟုတ်) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
	အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေးထုတ်လုပ်ရေးဌာနခွဲ	
(က)	TOC (Total) Organic Carbon) Analyzer	1 Uiit
(ခ)	Main Fermentor Complete Accessories (50 L)	1 Set
(ဂ)	Ultracentrifuge	2 Sets
(ဃ)	Milli Q Machine	1 Set
(င)	Coldroom Recorder (Temperature Recorder)	7 Units
(စ)	Air Sampler (100L/ min)	1 Unit
(ဆ)	Spare Parts For Fermentor	1 Lot
(ဇ)	Spare Parts For Ultracentrifuge	1 Lot
(ဈ)	Spare Parts For Hight Speed Centrifuge	1 Lot
(ည)	Spare Parts For Autoclave (Double Door)&Dry Oven	1 Lot
(ဋ)	Spare Parts For Tunnel Heater & Ultrasonic WashingMachine	1 Lot
(ဌ)	Spare Parts For Filling Line Machine	1 Lot
(ဍ)	Spare Parts For Carton Printing & Insert Folding Machine	1 Lot
(ဎ)	Spare Parts For Distilling Machine (DI Water & WFI Water)	1 Lot
(ဏ)	Spare Parts For Chiller & Cooling Tower (Century, SRW 150 GG2)	1 Lot

၂။ အမှတ်(၁)ဆေးဝါးစက်ရုံ(ရန်ကုန်)အတွက် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းဆောင်ရွက်လိုပါသည်-

ပစ္စည်းအမျိုးအမည်	အရေအတွက်
မြင်းမွေးမြူရေးစခန်း(မှော်ဘီ) 315 KVA Transformer တပ်ဆင်ခြင်းနှင့် Receiving Unit တည်ဆောက်ခြင်း (11 KVA HT Line (၃၀၀')သွယ်တန်းခြင်း၊ 400 V LT Line (၂၅၀၀') ခန့်သွယ်တန်းခြင်း Capacitor Bank အပါအဝင်)	1 Set

၃။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂-၆-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန်- - ၂-၇-၂၀၁၄ ရက်၊ မွန်းလွဲ ၁၆း၀၀ နာရီ

၄။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူလိုသည့်ပစ္စည်းများ၏ (Technical Specification)များ အသေးစိတ်အချက်အလက်များနှင့်ပတ်သက်၍ အောက်ပါဌာနများတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်)
ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန
နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၂၇၅၊ ၄၀၈၂၇၆
Fax No-၀၆၇-၄၀၈၁၉၅
အမှတ်(၁)ဆေးဝါးစက်ရုံ(ရန်ကုန်)
ဖုန်း-၀၁-၆၄၆၂၇၄

ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀ဘီ၊ မြေကွက်အမှတ် ၅၂၄ အီး/၁၊မြေကွက်တည်နေရာအမှတ် ၁၁/ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ် ဒေါ်ဝင်းမြင့်သန်းအမည်ပေါက်မြေပိုင်အား အမည်ပေါက်ဒေါ်ဝင်းမြင့်သန်း ၁၂/ဗဟန(နိုင်)၀၇၃၄၇၁မှ အမည်ပေါက်စာချုပ်ဖြစ်သော အရောင်းအဝယ်စာချုပ်အမှတ် ၉၀၁/၂၆-၈-၁၉၇၄စာချုပ်ရုံး လက်ခံအမှန်တင်ပြ၍ မှတ်တမ်းထားရှိရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမည်ပြောင်း

စမ်းချောင်းမြို့နယ်၊ အထက(၃)၊ စတုတ္ထတန်းတွင် ပညာသင်ကြားနေသော ဦးချစ်ဝင်းလှိုင်၏သား မောင်ကျော်ကျော်ဟန်အား မောင်သစ်ထူးစံဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်သစ်ထူးစံ**

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၁၊ မြေကွက်အမှတ် ၃၆၂/၁၅၀၄၊ မြေကွက်တည်နေရာ ၃၆၂/၁၅၀၄၊ (၄၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (ဦးအုန်းညွန့် AC-၀၃၂၇၃၃) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအားအမည်ပေါက် ဦးအုန်းညွန့်ထံမှ ပိုင်ဆိုင်ကြောင်းစာချုပ် ၂၃၃၇/၀၆(၂၈-၆-၂၀၀၆)ဖြင့် ဒေါ်လှမြင့် ၁၂/ကမတ(နိုင်)၀၀၉၇၈၀ မှ ပိုင်ဆိုင်ပြီး ဒေါ်လှမြင့်(တရားရုံးကိုယ်စား)ဘိလစ် ဒေါ်လဲ့လဲ့ခိုင်၁၃/တကန(နိုင်)၀၀၃၄၁၉မှ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြို့နယ်တရားရုံး တရားမကြီးမှုအမှတ် ၅၆/၁၄၊၇-၄-၁၄ နှင့် တရားမဇာရီမှုအမှတ် ၅၅/၁၄(၉-၄-၁၄) တို့တင်ပြီး အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ရန်ပြေ၊ မြေကွက်အမှတ် ၁၀၃၁/ခ၊ မြေကွက်တည်နေရာအမှတ် ၁၀၃၁/ခ၊ ရန်ပြေ ၁၇လမ်းအနောက်၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ် (ဦးမြမောင်)အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးမြမောင်(ခင်ပွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်ကျင်လှိုင် ၁၂/သကတ(နိုင်)၀၄၄၁၄၁ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၅၂၂၉/၁၄)ရသူ ဒေါ်ဌေးဌေးဝင်း ၁၂/သကတ(နိုင်)၀၄၀၀၄၈ မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း အကြောင်းကြားစာ
(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး ဒုတိယခရိုင်တရားသူကြီး(၃)ရုံးတော်၌
၂၀၁၄ခုနှစ် တရားမအထွေထွေလျှောက်လွှာအမှတ် -၉၅
ကွယ်လွန်သူ ဦးသိန်းဆွေ၏ ကျန်ရှိရစ်သောပစ္စည်းများအကြောင်း

ဒေါ်လွင်လွင်မော် **လျှောက်ထားသူ**
၁၂/ဗဟန(နိုင်)၀၄၄၃၀၃
အမှတ် (၂၀)၊ အာဇာနည်လမ်း၊
ဆရာစံ (မ/န)ရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

အထက်ဖော်ပြပါလိပ်စာနေ လျှောက်ထားသူ ဒေါ်လွင်လွင်မော်က ကွယ်လွန်သူ ဦးသိန်းဆွေ၏ဇနီးဖြစ်သည်ဟူ၍ အထက်ပါလိပ်စာနေ ကွယ်လွန်သူ ဦးသိန်းဆွေ၌ ကျန်ရှိရစ်သော ပစ္စည်းပိုင်အနက် ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း၊ ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများသူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၄င်းကွယ်လွန်သူ ဦးသိန်းဆွေ၏ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၄ခုနှစ် ဇွန် ၁၀ရက် (၁၃၇၆ ခုနှစ် နယုန်လဆန်း ၁၃ ရက်) နံနက် ၁၀နာရီတွင် လာရောက်ကြရမည်။ ၄င်းရက်တွင် လျှောက်သူ ဒေါ်လွင်လွင်မော်၏လျှောက်ချက်ကို နာကြား၍ လက်မှတ်ရသင့် မရသင့်သည်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ ခုနှစ် မေ ၂၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(စန္ဒာခင်)
ဒုတိယခရိုင်တရားသူကြီး(၃)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ် (၅၄)ရပ်ကွက်၊ ဖွဲ့ကပင် (၁)လမ်း၊ အမှတ် (၆၄၁/ခ)နေ (ဘ)(ဦးထွန်းလှ)(အမိ)ဒေါ်စန်းရွှေ၏သား မောင်သက်နိုင်ဝင်း (ခ)အငယ်လေး ၁၂/ဒဂတ(နိုင်)၀၀၄၁၅၀သည် မိခင်၏ဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင်ပြုလုပ်ခြင်း၊ မိခင်အား အရှက်တကွဲအကျိုးနည်းအောင်ပြုမူခြင်း၊ မိမိသဘောဆန္ဒအလျောက်ပြုမူသွားပါသဖြင့် စသောအပြုအမူများကြောင့် သွာနုတ္တသားအဖြစ် သတ်မှတ်ကာသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၄င်းနှင့်ပတ်သက်သောကိစ္စအားလုံးကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း နောက်နောင် မိခင်ဖြစ်သူအား လာရောက်နှောင့်ယှက်ပါက တရားဥပဒေအရ ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်စန်းရွှေ(မိခင်)
၁၂/ရကန(နိုင်)၀၃၂၉၀၁

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးမြင့်ဦး
(အငြိမ်းစား၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း)
အသက် (၇၂)နှစ်

